# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိမိပြုဖွယ် အမှုကိစ္စ

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ဝိယဝဂ်(ဓမ္မပဒ-၂၁၇)


၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက် | ၂၀၂၁ ခုနှစ်၊ ဩဂုတ် ၁၅ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၀)၊ အမှတ် (၃၁၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှ အောက်ဆီဂျင်အရည်များ တင်သွင်းလာသည့် မော်တော်ယာဉ်များကို တွေ့ရစဉ်။

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို ပိတ်ရက်မရှိ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၄

ပြည်ပမှ ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို စဉ်ဆက်မပြတ် တင်သွင်းနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အများပြည်သူရုံးပိတ်ရက်များတွင်လည်း လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ စဉ်ဆက်မပြတ် တင်သွင်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အောက်ဆီဂျင် (အိုးခွံ) ၃၀ ၊ Oxygen Concentrator ၁၉၄၄ ခု အပါအဝင် မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ မြဝတီ၊ ထီးခီး ကုန်သွယ်ရေးစခန်းများမှ အောက်ဆီဂျင် (အရည်) Bowser ယာဉ်လေးစီးဖြင့် ၇၉ တန်၊ အောက်ဆီဂျင် (အရည်) အိုးဖြင့် ငါးတန်၊ အောက်ဆီဂျင် (ခဲတင်ငွေ့) အိုးဖြင့် တစ်တန်၊ အောက်ဆီဂျင် (အရည်) Storage Container သုံးခု၊ အောက်ဆီဂျင်အိုး (အခွံ) ၉၇၃၈ ခု၊ အိမ်သုံးအောက်ဆီဂျင်စက်(Oxygen Concentrator) ၁၁၇၅ ခု၊ PPE ဝတ်စုံ ၄၀၆၈၀ နှင့်


*စာမျက်နှာ ၅ ကော်လံ ၁* ◆


## ယနေ့ ဖတ်စရာ




ကော့သောင်း - ရနောင်း နယ်စပ်ကုန်စည် ကူးသန်းရောင်းဝယ်မှုအချိန် တိုးမြှင့်ခွင့်ပြု

*ပြည်တွင်းသတင်း* စာ ၃

အကြောင်းအကျိုးအပေါ်က ဆုံးဖြတ်ချက်တစ်ခု

*ဆောင်းပါး* စာ ၆

ကိုဗစ်-၁၉ မျိုးကွဲများနှင့် အနာဂတ်တွင် ဖြစ်နိုင်ဖွယ်ရာများ

*ဆောင်းပါး* စာ ၁၆

“ကိုဗစ်- ၁၉ ကာကွယ်ရေး၊ ပြည်သူအားလုံး ပါဝင်ပေး ” ခေါင်းစဉ်နှင့် “ ကိုဗစ်-၁၉ ကပ်ရောဂါ၊ လက်တွဲညီညာ တိုက်ဖျက်ပါ ” ခေါင်းစဉ်များဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

စာ ၂၃




ကိုဗစ်-၁၉ စည်းကမ်း ချိုးဖောက်သူများကို ဩစတြေးလျဒေါ်လာ ၅၀၀၀ ဒဏ်ငွေချမှတ်မည်

*နိုင်ငံတကာသတင်း* စာ ၁၃

# ယုံယုံကြည်ကြည် ဆက်သွယ်ဝင်ရောက်

စိုးရိမ်စိတ်ဖြင့် ထွက်ပြေးတိမ်းရှောင်ကြသူများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ရေး ဖိတ်ခေါ်လျက်ရှိသည်။ တိမ်းရှောင်နေကြသူများအနေဖြင့် ကိုယ်တိုင်ဖြစ်စေ၊ မိဘဆွေမျိုးသားချင်းများမှတစ်ဆင့်ဖြစ်စေ ဆက်သွယ်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင်ရှိသည့် ရဲတပ်ဖွဲ့ဝင်များထံ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို ထုတ်ပြန်ကြေညာထားခဲ့ရာ ယုံယုံကြည်ကြည်ဖြင့် ဆက်သွယ်လာကြသည်ကိုလည်း တွေ့ရသည်။ ဆက်သွယ်လာသူများနှင့် ပတ်သက်သည့် မှုခင်းများကို ရဲတပ်ဖွဲ့ရှိ မှုခင်းမှတ်တမ်းများနှင့် တိုက်ဆိုင်စိစစ်ပြီး ဖြေလျှော့ပေးရမည့်အချက်များနှင့် ကိုက်ညီသူများကို အမှုများပိတ်သိမ်းပေးနေပြီဖြစ်သည်။

ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ပြီးနောက် NLD ပါတီဝင်များ၊ ယင်းပါတီကို ထောက်ခံသူ အစွန်းရောက်များ၊ အကြမ်းဖက်အဖွဲ့များနှင့် ၎င်းတို့၏ သွေးထိုးလှုံ့ဆော်မှုကြောင့် CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့ကြသူများ၊ ပြည်တွင်းပြည်ပမှ အဖျက်အမှောင့်အုပ်စုအဖွဲ့အစည်းများ၊ ပြည်ပ အထောက်အပံ့ခံ ဒေါ်လာစားမီဒီယာများက နိုင်ငံပြိုကွဲပျက်စီးစေရန် ဦးတည်သည့် လှုံ့ဆော်စည်းရုံးမှုများကို လူမှုကွန်ရက်စာမျက်နှာများပေါ်မှ တစ်ဆင့် ပြုလုပ်ခဲ့ကြသည်။ မြန်မာပြည်သူများ သုံးစွဲမှုများပြားသည့် ဖေ့စ်ဘုတ် လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် သတင်းတု၊ သတင်းမှားများ၊ မဟုတ်မမှန် သတင်းအချက်အလက်များ ပလူပျံနေပြီး စက်ရုံ အလုပ်ရုံ၊ ရုံးဌာနများ၊ ကုမ္ပဏီအဖွဲ့အစည်းများ၊ ရပ်ကွက်၊ ကျေးရွာများတွင်လည်း အတင်းအဓမ္မစည်းရုံးမှုများ၊ ခြိမ်းခြောက်မှုများ၊ အုပ်စုဖွဲ့ အနိုင်ကျင့်မှုများ ဖုံးလွှမ်းနေခဲ့သည်။

အကြမ်းဖက်သမားတို့က ဒီမိုကရေစီကို အကြောင်းပြခဲ့သော်လည်း သဘောထားကွဲလွဲခြင်း၊ ကြားနေခြင်းစသည်တို့ အပါအဝင် မတူကွဲပြားမှုတို့ကို ရန်သူအဖြစ် သတ်မှတ်သည်။ သူလျှိုဒလန်အဖြစ် စွပ်စွဲသည်။ သံပုံးတီးချိန်တွင် မတီးသူသည်လည်းကောင်း၊ တစ်အိမ်တစ်ယောက်ဆင်းခိုင်း ထွက်ခိုင်းပြီး မဆင်းမထွက်လျှင်လည်းကောင်း၊ သဲအိတ်ထွက်မထမ်း၊ ကင်းထွက်မစောင့်၊ ရန်ပုံငွေမထည့်လျှင်လည်းကောင်း အုပ်စုဖွဲ့၍ ရန်မူသည်။ ဆေးရုံဆေးခန်းသို့သွားသည့် ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရုံးဌာနများသို့သွားသည့် ဝန်ထမ်းများ၊ ကျောင်းသို့သွားသည့် ကျောင်းဆရာဆရာမများ အရှက်ခွဲခံရသည်။ ရိုက်နှက်ထိုးခုတ်ခံရသည်။ သတ်ဖြတ်ခံရသည်။ ဆန္ဒပြတောင်းဆိုမှုမှသည် အဆင့်ဆင့်တက်ကာ လက်နက်ကိုင် အကြမ်းဖက်မှုအဆင့်ထိ ထကြွသောင်းကျန်းမှုများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဖယ်ရှားရှင်းလင်းခြင်း၊ ဖြိုခွင်းခြင်းတို့ မဖြစ်မနေပြုလုပ်ရသည့်အခါ ပါဝင်ခဲ့ကြသူတို့ ထွက်ပြေးတိမ်းရှောင်ကြသည်။

ထွက်ပြေးတိမ်းရှောင်ကြသူများတွင် လူသတ်မှု၊ လုယက်မှု၊ မိုင်းခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်မှု၊ ဝန်ထမ်းများနှင့် ပြည်သူများကို တိုက်ခိုက်မှု၊ အစိုးရပိုင်/ ပုဂ္ဂလိကပိုင် အဆောက်အအုံများကို ဖျက်ဆီးမှု၊ စက်ရုံအလုပ်ရုံများ၊ အုပ်ချုပ်ရေးမှူးရုံးများကို မီးရှို့မှု၊ CDM လှုပ်ရှားမှုတွင် နက်နက်ရှိုင်းရှိုင်း ကာယကံမြောက်ပါဝင်မှုပြုခဲ့ကြသူများရှိသလို စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင် အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများလည်း ပါရှိသည်။ ၎င်းတို့အနက်မှ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေသူများအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာပါက ၎င်းတို့အပေါ် ရေးဖွင့်ထားသည့် အမှုများကို ဥပဒေနှင့်အညီ ပိတ်သိမ်း၊ ရုပ်သိမ်းပေးနေပြီဖြစ်ရာ ဩဂုတ် ၄ ရက်မှ ၁၂ ရက်အထိ ၂၂၇ ဦး ဆက်သွယ်လာသည့်အနက် ၁၅၀ တို့၏ အမှုကို ရုပ်သိမ်းပေးပြီးပြီဖြစ်သည်။ ကျန်အမှုများကိုလည်း အမြန်ပိတ်သိမ်းပေးနိုင်ရေး ဆက်လက်စိစစ်နေသည်။

ကျန်းမာရေး၊ ပညာရေးအပါအဝင် အလွှာစုံမှ တိမ်းရှောင်နေသူများ ဥပဒေဘောင်အတွင်း ဆက်လက်ဝင်ရောက်လာကြမည်ဟု မျှော်လင့်မိသည်။ တစ်ဖက်တွင်လည်း နိုင်ငံတော်က စေတနာထား၍ ဆောင်ရွက်ပေးသည့် အစီအစဉ်ကို ဖျက်လိုဖျက်ဆီးပြု၊ ဟန့်တားနှောင့်ယှက်မှုများလည်း ရှိနေမည်ဖြစ်ရာ သတိတရားဖြင့် ရှောင်ရှားရင်း အမှောင်မှ အလင်းသို့၊ ဥပဒေပြင်ပမှ ဥပဒေ၏ အဝန်းအဝိုင်းအတွင်းသို့ လျှောက်လှမ်းဝင်ရောက်နိုင်ပါစေကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲ ဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာ ခင်မောင်ဇော်<br>ဒုတိယပါမောက္ခချုပ်<br>စစ်တွေတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>စစ်တွေတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) | ပါမောက္ခဒေါက်တာမျိုးသက်တင်<br>ဒုတိယပါမောက္ခချုပ် (စီမံ)<br>ဆေးတက္ကသိုလ် (မန္တလေး)<br>ကျန်းမာရေးလူ့စွမ်းအား<br>အရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဆေးတက္ကသိုလ်(မန္တလေး)<br>ကျန်းမာရေးလူ့စွမ်းအား<br>အရင်းအမြစ် ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

# မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်

**နေပြည်တော် ဩဂုတ် ၁၄**

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင်တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။

မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ ပဲများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၄**

နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်/ တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦးနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်ရှိ ရွှေလင်ပန်းတောင်မနင်းဆီ တောရဘုန်းတော်ကြီးကျောင်းနှင့် ဖိတ်ဖိတ်ရောင် ဓမ္မလင်္ကာရသာသာယာကုန်း ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ကျောင်းတိုက်များရှိ ဝါဆိုသံဃာတော်များ ဆွမ်း၊ ကွမ်း အခက်အခဲ မရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းခဲ့သည်။



နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် လတ်တလောဖြစ်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါကြောင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ဝါဆိုသံဃာတော်များ ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် စာသင်တိုက်များ၊ ပရဟိတကျောင်းများသို့ ဆက်ကပ်လှူဒါန်းလျက်ရှိသည့်အပြင် ဒေသအသီးသီးရှိကိုဗစ်-၁၉စင်တာများသို့လည်း လိုအပ်သော ဆေးဝါးနှင့် အင်အားဖြည့်အစားအစာများ ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အသိပေးကြေညာခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကိုဗစ်-၁၉ရောဂါကူးစက်မှုကို ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် ဩဂုတ်လ ၁၆ ရက်နေ့မှ ဩဂုတ်လ ၂၂ ရက်နေ့အထိ တစ်ဆက်တစ်စပ်တည်း အများပြည်သူအလုပ်ပိတ်ရက်ရှည်အဖြစ် ကြေညာခဲ့ပါသည်။

၂။ အများပြည်သူအလုပ်ပိတ်ရက်ရှည်အတွင်း ကိုဗစ်-၁၉ရောဂါကာကွယ် ကုသရေးဆိုင်ရာ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ပြတ်တောက်မှုမရှိစေရန်အတွက် တင်သွင်းခြင်းကိစ္စရပ်များအား (ရေကြောင်း/လေကြောင်း/နယ်စပ်) လမ်းကြောင်းများမှတစ်ဆင့် လွယ်ကူလျင်မြန်စွာ အခက်အခဲမရှိ တင်သွင်းနိုင်ရန်အတွက် အကောက်ခွန်ဦးစီးဌာနအနေဖြင့် ပိတ်ရက်မရှိ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး Deposit များ လုံလောက်စွာ ပေးသွင်းထားရန် လိုအပ်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**

# တောင်ကြီးမြို့နယ်၌ အသက်၆၅နှစ်အထက် အဘိုးအဘွားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး

**တောင်ကြီး ဩဂုတ် ၁၄**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရန် ကျန်ရှိသည့် အသက်၆၅နှစ်အထက် အဘိုးအဘွားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinopharm ထိုးနှံပေးခြင်းကို ယနေ့ နံနက် ၉ နာရီက ရှမ်းပြည်နယ်အားကစားရုံ၌ ပြုလုပ်သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Sinopharm များ ထိုးနှံရာတွင် တောင်ကြီးမြို့နယ်အတွင်းရှိ အသက်၆၅နှစ်အထက် အဘိုးအဘွား ၅၁၄ ဦးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ညွှန်ကြားချက်များနှင့်အညီ ကျန်းမာရေးဝန်ထမ်းများက စနစ်တကျ ထိုးနှံပေးပြီး ကာကွယ်ဆေးထိုးရန် ကျန်ရှိနေသော အသက်၆၅နှစ်အထက် အဘိုးအဘွားများကိုလည်း ဩဂုတ် ၁၅ရက်တွင် ဆက်လက် ထိုးနှံပေးမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

စိုင်းသန်းကျော်(တောင်ကြီး)

# Oxygen များကို စနစ်တကျထိန်းသိမ်း၍ ဖြန့်ဝေပေး

ပြည်ပမှ ဝင်ရောက်လာသည့် Oxygen များကို စနစ်တကျထိန်းသိမ်း၍ ဖြန့်ဝေပေးနိုင်ရေးအတွက် စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့တွင် လိုအပ်နေသည့် Test kit များကို တပ်မတော်ရဟတ်ယာဉ်ဖြင့် အမြန်ဆုံး ပို့ဆောင်ပေးသွားရန်လိုကြောင်း၊ ဟိုတယ် Quarantine များအတွက် လိုအပ်သည့် SOP ကို တိတိကျကျ ထုတ်ပြန်ပေးသွားရန်နှင့် လုံလောက်သည့် ဆေးအကာအကွယ်နှင့် အောက်ဆီဂျင်ရရှိရေးအတွက် ဌာနများအချင်းချင်း ပေါင်းစပ်ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၃-၇-၂၀၂၁ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

# ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ပန်းခင်းစီမံချက် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး မီဒီယာဆိုင်ရာ ဘက်ပေါင်းစုံ အသုံးပြုဆောင်ရွက်ရန် မှာကြား

**နေပြည်တော် ဩဂုတ် ၁၄**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် အီလက်ထရွန်နစ်စနစ်ဖြင့် လူဦးရေမှတ်ပုံတင်ခြင်းစနစ် (e-IDစနစ်) လုပ်ငန်းဆိုင်ရာ ရှင်းလင်းဆွေးနွေးခြင်းကို ဩဂုတ် ၁၃ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ယာပုံ)**



ရှေးဦးစွာ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မှုံရွှေရည်က အီလက်ထရွန်နစ် စနစ်ဖြင့် လူဦးရေ မှတ်ပုံတင်စနစ် (e-IDစနစ်) သိကောင်းစရာများ၊ ကမ္ဘာ့နိုင်ငံတချို့၌ ကျင့်သုံးနေသည့် e-ID စနစ်များ၊ e-ID စနစ်နှင့် ပတ်သက်၍ လေ့လာဆန်းစစ်တွေ့ရှိချက်များနှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက e-ID လုပ်ငန်းစနစ်အား စနစ်တကျ လေ့လာသုံးသပ်ကာ မိမိတို့ဌာနက ဆောင်ရွက်နေသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်း လုပ်ငန်းနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် စဉ်းစားလေ့လာသုံးသပ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ e-ID လုပ်ငန်းစနစ်သည် e-Government စနစ်၏ အခြေခံအကျဆုံး လုပ်ငန်းဖြစ်ပြီး နောက်ပိုင်းတွင် အခြားသောဝန်ဆောင်မှု စနစ်များနှင့် ချိတ်ဆက် ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်မျှော်တွေး ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ မိမိတို့ဌာနလုပ်ငန်းများသည် နိုင်ငံတော်လုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားတို့နှင့် ဆက်စပ် သက်ဆိုင်နေသည့်အတွက် အားလုံးက အလေးထားဂရုပြုဆောင်ရွက်ကြရန်နှင့် e-ID စနစ် လုပ်ငန်းစဉ် အကောင်အထည်ဖော်နိုင်ရေး အတွက် အသေးစိတ် ပြန်လည်ဆွေးနွေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ယနေ့နံနက်ပိုင်းတွင် ပန်းခင်းစီမံချက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ကာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် မီဒီယာကဏ္ဍဖော်ဆောင်ရေး ညှိနှိုင်းအစည်းအဝေးကိုကျင်းပရာ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးက ပန်းခင်းစီမံချက် ဆောင်ရွက်ရာ၌ ပြည်သူလူထု အသိပေးခြင်းလုပ်ငန်းကို ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပန်းခင်းစီမံချက်သည် နိုင်ငံသားများ၏ လူမှုဘဝ ပြည့်စုံနိုင်ရေးအတွက် မရှိမဖြစ် လိုအပ်သည့် နိုင်ငံသားအထောက်အထားတစ်ခုဖြစ်မှု၊ ယင်းလုပ်ငန်းစဉ်သည် ပြည်သူ့အကျိုးအတွက် ဆောင်ရွက်ပေးရသည့် လုပ်ငန်းဖြစ်သည်နှင့်အညီ ပြည်သူများသိရှိနားလည်ပြီး လိုက်ပါပူးပေါင်း ဆောင်ရွက်နိုင်ရေး အတွက် နည်းလမ်းများ ရှာကြံ တွေးတော ဆောင်ရွက်နိုင်ရေး၊ မီဒီယာကဏ္ဍတွင် Online ၊ Offline တို့ဖြင့် ဘက်ပေါင်းစုံ အသုံးပြု ဆောင်ရွက်သွားရေးနှင့် လူမှုကွန်ရက်တို့မှ ထပ်ဆင့် ဖော်ပြအသိပေးနိုင်ရေး၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ဒေသအာဏာပိုင်များ၊ တိုင်းရင်းသား အဖွဲ့အစည်းများ၊ လူမှုရေး အဖွဲ့အစည်းများသို့ ဆက်သွယ်၍ လုပ်ငန်းအခြေအနေများကို အသိပေးရှင်းလင်းတင်ပြချပြနိုင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကော့သောင်း - ရနောင်း နယ်စပ်ကုန်စည်ကူးသန်းရောင်းဝယ်မှုအချိန် တိုးမြှင့်ခွင့်ပြု

**ကော့သောင်း ဩဂုတ် ၁၄**

ကမ္ဘာနှင့်အဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုကြောင့် ရောဂါကူးစက်မှု ထိန်းချုပ်နိုင်ရန် ကော့သောင်း(မြန်မာ) - ရနောင်း (ထိုင်း)နယ်စပ် ကုန်စည်ကူးသန်းရောင်းဝယ်မှု အချိန်ကန့်သတ်ချက်များကို ထိုင်းနိုင်ငံ ရနောင်းမြို့ ဒေသအာဏာပိုင်များက နှစ်နိုင်ငံ ကုန်စည်ကူးသန်းရောင်းဝယ်ခွင့်အချိန် အနည်းငယ်တိုးမြှင့် ဖြေလျှော့ပေးကြောင်း ဩဂုတ် ၁၃ ရက်က သိရသည်။

**အချိန်တိုးမြှင့်သတ်မှတ်**

ကိုဗစ်-၁၉ ရောဂါကူးစက်မှု စတင်ဖြစ်ပွားစဉ်ကာလကတည်းက မြန်မာ-ထိုင်း နှစ်နိုင်ငံ နယ်စပ်ဒေသတစ်ခုဖြစ်သည့် ကော့သောင်း-ရနောင်း နယ်စပ်ကူးသန်းသွားလာမှုကို ပိတ်သိမ်းထားခဲ့ပြီး ဒေသတွင်းပြည်သူများ စားဝတ်နေရေးအခက်အခဲများ အဆင်ပြေစေရန် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို အချိန်အကန့်အသတ်ဖြင့် ထိုင်းနိုင်ငံဘက်မှ ခွင့်ပြုရောင်းဝယ်မှုများ ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ ကော့သောင်းမြို့၏ အဓိက ရေထွက်ကုန် ငါး၊ ပုစွန်များကို ထိုင်းနိုင်ငံ ရနောင်းဆိပ်ကမ်းတွင် ရောင်းချရာတွင် လည်းကောင်း၊ ကော့သောင်းဘက်မှ နေ့စဉ်အသီးအရွက်နှင့် စားသုံးကုန်ပစ္စည်းများ သွားရောက်ဝယ်ယူရာတွင် လည်းကောင်း ငါးရောင်းလှေနှင့် ကုန်ပစ္စည်းသယ်ယူပို့ဆောင်နေသော လှေကြီး လှေငယ်များကို နေ့စဉ် နံနက် ၆ နာရီမှ မွန်းလွဲ ၁ နာရီအတွင်းသာ ရောင်းဝယ်ခွင့်ပြုထားရာ အချိန်လုံလောက်မှုမရှိသဖြင့် ကုန်စည်ကူးသန်းရောင်းဝယ်သူများ အခက်အခဲ ဖြစ်ပေါ်လျက်ရှိသဖြင့် ထိုင်းနိုင်ငံ ရနောင်းမြို့ ဒေသအာဏာပိုင်များက နှစ်နိုင်ငံ အခြေခံလူတန်းစားများ၊ ကုန်စည်ကူးသန်းရောင်းဝယ်သူများ လုပ်ငန်းအဆင်ပြေစေရန် နံနက် ၆ နာရီမှ ညနေ ၆ နာရီ အထိ ကုန်စည်ကူးသန်းရောင်းဝယ်မှုလုပ်ငန်းများကို အချိန်တိုးမြှင့်သတ်မှတ်ဖြေလျှော့ပေးလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

**တင်းကျပ်စွာတားမြစ်ထား**

ကိုဗစ်-၁၉ ရောဂါကူးစက်မှု နှစ်နိုင်ငံပြည်သူများ အပြန်အလှန်မဖြစ်ပွားစေရန် ကုန်စည်ပို့ဆောင် ရောင်းဝယ်သူများ၊ လှေလုပ်သားများကိုမူ ထိုင်းနိုင်ငံ ဆိပ်ကမ်းပေါ်သို့ တက်ရောက်ခွင့်မပြုဘဲ ကုန်စည်ပို့ဆောင်သည့် လှေပေါ်တွင်သာ နေထိုင်ရောင်းဝယ်ကြရန် တင်းကျပ်စွာ တားမြစ်ထားကြောင်းလည်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**



ကော့သောင်းနယ်စပ်မှ ရေထွက်ကုန်ပစ္စည်းများ တင်ပို့နေမှုကို တွေ့ရစဉ်။

# ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်နေသည့်ကာလအတွင်း ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၄**

ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ အစိုးရ၊ တပ်မတော်နှင့် ပုဂ္ဂလိကပိုင် ဒေသတွင်းစိုက်ပျိုးမွေးမြူရေးနှင့် အခြားလူသုံးကုန်လုပ်ငန်းများ ကုန်ထုတ်လုပ်မှု ရာနှုန်းပြည့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆိုပါနေရာများသို့ သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများသည် တိုက်ကြီးမြို့နယ် ရင်းတိုက်ကွင်းကျေးရွာအုပ်စုရှိ အဆင့်မြင့်လယ်ယာအထွက်တိုးစပါးစိုက်ခင်းနှင့် ဥတိုစိုက်ပျိုးမွေးမြူရေးစခန်းရှိ ကြက်မွေးမြူရေးခြံတို့ကို လည်းကောင်း၊ မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာရှိ အသားစားနွားမွေးမြူရေးခြံများနှင့် မှော်ဘီမြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်လျက်ရှိသည့် လှိုင်မြစ်-လှော်ကား ရေအားဖြည့်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းခွင်နှင့် ရေတွန်းစက်ရုံ



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုးနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေတို့ ဥတိုစိုက်ပျိုးမွေးမြူရေးစခန်းရှိ ကြက်မွေးမြူရေးခြံအား ကြည့်ရှုစစ်ဆေးစဉ်။



တည်ဆောက်ရေးလုပ်ငန်းခွင်တို့ကို လည်းကောင်း အသီးသီးသွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုများ ဖြစ်ပေါ်ခဲ့ပြီး ဈေးကွက်အတွင်းရောင်းချရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ စိုက်ခင်းများမှသီးနှံများကို နယ်မြေခံ တပ်မတော်သားများက ဝယ်ယူပေးလျက်ရှိရာ ဩဂုတ် ၁၃ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ် ယာပြင်ကျေးရွာနှင့် လားရှိုးမြို့ အမှတ်(၁၀) ရပ်ကွက်တို့ရှိ ဒေသခံပြည်သူများ၏ စိုက်ခင်းများမှ ဟင်းသီးဟင်းရွက်များနှင့် သီးနှံများကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ဝယ်ယူအားပေးခဲ့ပြီး **(ဝဲပုံ)** အဆိုပါ ဝယ်ယူခဲ့သည့် သီးနှံများကို လားရှိုးမြို့နှင့် လောက်ကိုင်မြို့တို့ရှိ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်၊ ပြီးစီးသည့် စင်တာများတွင် စနစ်တကျ လက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၄**

ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိရာ ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာ မြို့နယ်များ၌ Quarantine Center များကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်-၁၉ ရောဂါ အထောက်အကူပြုပစ္စည်းများ၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် အလှူငွေများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ညနေ ၇ နာရီအထိ နေပြည်တော်စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၁၉၂ ဦးနှင့် အမျိုးသမီး ၁၅၅ ဦး စုစုပေါင်း ၃၄၇ ဦးကို လည်းကောင်း၊ ဥတ္တရသီရိမြို့နယ်ရှိ နယ်မြေခံတပ်၌ ခတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား ၁၉ ဦး၊ အမျိုးသမီး ခုနစ်ဦး၊ စုစုပေါင်း ၂၆ ဦးတို့ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ခတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား ၂၀၂ ဦးနှင့် အမျိုးသမီး ၁၆၁ ဦး စုစုပေါင်း ၃၆၃ ဦးကို လည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ခတ်ခွဲအတည်ပြု ပိုးတွေ့ လူနာအမျိုးသား ၆၄ ဦးနှင့် အမျိုးသမီး ၃၄ ဦး၊ စုစုပေါင်း ၉၈ ဦးကို လည်းကောင်း အသီးသီး လက်ခံထားရှိကြောင်း သိရှိရသည်။

အထက်ပါ စောင့်ကြည့်လူနာများနှင့် ခတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေ့ထိုင်စားသောက်ရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## "အသိပေးကြေညာချက်"

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်

၁။ အများပြည်သူရုံးပိတ်ရက်များအဖြစ် သတ်မှတ်ကြေညာထားသော ၁၆-၈-၂၀၂၁ မှ ၂၂-၈-၂၀၂၁ ရက်အထိ ရုံးပိတ်ရက်များတွင် နယ်စပ်ကုန်သွယ်ရေးစခန်းများအနေဖြင့် လုပ်ငန်းတာဝန်များရပ်ဆိုင်းထားမည်မဟုတ်ဘဲ ပုံမှန်အတိုင်း ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး COVID-19 ကူးစက်ရောဂါ ကာကွယ် ကုသရေးပစ္စည်းများ တင်သွင်းမှုများကိုလည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးသွားမည်ဖြစ်ပါသည်။

၂။ အဆိုပါရက်များတွင်လည်း ကုန်သွယ်ရေးဦးစီးဌာန (ရုံးချုပ်) ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲနှင့် ပို့ကုန် သွင်းကုန်ရုံး(ရန်ကုန်) တို့မှ Online စနစ်ဖြင့် ပို့ကုန်၊ သွင်းကုန်လိုင်စင်လျှောက်ထားမှုများကို ရုံးချိန်အတွင်း ပုံမှန်အတိုင်းခွင့်ပြုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## ဇန်းမော်မြို့ သိန်လင်ချောင်းနှင့် ဇရစ်ကန်အတွင်း ငါးမျိုးစိုက်ထည့်

**ဇန်းမော် ဩဂုတ် ၁၄**

ရေရှည်စဉ်ဆက်မပြတ် ငါးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ ငါးရိက္ခာဖူလုံစေရန်၊ ငါးသယံဇာတများ တိုးပွားလာစေရန် ရည်ရွယ်၍ ဇန်းမော်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြသိန်း ဦးဆောင်သည့် ဇန်းမော်မြို့နယ် ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေးကော်မတီအဖွဲ့တို့သည် ဩဂုတ် ၁၂ ရက်တွင် သိန်လင်ချောင်းအတွင်းသို့ ဇန်းမော်ငါးလုပ်ငန်းစခန်းမှ ထုတ်လုပ်သော နှစ်လက်မအောက်ခံအရွယ်ရှိ ငါးမြစ်ချင်းအကောင်ရေ ၃၀၀၀၀ နှင့် ငါးခုံးမကြီးသားပေါက်အကောင်ရေ ၁၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးပြီး ဩဂုတ် ၁၃ ရက်တွင် ဇရစ်ကန်ဆည်အတွင်းသို့ နှစ်လက်မအောက်ခံအရွယ်ရှိ ငါးမြစ်ချင်းအကောင်ရေ ၃၀၀၀၀ နှင့် ငါးခုံးမကြီးငါးသားပေါက်အကောင်ရေ ၁၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် စေတနာ့ဝန်ထမ်းများအား ကျန်းမာရေးအာမခံစာချုပ်နှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

မကွေး ဩဂုတ် ၁၄

**မကွေးတိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ တိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်းများအား ကျန်းမာရေးအာမခံစာချုပ်နှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ်လ ၁၃ ရက် မွန်းလွဲ ၃ နာရီက မကွေးမြို့ မြို့တော်ခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင့်လွင် တက်ရောက်၍ တိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်းများအား ကျန်းမာရေး အာမခံစာချုပ်နှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့သည်။ (ယာပုံ)**



အခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင့်လွင်က လက်ရှိ ကိုဗစ် -၁၉ ရောဂါသည် သဘာဝဘေးအမျိုးအစားဖြစ်သည့်အတွက် မိမိအသိစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင်လာသည့်အတွက် တိုင်းဒေသကြီးအနေဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ လူမှုရေးအသင်းအဖွဲ့များ၏ စိတ်စေတနာကို တုံ့ပြန် ဂုဏ်ပြုသည့်အနေဖြင့် စေတနာ့ဝန်ထမ်းများအား Premium ကျန်းမာရေး အာမခံ ပြုလုပ်ပေးခြင်း ဖြစ်ကြောင်း၊ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းနှင့် ပတ်သက်ပြီး အသင်းအဖွဲ့ မှတ်ပုံတင်ပြုလုပ်လိုသူများအနေဖြင့်သက်ဆိုင်ရာ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်များသို့ လိုအပ်သည့် အချက်အလက်များနှင့် အတူ သွားရောက် လျှောက်ထားနိုင်ကြောင်း၊ လက်ရှိတွင် နေ့စဉ် စေတနာ့ဝန်ထမ်းများ အတွက် စားသောက်စရိတ် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ထောက်ပံ့ ပေးအပ်ခဲ့ပြီး နောက်ထပ်လည်း ထောက်ပံ့ပေးရန် ရှိပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေး လုပ်ငန်းတာဝန်များ အချိန်နှင့် တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စေတနာ့ဝန်ထမ်း ဗဟိုကွပ်ကဲရေးစင်တာအား ဖွင့်လှစ်ထားရှိပြီး မြို့နယ်များအလိုက် Call Centre များနှင့်လည်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း၊ စိန်ခေါ်မှုများ အမျိုးမျိုး ကြုံတွေ့နေရသည့် ကိုဗစ်တတိယလှိုင်းကို တွန်းလှန်ကျော်လွှားနိုင်ရန် ရည်ရွယ်ချက်တူညီစွာဖြင့် ပရဟိတလုပ်ငန်းများကို လုပ်ကိုင်နေကြသည့် NGO အဖွဲ့များ အချင်းချင်း ဆက်သွယ်ပြီး အကူအညီတောင်းခံနိုင်ကြောင်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့်လည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး မြန်မာ့အာမခံလုပ်ငန်း လက်ထောက်မန်နေဂျာ ဦးစိုးငြိမ်းက ကျန်းမာရေး အာမခံစာချုပ်များ ပြုလုပ်ခြင်း လုပ်ငန်းစဉ်များနှင့် အာမခံစာချုပ်များ ထားရှိခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ငါးခရိုင်မှ စေတနာ့ဝန်ထမ်း ၅၇၆ ဦးအတွက် ကျန်းမာရေး အာမခံစာချုပ်များ ပေးအပ်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများက စေတနာ့ဝန်ထမ်းများအတွက် PPE ဝတ်စုံများ၊ လက်အိတ်များ၊ Mask ဘူးများ၊ Hand Gel များနှင့် Body Bag များ ထောက်ပံ့ပေးအပ်ခဲ့သည်။

**မောင်ညီညာ(မကွေး)**

---

◆ *ရှေ့ဖုံးမှ*

နှာခေါင်းစည်း (Mask) ၃၇ တန် တင်သွင်းနိုင်ခဲ့သည်။ အထက်ပါ ပစ္စည်းများကို ကုမ္ပဏီ ၂၀ မှ ယာဉ်စီးရေ ၅၄ စီးဖြင့် တင်သွင်းလာခြင်းဖြစ်သည်။

ဩဂုတ်လအတွင်း ယာဉ်စီးရေ ၈၀၃ စီးဖြင့် အောက်ဆီဂျင် (အရည်) Bowser ယာဉ်ဖြင့် ၇၄၃ တန်၊ အောက်ဆီဂျင်(အရည်)အိုးဖြင့် ၁၇၁ တန်၊ အောက်ဆီဂျင် (ဓာတ်ငွေ့) အိုးဖြင့် ၇၂ တန်၊ အောက်ဆီဂျင် (အရည်) Storage Container ခုနစ်ခု၊ အောက်ဆီဂျင် (အရည်) Distributor ခြောက်ခု၊ အောက်ဆီဂျင်(အိုးခွံ) ၉၉၆၀၁ ခု၊ Oxygen Plant ၂၂ ခု၊ အောက်ဆီဂျင်(Generator) ၁၀ ခု၊ အိမ်သုံး အောက်ဆီဂျင်စက် (Oxygen Concentrator) ၇၀၅၀၄ ခု၊ Test Kit ၁၅၀၂၆၈ ခု၊ PPE ဝတ်စုံ ၄၇၃၀၁၂ စုံ၊ လက်အိတ် ၇၂ တန်နှင့် နှာခေါင်းစည်း (Mask) ၉၈၃ တန် တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။



ကန့်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးစခန်းမှ အောက်ဆီဂျင်အရည်အိုးများ တင်သွင်းလာစဉ်။

၂၀၂၁ ခုနှစ် ဇူလိုင် ၁ ရက်မှ ယနေ့အထိ ယာဉ်စီးရေ ၁၆၁၄ စီးဖြင့် အောက်ဆီဂျင် အရည် (Bowser)ယာဉ်ဖြင့် တန် ၁၅၇၀ ၊ အောက်ဆီဂျင် အရည် (အိုးဖြင့်) ၇၃၈ တန်၊ အောက်ဆီဂျင် ဓာတ်ငွေ့(Bowser) ယာဉ်ဖြင့်ကိုးတန်၊ အောက်ဆီဂျင် ဓာတ်ငွေ့(အိုးဖြင့်) ၁၈၆ တန်၊ Storage Container ခုနစ်ခု၊ အောက်ဆီဂျင် (အရည်) Distributor ခြောက်ခု၊ အောက်ဆီဂျင်(အိုးခွံ) ၁၄၀၀၉၂ ခု၊ Oxygen Plant ၃၀ ၊ ဆေးရုံသုံးအောက်ဆီဂျင်ဖြည့်စက် လေးခု၊ အောက်ဆီဂျင်ဖြည့်ကိရိယာ နှစ်စုံ၊ Oxygen Generator ၂၁ ခု၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၁၃၉၆၅၀၊ Test Kit ၄၇၃၁၄၆ ခု၊ PPE ဝတ်စုံ ၆၅၆၀၃၇ စုံ ၊ လက်အိတ် ၈၈ တန်နှင့် နှာခေါင်းစည်း (Mask) ၂၂၆၁ တန် တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

၂၀၂၁ ခုနှစ် ဇူလိုင် ၁ ရက်မှ ယနေ့အထိ ပြည်ပမှ တင်သွင်းလာသည့် အောက်ဆီဂျင်အရည် (Bowser) ယာဉ် စုစုပေါင်း ၇၆ စီးတွင် ရန်ကုန်မြို့သို့ ၅၈ စီး ၊ မန္တလေးမြို့ သို့ ၁၁ စီး၊ ပဲခူးမြို့သို့ နှစ်စီး၊ မော်လမြိုင်မြို့သို့ လေးစီး၊ သထုံမြို့သို့ တစ်စီး ဖြစ်ကြောင်း သိရသည်။ Oxygen Plant စုစုပေါင်း ၃၀ မှာ လားရှိုးမြို့သို့ ငါးခု ၊ ရန်ကုန်မြို့သို့ လေးခု၊ ပဲခူးမြို့သို့ လေးခု ၊ မန္တလေးမြို့သို့ သုံးခု၊ ပခုက္ကူမြို့သို့ နှစ်ခု ၊ ဘားအံမြို့သို့ နှစ်ခု၊ မော်လမြိုင်မြို့သို့ နှစ်ခု၊ တောင်ကြီး၊ သံဖြူဇရပ်၊ မကွေး၊ ထားဝယ်၊ ဝါးခယ်မ၊ မြစ်သား၊ ကျောက်ပန်းတောင်းမြို့နှင့် မိုးကောင်းမြို့များသို့ တစ်ခုစီဖြစ်ကြောင်း သိရှိရသည်။

ကိုဗစ်-၁၉ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြတ်လပ်မှုမရှိစေရန် အများပြည်သူရုံးပိတ်ရက်များအဖြစ် သတ်မှတ်ကြေညာထားသည့် ဩဂုတ် ၁၆ ရက်မှ ၂၂ရက်အထိ ရုံးပိတ်ရက်များတွင်လည်း နယ်စပ်ကုန်သွယ်ရေးစခန်းများအနေဖြင့် အလုပ်တာဝန်များ ရပ်ဆိုင်းထားမည်မဟုတ်ဘဲ ပုံမှန်အတိုင်း ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ ကူးစက် ရောဂါ ကာကွယ်ကုသရေးပစ္စည်းများ တင်သွင်းမှုများကိုလည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးမည်ဖြစ်ပြီး အဆိုပါရက်များတွင် ကုန်သွယ်ရေးဦးစီးဌာန(ရုံးချုပ်) ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲနှင့် ပို့ကုန်သွင်းကုန်ရုံး (ရန်ကုန်) တို့မှ အွန်လိုင်းစနစ်ဖြင့် ပို့ကုန်သွင်းကုန်လိုင်စင် လျှောက်ထားမှုများကိုလည်း ရုံးချိန်အတွင်း ပုံမှန်အတိုင်း ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဩဂုတ် ၁၃ ရက်နေ့စွဲဖြင့် အသိပေးကြေညာချက်ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ် – ၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေးပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီလိုအပ်ပါကလည်း သက်ဆိုင်ရာ တာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် ဌာနများအလိုက် ဆက်သွယ်မေးမြန်းနိုင်သည့် တာဝန်ခံ (Contact Person) များနှင့် အသိပေးကြေညာချက်များကိုလည်း ဝန်ကြီးဌာန Website ဖြစ်သည့် Commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း သိရသည်။

**သတင်းစဉ်**






နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တစ်ဆင့် အောက်ဆီဂျင်အရည် သယ်ဆောင်လာသည့် မော်တော်ယာဉ်များကို တွေ့ရစဉ်။

# အကြောင်းအကျိုးအပေါ်က ဆုံးဖြတ်ချက်တစ်ခု

မောင်မျိုးအောင် (ပန်းရော)

**ယခုကာလအတွင်း လူမှုကွန်ရက်နှင့် အချို့သတင်းမီဒီယာများတွင် ပျံ့နှံ့နေသည့် မြန်မာနိုင်ငံနှင့်ပတ်သက်၍ သတင်းများကိုဖတ်လိုက်ရသည်။ သတင်းအရေအတွက်များသည့်တိုင် သတင်းအချက်အလက်မှာ တစ်ခုတည်းဟု ဆိုရမည်ဖြစ်သည်။ စက်တင်ဘာလတွင်ကျင်းပမည့် ကုလသမဂ္ဂအထွေထွေညီလာခံ၌ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ခေတ္တထိန်းသိမ်းထားသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဖွဲ့စည်းသည့် အိမ်စောင့်အစိုးရ၏ကိုယ်စားလှယ်နှင့် နိုင်ငံကို Fail State သို့ရောက်ရှိအောင်လုပ်ဆောင်မှုများကြောင့် အကြမ်းဖက်အဖွဲ့အဖြစ်သတ်မှတ်ကြေညာခြင်းခံထားသော NUG အဖွဲ့မှကိုယ်စားလှယ် မည်သည့်ကိုယ်စားလှယ်ကို အသိအမှတ်ပြု၍ အစည်းအဝေးတက်ရောက်စေမည်နည်းဟု အမေးစကားဖြင့် သတင်းမျိုးစုံကိုတွေ့ရသည်။ UN က မည်သည့်ကိုယ်စားလှယ်ကို အသိအမှတ်ပြုမည်နည်း။ တစ်ဖက်က တရားဝင်အစိုးရကိုယ်စားလှယ်၊ တစ်ဖက်က ပြည်ပြေးမတရားအသင်းအစိုးရကိုယ်စားလှယ်၊ ဆုံးဖြတ်မည်က နိုင်ငံတကာအရေးမျက်နှာမလိုက်၊ နိုင်ငံတစ်ခု၏ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်သည့် ပဋိညာဉ်ကိုလက်ကိုင်ထားသော ကမ္ဘာ့ကုလသမဂ္ဂ တစ်နည်းဆိုရသော် တရားမျှတသောအဖွဲ့အစည်းဟူသည့် ဂုဏ်ဒြပ်ဖြင့်ပြည့်စုံသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ စိတ်ဝင်စားစရာကောင်းလှ၏။**

> **“ လက်ရှိ အုပ်ချုပ်နေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဖွဲ့စည်းသည့် “အိမ်စောင့်အစိုးရ” သည် တရားဝင်အစိုးရဖြစ်၏။ ဥပဒေများကို လက်မှတ်ရေးထိုးပြဋ္ဌာန်းနိုင်သည့် နိုင်ငံတော်အကြီးအကဲရှိခြင်း၊ အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးနိုင်သည့် အစိုးရအဖွဲ့အကြီးအကဲနှင့် အစိုးရအဖွဲ့ဝင်များ၊ တရားစီရင်ရေး အာဏာကျင့်သုံးနိုင်သည့် နိုင်ငံတော်တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်တို့ဖြင့် ပြည့်စုံစွာဖွဲ့စည်းထားခြင်းတို့ကြောင့် ခိုင်မာသည့်အစိုးရအဖွဲ့အစည်းတစ်ရပ်ဖြစ်သည်ကို ဥပဒေကြောင်းအရသော် လည်းကောင်း၊ ကျစ်လျစ်ခိုင်မာသည့် ဖွဲ့စည်းတည်ဆောက်ပုံအရသော်လည်းကောင်းမည်သို့မျှ ငြင်းဆိုနိုင်၍ မရ”**

နိုင်ငံတကာစံနှုန်းအရ သတ်မှတ်ထားသောနယ်မြေ၊ ပြည်သူလူထု၊ ၎င်းလူ့အဆောက်အဦကို စည်းကမ်းတကျ လုံခြုံဘေးကင်းစွာ နေနိုင်အောင် ကြပ်မတ်ပေးသည့်အစိုးရ၊ ၎င်းနိုင်ငံ၊ လူမျိုး၊ အစိုးရ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် နိုင်ငံတကာက နိုင်ငံတစ်ခုအဖြစ်အသိအမှတ်ပြုမှု စသည်တို့ ပြည့်စုံလျှင် အဆိုပါ နိုင်ငံသည် နိုင်ငံတစ်ခု၏ ဂုဏ်အင်္ဂါ၊ နိုင်ငံတစ်ခု၏ ဥပဓိရုပ်ရှိသော နိုင်ငံဖြစ်လာရပေသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးသည် အဆိုပါ အင်္ဂါရပ်များနှင့် ကိုက်ညီသဖြင့် လွတ်လပ်သောနိုင်ငံတစ်ခု၏ ဂုဏ်ပုဒ်ရှိသည့်အပြင် အပြည်ပြည်ဆိုင်ရာ ဥပဒေစံနှုန်းညီသည့် နိုင်ငံတစ်ခု၏ ဥပဓိရုပ်နှင့်လည်း လုံးဝကိုက်ညီပေသည်။

## အစိုးရတစ်ရပ်သည် မရှိမဖြစ်လိုအပ်

ထိုအင်္ဂါရပ်များနှင့် ကိုက်ညီသော နိုင်ငံတစ်ခုအတွက် အစိုးရတစ်ရပ်သည် မရှိမဖြစ် လိုအပ်ပါသည်။ လက်ရှိ မြန်မာနိုင်ငံတော်ကို အုပ်ချုပ်နေသည်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှဖွဲ့စည်းသည့် အိမ်စောင့်အစိုးရပင်ဖြစ်သည်။ ထိုသို့ အုပ်ချုပ်မှုဖြစ်ပေါ်လာခြင်းကို ဖြစ်တည်လာသော ကွင်းဆက်များအား ချိတ်ဆက်သုံးသပ်ပြီး ဘက်ပေါင်းစုံက ရှုမြင်နိုင်မှသာ ပကတိအခြေအနေကို တွေ့မြင်ရမည်ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှု၊ သံသယဖြစ်ဖွယ် အခြေအနေများအပေါ် တပ်မတော်အနေဖြင့် ပွင့်လင်းမြင်သာစွာ စိစစ်တွေ့ရှိချက်များ ထုတ်ပြန်ခြင်း၊ သဘောထားထုတ်ပြန်ခြင်း၊ တပ်မတော်သတင်းစာရှင်းလင်းပွဲများတွင် ရှင်းလင်းပြသခြင်းတို့ လုပ်ဆောင်ခဲ့သည်။ အလားတူပင် နိုင်ငံရေးပါတီ ၂၀ ခုမှလည်း ရွေးကောက်ပွဲဆိုင်ရာ မဲမသမာမှုပြုနိုင်သည်များကို ဖြေရှင်းပေးရန်နှင့် တတိယအကြိမ် လွှတ်တော်ကို ဆိုင်းငံ့ထားရန် တောင်းဆိုခဲ့သည်။ ထို့အတူ ၁၀-၁၁-၂၀၂၀ ရက်မှ ၂၉-၁-၂၀၂၁ ရက်အထိ ရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်များအပေါ် မြို့နယ် ၉၉ မြို့နယ်၌ ဆန္ဒဖော်ထုတ်မှု ၁၂၄ ကြိမ်အထိ ပြုလုပ်လာခဲ့သည်။

## အခြေခံအကြောင်းတရား

NLD ပါတီအစိုးရနှင့် ရွေးကောက်ပွဲကော်မရှင်တို့သည် မိမိဇာတ်မိမိမနိုင်ဘဲ အလွန်အကျွံမဲမသမာမှုပြုလုပ်ခြင်းသည် အခြေခံအကြောင်းတရားဖြစ်၏။ ၎င်းပြဿနာကို ရွေးကောက်ပွဲကော်မရှင်က ဖြေရှင်းမပေးခြင်း၊ သမ္မတထံတင်ပြသော်လည်း သမ္မတကလျစ်လျူရှုခြင်း၊ အုပ်ချုပ်ရေးမဏ္ဍိုင်ဖြင့် မဆောင်ရွက်နိုင်သည့်အတွက် အရေးပေါ်လွှတ်တော်ခေါ်ပေးရန် ဥပဒေနှင့်အညီ တောင်းဆိုသော်လည်း ဥပဒေပြုရေးမဏ္ဍိုင်က ငြင်းပယ်ခဲ့ခြင်း၊ နည်းလမ်းတစ်သွယ်အဖြစ် တရားရေးမဏ္ဍိုင်သို့ စာချွန်တော်တင်ပြခဲ့ရခြင်း၊ တပ်မတော်အနေဖြင့် နောက်ဆုံးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီခေါ်ပေးပါရန် သမ္မတထံတင်ပြခဲ့သော်လည်း သမ္မတက တာဝန်ပျက်ကွက်ခဲ့ခြင်းတို့မှာ ဆက်စပ်အကြောင်းတရားများဖြစ်၏။ NLD ပါတီအစိုးရသည် မဲပြဿနာ နောက်ကြောင်းအား မဖြေရှင်းဘဲ တတိယအကြိမ်လွှတ်တော် ပထမအစည်းအဝေးခေါ်၍ အစိုးရဖွဲ့ရန် ခေါင်းမာစွာကြိုးပမ်းခြင်းမှာ လတ်တလောဖြစ်ပေါ်သည့် အကြောင်းတရားဖြစ်၏။ ထိုအကြောင်းတရားများကြောင့် ၁-၂-၂၀၂၁ ရက်တွင် တပ်မတော်က ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၄၁၇-၄၁၈) တို့အရ နိုင်ငံတော်အား အရေးအပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို မလွှဲမရှောင်သာ တာဝန်ယူထိန်းသိမ်းခဲ့ရသည့် အကျိုးတရားပေါ်ပေါက်လာခြင်းဖြစ်၏။ တပ်မတော်က နိုင်ငံတော်၏ အာဏာအရပ်ရပ်အား တာဝန်ယူပြီးနောက် လွှတ်တော်အားလုံးနှင့် ဦးစီးအဖွဲ့များ၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများမှာ ဥပဒေကြောင်းအရ ရပ်ဆိုင်းသွားပြီးဖြစ်ပါသည်။ ၎င်းအပြင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲရလဒ်အရဖြစ်ပေါ်ခဲ့သည့် လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များသည် လက်ရှိအခြေအနေ၌ တရားဝင်မှု၊ အကျိုးသက်ရောက်မှုတစ်စုံတစ်ရာ ရှိတော့မည်မဟုတ်ပေ။ သို့သော် ယခင်လွှတ်တော်ကိုယ်စားလှယ်အချို့သည် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ CRPH ဟူ၍ တရားမဝင် အဖွဲ့အစည်းတစ်ခုဖွဲ့စည်းပြီး သဘောထားထုတ်ပြန်ချက်များ၊ ကြေညာချက်များ ထုတ်ပြန်ကာ စင်ပြိုင်အစိုးရသဖွယ် လုပ်ကိုင်နေသည်ကို တွေ့ရပေသည်။

## တရားဝင်အစိုးရ

မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေနှင့်အညီ နိုင်ငံတော်၏ တာဝန်အရပ်ရပ်အား ထိန်းသိမ်းထားသည့် အစိုးရသည်သာလျှင် တရားဥပဒေကြောင်းအရ တရားဝင်အစိုးရ ဖြစ်သည်။ “အစိုးရဆိုသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝှမ်းလုံးတွင် မည်သည့်အရပ်၌မဆို၊ ဥပဒေအရ အုပ်ချုပ်မှုအာဏာရရှိသူ တစ်ဦးဦးကိုဖြစ်စေ၊ အများကိုဖြစ်စေ ဆိုလိုသည်။ (The word “Government ” donates the person or persons authorized by law to admister executive government in any part of the Union of Myanmar) ”ဟု ပြည်ထောင်စုမြန်မာနိုင်ငံဥပဒေ၊ အတွဲ-၈ (Myanmar Code, Volume 8)ရှိ Penal Code ပုဒ်မ-၁၇ တွင် တိတိကျကျ ပြဋ္ဌာန်းထားပါသည်။ ထို့ကြောင့် လက်ရှိ အုပ်ချုပ်နေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီမှ ဖွဲ့စည်းသည့် “အိမ်စောင့်အစိုးရ” သည် တရားဝင်အစိုးရဖြစ်၏။ ဥပဒေများကို လက်မှတ်ရေးထိုး ပြဋ္ဌာန်းနိုင်သည့် နိုင်ငံတော်အကြီးအကဲရှိခြင်း၊ အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးနိုင်သည့် အစိုးရအဖွဲ့အကြီးအကဲနှင့် အစိုးရအဖွဲ့ဝင်များ၊ တရားစီရင်ရေး အာဏာကျင့်သုံးနိုင်သည့် နိုင်ငံတော်တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်တို့ဖြင့် ပြည့်စုံစွာဖွဲ့စည်းထားခြင်းတို့ကြောင့် ခိုင်မာသည့်အစိုးရအဖွဲ့အစည်းတစ်ရပ်ဖြစ်သည်ကို ဥပဒေကြောင်းအရသော် လည်းကောင်း၊ ကျစ်လျစ်ခိုင်မာသည့် ဖွဲ့စည်းတည်ဆောက်ပုံအရသော် လည်းကောင်း မည်သို့မျှ ငြင်းဆိုနိုင်၍ မရပေ။

ယခင် လွှတ်တော်ကိုယ်စားလှယ်အချို့ဖြင့်ဖွဲ့စည်းထားသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ CRPH သည် ဖေဖော်ဝါရီလ ၉ ရက်တွင် ကြေညာချက်အမှတ် (၂/၂၀၂၁) ကို လူမှုကွန်ရက် စာမျက်နှာတွင်ဖြန့်ဝေ၍ လှုံ့ဆော်မှုများ ပြုလုပ်ခဲ့သည်။ ဌာနအသီးသီးမှ ပြည်သူ့ဝန်ထမ်းများ ရုံးမတက်ဘဲ CDM (Civil Disobedience Movement) တွင် အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ကြရန်လှုံ့ဆော်ခဲ့သည်။ ၎င်းအပြင် CDM လှုပ်ရှားမှုဖြင့် ဝန်ထမ်းကောင်းများအား တာဝန်ထမ်းဆောင်မှုမှ ပျက်ကွက်စေခြင်းနှင့် အုပ်ချုပ်မှုယန္တရားပျက်ပြား၍ ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်လာအောင် သွေးထိုးမြှောက်ပင့်မှုများကို ဖန်တီးလာခဲ့ကြပါသည်။ နိုင်ငံ၏ အရေးကြီးအခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသော ပညာရေး၊ ကျန်းမာရေးဝန်ထမ်းများကို အဓိကထား၍ CDM လှုပ်ရှားမှုကိုဆောင်ရွက်စေခဲ့ခြင်းဖြစ်ရာ ၎င်းတို့အနေဖြင့် ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေးကို မည်မျှအထိ ထိခိုက်စေလိုသည်၊ ပြည်သူလူထုကို မည်မျှအထိ ပစ်ပယ်လျစ်လျူရှုခဲ့သည်ကို သိသာနိုင်ပေသည်။

## နယ်ရုပ်များ

၎င်းအပြင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပညာသင်ကြားမှုကို ခေတ္တရပ်နားနေရသည့် ကျောင်းသား၊ ကျောင်းသူများနှင့် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းခွင်အသီးသီးမှ လူငယ်၊ လူရွယ်များကို Generation-Z အမည်တပ်ပေးပြီး အကြမ်းဖက်ဆူပူမှုများကို လုပ်ဆောင်လာစေရန်လည်း မြှောက်ပင့် ပေးခြင်း၊ ထောက်ပံ့ပေးခြင်းတို့ဖြင့် ဆောင်ရွက်ခဲ့သည်။ Generation-Z အမည်တပ်ခံထားရသော လူငယ်ထုမှာ နောက်ကွယ်မှ နိုင်ငံရေးသမားများ၏ ကြိုးကိုင်ခြယ်လှယ်မှုဖြင့် နယ်ရုပ်များသဖွယ်

*စာမျက်နှာ ၇ သို့*

**NUG နှင့် PDF တို့၏လှုံ့ဆော်အားပေးမှုကြောင့် ဒေသန္တရကာကွယ်ရေးတပ်ဖွဲ့ဟု အမည်တပ်ကာ လက်နက်ကိုင်အကြမ်းဖက်သည့်လုပ်ဆောင်မှုများ နိုင်ငံတစ်ဝန်းပေါ်ပေါက်လာခဲ့ရပါသည်။ ထို့ကြောင့် ၂၀၂၁ ခုနှစ်၊ မေလ ၈ ရက်တွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ မတရားအသင်းအဖြစ်ကြေညာထားသည့် CRPH ၊ ၎င်းကဖွဲ့စည်းထားသော NUG ၊ ၎င်းကဖွဲ့စည်းထားသော PDF နှင့် ၎င်းတို့၏ လက်အောက်ခံအဖွဲ့အစည်းအားလုံးကို အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာခဲ့ပါသည်။ CRPH အဖွဲ့အနေဖြင့် ၎င်းတို့၏ အဓိကရည်မှန်းချက်ဖြစ်သည့် နိုင်ငံတော်အာဏာကိုရယူနိုင်ရေးကြိုးပမ်းမှုမှာ ရိုးသားသည့် နိုင်ငံရေး လမ်းကြောင်းအတိုင်းမဟုတ်ဘဲ ဖြတ်လမ်းနည်းဖြင့် အချောင်ရယူရေးပင်ဖြစ်**

*စာမျက်နှာ ၆ မှအဆက်*

အသုံးချခံလိုက်ရသည်မှာ စိတ်မကောင်းဖွယ်ဖြစ်သည်။ အချို့နိုင်ငံများတွင် ဖြစ်ပေါ်ခဲ့သော CDM လှုပ်ရှားမှုများမှာ လူ့ဂုဏ်သိက္ခာကျဆင်းအောင်ပြုမူခြင်း၊ အကြမ်းဖက်ခြင်း၊ သတ်ဖြတ်ခြင်းတို့ပါဝင်မှုမရှိဘဲ အစိုးရတစ်ရပ်တည်းကိုသာ အကျပ်အတည်းဖြစ်စေရန် ရည်ရွယ်လှုပ်ရှားကြခြင်းဖြစ်သည်။ မိမိတို့နိုင်ငံအတွင်း လုပ်ဆောင်ခဲ့သော CDM လှုပ်ရှားမှုမှာ ခြိမ်းခြောက်၊ အကျပ်ကိုင်၊ ဖိအားပေးမှုများ၊ ကိုယ်ထိလက်ရောက်ကျူးလွန်မှုများ၊ Social Punishment ခေါင်းစဉ်ဖြင့် အပြစ်မဲ့ဝန်ထမ်းများနှင့် သာမန်ပြည်သူများအား လူထုကြားတွင် အရှက်ရစေရန် နည်းလမ်းမျိုးစုံသုံး၍ ဆောင်ရွက်ခဲ့သည့်အပြင် လူအုပ်စုဖြင့် အနိုင်ကျင့်သတ်ဖြတ်သည်အထိ လုပ်ဆောင်ခဲ့သည်ကို ရင်နင့်ဖွယ်တွေ့ရှိရပါသည်။ ထိုလုပ်ရပ်များသည် မြန်မာ့ယဉ်ကျေးမှုအရသာမက ကမ္ဘာကလည်း လက်မခံနိုင်သည့်ကိစ္စရပ်များ ဖြစ်သကဲ့သို့ လူ့အခွင့်အရေးစံနှုန်းများကို ဆိုးရွားစွာဖောက်ဖျက်ကျူးလွန်နေသည့် ကိစ္စရပ်များပင်ဖြစ်သည်။

### ဒီမိုကရေစီ၏ အနှစ်သာရ

ဒီမိုကရေစီ၏ အနှစ်သာရမှာ မတူကွဲပြားမှုများအား လက်ခံ၍ ၎င်းမတူကွဲပြားမှုကိုပင် အင်အားအဖြစ်စုစည်းပြီး ငြိမ်းငြိမ်းချမ်းချမ်း ညီညီညွတ်ညွတ်ဖြင့် အောင်မြင်မှုရအောင် စုပေါင်းဆောင်ရွက်ခြင်းပင်ဖြစ်သည်။ မတူညီသည့်သဘောထားအမြင်များကို ဆွေးနွေးညှိနှိုင်းသည့်နည်းဖြင့် အဖြေရှာရန်သာ ဖြစ်ပါသည်။ မိမိဆန္ဒနှင့်ကိုက်ညီမှုမရှိတိုင်း ကိုယ်နှင့်မတူကိုယ့်ရန်သူကဲ့သို့သဘောထားပြီး ပြုမူလုပ်ဆောင်မှုများသည် ဒီမိုကရေစီနှင့်ကိုက်ညီမှုမရှိကြောင်းကို တွေ့မြင်ရပေသည်။ CRPH ၏ ခြေလှမ်းများကို လေ့လာကြည့်ရာတွင် ပြည်သူများအား သတင်းအချက်အလက်အမှားများဖြင့် မှိုင်းတိုက်ခဲ့သည်ကို တွေ့ရှိရ၏။ CDM ကြောင့်နစ်နာခဲ့သည့် ပြည်သူလူထု၏ အခက်အခဲများကို မသိကျိုးကျွံပြု၍ အစိုးရယန္တရားရပ်တန့်သွားပြီး CDM လုပ်ဆောင်မှု အောင်မြင်ကြောင်း၊ ၎င်းတို့ ဖွဲ့စည်းထားသည့် CRPH နှင့် NUG တို့သည် တိုင်းရင်းသားလက်နက်ကိုင်များနှင့် ဆွေးနွေးလျက်ရှိပြီး မကြာမီဖက်ဒရယ် တပ်မတော်ပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ ၎င်းတို့အား နိုင်ငံတကာမှအသိအမှတ်ပြု၍ ဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း၊ ၎င်းတို့ဘက်မှ နိုင်ငံတကာတပ်များ ပါဝင်ပြီး မြန်မာ့တပ်မတော်ကို တိုက်ခိုက်တော့မည်ဖြစ်၍ ရိက္ခာ၊ ဆေးဝါးနှင့် ရရာလက်နက်များ ကြိုတင်စုဆောင်းထားရန်လိုအပ်ကြောင်း စသည်ဖြင့် အကြောင်းအရာများစွာအား ကောလာဟလမှိုင်းတိုက်၍ လုပ်ဆောင်ခဲ့သည်။

၎င်းတို့၏ နိုင်ငံအတွက် အပျက်သဘောဆောင်ပြုမူမှု၊ ဝါဒဖြန့်မှုများသည် တရားဥပဒေနှင့်အညီဆောင်ရွက်နေပြီး ပွင့်လင်းမြင်သာစွာ ဖွဲ့စည်းထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား စွပ်စွဲပြစ်တင်ခြင်း၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ အရေးယူပေးနိုင်ရန်ဟူ၍ပင် မိမိတို့ နိုင်ငံအား နိုင်ငံတကာဖိအားပေး၍ ပြည်သူများ အတိဒုက္ခရောက်ရှိစေခြင်း၊ ရရှိပြီးသားနိုင်ငံတော်တည်ငြိမ်မှု၊ အေးချမ်းမှု၊ သာယာဝပြောမှုတို့ကို ဖျက်ဆီးခြင်းဟု ယူဆရမည်ဖြစ်၏။ CRPH နှင့် NUG တို့သည် ၎င်းတို့ အာဏာရရှိရေးတစ်ခုကိုသာ ရှေးရှုပြီးလုပ်ဆောင်နေသည့် ဒီမိုကရေစီအမည်ခံပါတီဝင်များနှင့် လူတစ်စုဖြင့် ဖွဲ့စည်းထားသည့်အတွက် ပြည်သူနှင့် နိုင်ငံတော်ကို ဖျက်ဆီးရန် ကြံစည်သည့် အဖွဲ့အစည်းများအဖြစ်လည်း မှတ်ယူရမည် ဖြစ်ပါသည်။

> ❖ **ဒီမိုကရေစီစနစ်အားခိုင်မာစေရန်နှင့် တိုင်းပြည်တိုးတက်စေရန်အတွက် ပညာတတ်များစွာ ရှိရန်လိုအပ်၏။ အဆင့်မြင့်ပညာရပ်များ လက်တွေ့ကျကျအားပေးရန်လိုအပ်ပြီး အသိပညာရှင်၊ အတတ်ပညာရှင်များစွာ မွေးထုတ်ပေးရန်လိုအပ်သည်။ နိုင်ငံအတွင်း နိုင်ငံ့လူဦးရေ သုံးပုံတစ်ပုံခန့်သည် ပညာရေးနှင့်အလှမ်းဝေးလာသဖြင့် ပညာရေးခါးဆက်မပြတ်စေရန် ကျောင်းများပြန်လည်ဖွင့်လှစ်ကာ ပညာရည်မြှင့်တင်ရေးအား ကြိုးစားဆောင်ရွက်လျက်ရှိသည်။ တစ်ဖက်ကလည်း NUG အနေဖြင့် ထိုအခြေအနေများကို မျက်ကွယ်ပြုပြီး တိုင်းပြည်၏အနာဂတ်ပျက်စီးစေမည့် အဖျက်လုပ်ငန်းများအား တစိုက်မတ်မတ်လုပ်ဆောင်လျက်ရှိ**

ထိုသို့နိုင်ငံအတွင်းတည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုတို့ကို ပျက်ပြားစေသည့် လုပ်ဆောင်မှုများကြောင့် ပြည်ထဲရေးဝန်ကြီးဌာနမှ ၂၀၂၁ ခုနှစ် မတ်လ ၂၂ ရက်စွဲဖြင့် တရားမဝင်ဖွဲ့စည်းထားသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH) နှင့် ဆက်စပ်သူများ၊ အဖွဲ့အစည်းများကို မတရားအသင်းအဖြစ် သတ်မှတ်ကြေညာခဲ့ပါသည်။ ၎င်းအပြင် အဆိုပါအဖွဲ့များ၏ လှုံ့ဆော်အားပေးမှုကြောင့် နိုင်ငံတော်အတွင်း အကြမ်းဖက်မှုများစွာဖြစ်ပေါ်ခဲ့ရပါသည်။ ထိုအဖွဲ့များ၏ဦးဆောင်သူများက လှုံ့ဆော်အားပေးမှုကြောင့် အစိုးရ၏အုပ်ချုပ်ရေးယန္တရားပျက်ပြားစေရန် ဗုံးခွဲခြင်း၊ မီးရှို့ခြင်း၊ လူသတ်ခြင်း၊ ခြိမ်းခြောက်ခြင်းများ ဖြစ်ပေါ်လာခဲ့ပါသည်။ NUG အဖွဲ့သည် ပြည်သူ့ကာကွယ်ရေး တပ်မတော် (People Defence Force-PDF) ကို ဖွဲ့စည်းဆောင်ရွက်ကြောင်း ထုတ်ပြန်ခဲ့ပါသည်။ NUG နှင့် PDF တို့၏ လှုံ့ဆော်အားပေးမှုကြောင့် ဒေသန္တရကာကွယ်ရေးတပ်ဖွဲ့ဟုအမည်တပ်ကာ လက်နက်ကိုင်အကြမ်းဖက်သည့် လုပ်ဆောင်မှုများ နိုင်ငံတစ်ဝန်း ပေါ်ပေါက်လာခဲ့ရပါသည်။ ထို့ကြောင့် ၂၀၂၁ ခုနှစ် မေလ ၈ ရက်တွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ မတရားအသင်းအဖြစ်ကြေညာထားသည့် CRPH ၊ ၎င်းကဖွဲ့စည်းထားသော NUG ၊ ၎င်းက ဖွဲ့စည်းထားသော PDF နှင့် ၎င်းတို့၏လက်အောက်ခံအဖွဲ့အစည်းအားလုံးကို အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာခဲ့ပါသည်။ CRPH အဖွဲ့အနေဖြင့် ၎င်းတို့၏ အဓိကရည်မှန်းချက်ဖြစ်သည့် နိုင်ငံတော်အာဏာကိုရယူနိုင်ရေးကြိုးပမ်းမှုမှာ ရိုးသားသည့်နိုင်ငံရေးလမ်းကြောင်းအတိုင်းမဟုတ်ဘဲ ဖြတ်လမ်းနည်းဖြင့် အချောင်ရယူရေးပင်ဖြစ်ပါသည်။ နိုင်ငံရေးဆောင်ရွက်ခြင်းနှင့် နိုင်ငံကိုဖျက်ဆီးခြင်းသည် မည်မျှခြားနားဆန့်ကျင်နေသည်ကို ဝေဖန်ခွဲခြားနိုင်သော အသိအမြင်ရှိပါက သိမြင်နိုင်မည်ဖြစ်ပေသည်။

### အဓိကအခြေခံကျဆုံး အရေးကြီးလုပ်ငန်း

နိုင်ငံတစ်နိုင်ငံတွင် အုပ်ချုပ်ရေးယန္တရား၏ အဓိကအခြေခံကျဆုံး အရေးကြီးလုပ်ငန်းသည် တရားဥပဒေစိုးမိုးရေးလုပ်ငန်းနှင့် တည်ငြိမ်ရေးလုပ်ငန်းများပင်ဖြစ်သည်။ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်ရေးလုပ်ငန်းများမရှိပါက ကျန်လုပ်ငန်းများသည် လုပ်ဆောင်နိုင်၍ မရကြောင်း သမိုင်းသင်ခန်းစာများတွင် တွေ့ရှိရပါသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နောက်ပိုင်းမှ ဇူလိုင်လကုန်အထိ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက် အုပ်စုများဖြစ်သည့် CRPH နှင့် NUG တို့၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ဌာနဆိုင်ရာ ရဲကင်း၊ ရဲစခန်းအဆောက်အဦများအား မီးရှို့ဖျက်ဆီးခံရမှုအနေဖြင့် မြို့နယ် ၁၅၁ မြို့နယ်တွင် ၅၂၅ ကြိမ်၊ အပြစ်မဲ့ပြည်သူများအား ဒလန်ဟုသတ်မှတ်ပြီး အကြမ်းဖက်တိုက်ခိုက်ခံရခြင်းကြောင့် သေဆုံး ၁၆၉ ဦး၊ ဒဏ်ရာရ ၁၅၄ ဦး၊ နေအိမ်များ ဖျက်ဆီးခံရမှု ၂၉ လုံး၊ လက်ပစ်ဗုံးပစ်ခတ်မှု မြို့နယ် ၂၇၅ မြို့နယ်တွင် ၁၉၅၇ ကြိမ်၊ လမ်းတံတားဖျက်ဆီးမှု ၃၁ မြို့နယ်တွင် ၄၁ ခု၊ စက်ရုံ၊ အလုပ်ရုံများဖျက်ဆီးခံရမှု မြို့နယ် ၈ မြို့နယ်တွင် ၂၅ ကြိမ်၊ အခြားအဆောက်အဦများ ဖျက်ဆီးခံရမှု ၈၁ မြို့နယ်တွင် ၁၈၅ ကြိမ်တို့ကိုလုပ်ဆောင်ခဲ့ပါသည်။ ထို့အပြင် လူဟုပင်သတ်မှတ်ရန်ခက်ခဲသည့် လုပ်ဆောင်မှုများကိုလည်း ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် လုပ်ဆောင်လျက်ရှိရာ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် Mask များပေးဝေလှူဒါန်းနေသူများအား သတ်ဖြတ်ခြင်း၊ ကိုဗစ်-၁၉ စစ်ဆေးရေးဂိတ်များအား မိုင်းထောင်တိုက်ခိုက်ခြင်း၊ ကာကွယ်ဆေးထိုးလုပ်ငန်း ဆောင်ရွက်နေသူများအား ဗုံးခွဲတိုက်ခိုက်ခြင်း၊ ပစ်ခတ်တိုက်ခိုက်ခြင်းတို့ကို လုပ်ဆောင်ခဲ့သည်သာမက အများပြည်သူအတွက် အနစ်နာခံပေးဆပ်သူတို့၏ သင်္ကေတဖြစ်သည့် PPE ဝတ်စုံကိုဝတ်ဆင်၍ လူသတ်ခြင်းတို့ပင် ကျူးလွန်ခဲ့ကြသည်။ ထိုသို့ တိုင်းဖျက်၊ ပြည်ဖျက်၊ ပြည်သူလူထု၏ နေ့စဉ်လူမှုဘဝပျက်စီးအောင် လုပ်ဆောင်နေသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို မြှောက်ပင့်ခြင်း၊ နည်းလမ်းပေးဆောင်ရွက်ခြင်း၊ လက်ခံတွေ့ဆုံခြင်းများ ပြုလုပ်နေသည့် လူတစ်ဦးချင်း၊ အဖွဲ့အစည်းတစ်ခုချင်း၏ သမိုင်းသည်လည်း အမည်းစက်သာ ထာဝရစွန်းထင်းနေမည် ဖြစ်ပါသည်။

### နည်းလမ်းမျိုးစုံဖြင့် ဝင်ရောက်စွက်ဖက်

ကမ္ဘာပေါ်ရှိ အင်အားကြီးနိုင်ငံများသည် မိမိနိုင်ငံ၏စစ်အင်အား၊ လူ့စွမ်းအားအရင်းအမြစ်၊ သယံဇာတနှင့် ငွေကြေးနေကြွယ်ဝမှု စသည်တို့အပေါ် မူတည်၍ မိမိနိုင်ငံ၏ ဩဇာအာဏာအား အခြားနိုင်ငံများသို့ ဖြန့်ကြက်နိုင်စေရေး နည်းလမ်းမျိုးစုံဖြင့် ဝင်ရောက်စွက်ဖက်လေ့ ရှိပါသည်။ နိုင်ငံတစ်နိုင်ငံအပေါ် စွက်ဖက်သည်ဆိုရာတွင် ထိုနိုင်ငံ၏အားနည်းချက်ကို ရှာဖွေထိုးနှက်၍ အားသာချက်များပျက်ပြားသွားစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းသာဖြစ်၏။ အထူးသဖြင့် တစ်ဖက်ဖက်ကို တိမ်းစောင်းရန် မဖြစ်နိုင်သော ပထဝီအနေအထားတွင်တည်ရှိနေသည့် နိုင်ငံငယ်များသည် “ဘက်မလိုက် ဝါဒ” ကိုချမှတ်၍ နိုင်ငံကြီးများ၏အသုံးချမှုကို ရှောင်တိမ်းကာ ကိုယ့်အားကိုယ်ကိုး၍ နိုင်ငံအားထူထောင်ရာ၌ နိုင်ငံသားတို့၏ အခွင့်အရေးများသည် နိုင်ငံကြီးများနှင့် နှိုင်းယှဉ်လျှင် လျော့နည်းလာတတ်သည်မှာ သဘာဝပင်ဖြစ်၏။ ထိုနိုင်ငံမျိုးတို့သည် ကာကွယ်ရေးအင်အားကို သိပ်သည်းကျစ်လျစ်စွာ ထူထောင်တတ်သည်ဖြစ်ရာ စစ်ရေးအရ နိုင်ငံကြီးများက ရုတ်တရက် ဝင်ရောက်စွက်ဖက်၍ မလွယ်ကူပေ။ ထိုအချိန်တွင် စိတ်ဓာတ်ရေးရာဖြိုခွဲရန် စွက်ဖက်မှု နည်းလမ်းအသစ်ဖြစ်သည့် “လူ့အခွင့်အရေး” ဆောင်ပုဒ်ကို ကျယ်လောင်စွာအော်ဟစ်ကာ အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံပြည်သူတို့ကို “ဖိနှိပ်သူ” နှင့် “ဖိနှိပ်ခံ” အဖြစ် ပုံဖော်ဖြိုခွဲရန်နည်းလမ်းကို အသုံးပြုလုပ်ဆောင်တတ်ကြသည်။ နိုင်ငံကြီးအချို့၏ စွက်ဖက်ခြေရှုပ်မှုနောက်ကွယ်တွင် ၎င်းတို့ နိုင်ငံအကျိုးစီးပွားအတွက် ဆောင်ရွက်ခြင်းသာဖြစ်ရာ ထိုလမ်းကြောင်းကို ပို့ဆောင်ပေးသူမှာလည်း “ကျေးဇူးခံ၊ ကျေးဇူးစား” အမျိုးသားသစ္စာဖောက်သမားများသာ ဖြစ်ပေသည်။

### ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး

ဒုတိယကမ္ဘာစစ်ကြီးတွင် ခေတ်မီတိုးတက်လာသော လက်နက်အသစ်အဆန်းများ အသုံးချလာခြင်းကြောင့် ပထမကမ္ဘာစစ်ထက် သေကျေပျက်စီးမှုများပြားခဲ့ရသည်။ ထို့ကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးအတွက် ကမ္ဘာ့နိုင်ငံအများစုပါဝင်သော အဖွဲ့အစည်းကြီးတစ်ခုလိုအပ်သည်ဟု နိုင်ငံ့ခေါင်းဆောင်များက သဘောပေါက်လာခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားသောအခါ အမေရိကန်၊ ဆိုဗီယက်(ရုရှား)၊ ပြင်သစ်နှင့် တရုတ်ခေါင်းဆောင်များပါဝင်သည့် နိုင်ငံခေါင်းဆောင်များသည် ဘော်လ်တာကွန်ဖရင့် ကျင်းပရန်အကြိမ်ကြိမ်ညှိနှိုင်း ဆွေးနွေးခဲ့ကြပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ အခြေခံအုတ်မြစ်ဖြစ်သော ကမ္ဘာ့ကုလသမဂ္ဂပဋိညာဉ်စာချုပ်မူကြမ်းကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို တည်တံ့အောင်ထိန်းသိမ်းရန်နှင့် ကျူးကျော်ရန်စမှုများကို ပူးပေါင်းကာကွယ်ရန်၊ ယောက်ျား၊ မိန်းမ၊ လူမျိုးစကား၊ ဘာသာအယူဝါဒခွဲခြားမှုမရှိဘဲ အားလုံးတူညီရန် စသည့်အချက်များပါရှိသည့် ကုလသမဂ္ဂပဋိညာဉ်စာချုပ်ပါ ရည်ရွယ်ချက်များကို အထမြောက်အောင်မြင်အောင် နိုင်ငံများမှ ကြိုးပမ်းလုပ်ဆောင်နိုင်စေရေးအတွက် ဘုံအဖွဲ့အစည်းကြီးတစ်ခု ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့်ဖွဲ့စည်းခဲ့သည်။ အဖွဲ့အစည်း၏ ရည်ရွယ်ချက်များ အကောင်အထည်ဖော်ရန်အတွက် အဖွဲ့ငယ်များဖွဲ့စည်းထားရာ အထွေထွေညီလာခံ၊ လုံခြုံရေးကောင်စီ၊ အပြည်ပြည်ဆိုင်ရာတရားရုံးချုပ်၊ စီးပွားရေးနှင့်လူမှုရေးကောင်စီ၊ ကိုလိုနီကြီးကြပ်ရေးကောင်စီ၊ အတွင်းရေးမှူးချုပ်ရုံး စသည်ဖြင့် အဖွဲ့အစည်း ခြောက်ခုမှာ ကုလသမဂ္ဂ၏ အခြေခံယန္တရားများဖြစ်သည်။ အထွေထွေညီလာခံမှာ အဖွဲ့ဝင်နိုင်ငံများ၏ ဆန္ဒကိုဖော်ထုတ်ရာ ညီလာခံဖြစ်သည်။ ထိုသို့နိုင်ငံများ၏ဆန္ဒကိုဖော်ထုတ်ရာအစည်းအဝေးသို့ နိုင်ငံတကာမှ သံအမတ်ကြီးများ၊ သံအမတ်ကြီးအဆင့်ရှိသူများ၊ နိုင်ငံတကာအစိုးရများ၏ ပြောကြားချက်များ၊ ရေးသားချက်များ၊ အသိအမှတ်ပြု လက်ခံဆွေးနွေးဆောင်ရွက်နေသူများ၊ တရားဝင်အစိုးရတစ်ရပ်၏ ကိုယ်စားလှယ်များ တက်ရောက်နိုင်မှသာ နိုင်ငံတစ်ခု၏ ပကတိဖြစ်စဉ်အမှန်၊ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်အကြောင်းအရာများကို လေးနက်စွာ သိမြင်နိုင်မည် ဖြစ်ပါသည်။ ထိုအခြေအနေကို မျက်ကွယ်ပြုပါလျှင် ပကတိအမှန်တရားနှင့်ဝေးကွာပြီး ထိုနိုင်ငံရှိ ပြည်သူတို့၏ အရှိသဘောတရား၊ ဘေးကင်းလုံခြုံမှု၊ ခံစားမှုအသိတို့ကိုလည်း သိမြင်နိုင်မည်မဟုတ်ပေ။

*စာမျက်နှာ ၉ သို့*

# ဆရာကြီး စည်သူ ဒေါက်တာကျော်စိန်၏ ဘဝနှင့် စာပေ

ရီဝေဝေလှိုင် (စာပေဗိမာန်)

*(ယမန်နေ့မှအဆက်)*


ဘဝ ရည်မှန်းချက်ပန်းတိုင် ပေါ်လာ၏။ 'ငါသည် တက္ကသိုလ်ဆရာဘဝဖြင့် ကြီးပွားတိုးတက်အောင်မြင်အောင် ဆောင်ရွက်တော့အံ့' ဟု စိတ်ကို ဆုံးဖြတ်ကာ လခ ၃၀၀ စား နည်းပြဆရာအဖြစ် ပထမဆုံးသော ခြေလှမ်းကို စတင်လိုက်၏။ ထိုအချိန်မှစ၍ စိတ်ပညာတွင် အထွတ်အထိပ်ရောက်ရေးအတွက် ဉာဏ်၊ ဝီရိယတို့ကို အစွမ်းကုန်ထုတ်၍ သုံးစွဲခဲ့၏။ ကံကလည်း လိုက်သောကြောင့် နိုင်ငံခြား ပညာတော်သင်အဖြစ် အရွေးခံခဲ့ရ၏။ ကံ၊ ဉာဏ်၊ ဝီရိယ၊ ဇွဲ၊ လုံ့လ အကူအညီဖြင့် ပါရဂူဘွဲ့ရခဲ့၏။ ဤကား စာရေးသူ၏ ကိုယ်တွေ့ ပထမခြေလှမ်း ဇာတ်လမ်းပင် တည်း"ဟု ဖော်ပြထားရာ ဆရာကြီး၏ ဇွဲ၊ လုံ့လ၊ ဝီရိယရှိပုံများကို လေးစားအတုယူဖွယ် သိရှိရပါသည်။

### စိတ်ပညာဆိုင်ရာ စာပေများ

ဆရာကြီး ရေးသားခဲ့သည့် စာအုပ်တစ်အုပ်စီတိုင်းတွင် မြန်မာနိုင်ငံသူ နိုင်ငံသားများအပေါ် ထားရှိသည့် ဆရာကြီး၏ မေတ္တာ၊ စေတနာများမှာ ထင်ရှားပေါ်လွင်လှပါသည်။ ၎င်းစာအုပ်များထဲမှ အချို့ကို ဖော်ပြရလျှင်–

### စိတ်ပညာသမိုင်းကျမ်းစာအုပ်

ဆရာကြီးသည် ၁၉၆၆ ခုနှစ်၊ ပါရဂူဘွဲ့ရပြီးစချိန်ကတည်းက မိမိကို ပညာတော်သင်အဖြစ် ငွေကုန်ကြေးကျခံကာ နိုင်ငံခြားသို့ စေလွှတ်ပေးသော အမိနိုင်ငံတော်ကို မိမိတတ်မြောက်သော ပညာဖြင့် ကျမ်းသုံးစောင်ပြုစု၍ကျေးဇူးဆပ်လိုသောဆန္ဒ ဖြစ်ပေါ်လာခဲ့သည်။ ထို့ကြောင့် စိတ်ပညာသမိုင်းကျမ်းကို ရေးသားပြုစုခဲ့သည်။ ယင်းသို့ ရေးသားရာတွင် ဆရာကြီး၏ တစ်ခုတည်းသော ရည်ရွယ်ချက်မှာ ၂၀ ရာစုနှစ်တွင် ဖွံ့ဖြိုးခဲ့သော စိတ်ပညာအကြောင်း၊ စိတ်ပညာ၏ လူအဖွဲ့အစည်းအတွက် အကျိုးပြုပုံ၊ စိတ်ပညာရှင်တို့၏ လူသားဆန်သော


(၁) Hess, B.B, Markson, E.W and P.J. Stein. — Sociology — McMillan, N.Y, 1991.
(၂) Hunt, E.F. and Colander, D.C. — Social Science — McMillan, N.Y, 1990.
(၃) Kerbo, H.R. — Sociology — McMillan, N.Y, 1989.
(၄) McGrath — Social behavior — McGraw Hill, N.Y, 1967

ဆရာကြီး ဒေါက်တာကျော်စိန်၏ လက်ရေးစာမူ

လှုပ်ရှားပြုမူမှုများ အကြောင်းကို မြန်မာစာဖတ်ပရိသတ် နားလည်သဘောပေါက်စေလိုသောကြောင့် ဖြစ်သည်။ တစ်နည်းဆိုရသော် စိတ်ပညာသမိုင်းတည်းဟူသော စင်တော်ကြီးတွင် လှုပ်ရှားပါဝင်ကပြခဲ့ကြသော ရုရှား၊ ဂျာမန်၊ အင်္ဂလိပ်၊ ပြင်သစ်၊ အမေရိကန် စသည့် စိတ်ပညာရှင်များ၏ အခန်းကဏ္ဍကို ပီပီပြင်ပြင် မြင်စေလိုသောဆန္ဒကြောင့် ဖြစ်သည်။ စိတ်ပညာရှင်တို့၏ သီအိုရီ၊ အယူအဆနှင့် အဆိုအမိန့်များကို တင်ပြရင်း ထိုသူတို့၏ ဘဝဇာတ်ကြောင်းကိုလည်း တစေ့တစောင်း အကဲခတ်နိုင်စေရန် ရည်ရွယ်ရေးသားထားခြင်း ဖြစ်သည်။ ဆရာကြီး၏ နိုင်ငံတော်အပေါ် ကျေးဇူးသိတတ်မှုကို တွေ့မြင်ရသဖြင့် ဂုဏ်ယူလေးစားမိပါသည်။ ယနေ့ခေတ် နောင်လာနောက်သား ကျောင်းသားလူငယ်များအတွက် အတုယူစရာ စံနမူနာပင် ဖြစ်ပါသည်။

### ပေါင်းသင်းရခက်သူတို့နှင့် အဆင်ပြေစွာ ဆက်ဆံနည်းများစာအုပ်

ဆရာကြီးက ကျွန်ုပ်တို့၏ လူ့လောကပတ်ဝန်းကျင်တွင် တွေ့ဆုံပေါင်းသင်းမှုပြုနေရသော လူအားလုံးနှင့် အဆင်ပြေစွာ ဆက်ဆံနိုင်ရန်အတွက် Ursula Markham ၏ How to deal with difficult people ဆိုသည့် မူရင်းစာအုပ်ကို "ပေါင်းသင်းရခက်သူတို့နှင့် အဆင်ပြေစွာ ဆက်ဆံနည်းများ" ဟူ၍ ဘာသာပြန်ဆိုရေးသားခဲ့သည်။ ဘဝတွင် တစ်ချိန်မဟုတ်တစ်ချိန်ဆိုသလို ပေါင်းသင်းရ ခက်သူတို့နှင့် တွေ့ထိဆက်ဆံကြရမည်ဖြစ်ရာ ပြဿနာတစ်မျိုးမျိုး တက်စေနိုင်သောကြောင့် သူတို့နှင့် အဆင်ပြေစွာ ဆက်ဆံတတ်ရန်၊ ကောင်းကျိုးများ ရရှိစေရန် ရည်ရွယ်၍ ဘာသာပြန်ဆိုခဲ့ခြင်း ဖြစ်ပါသည်။




လူတို့သည် ရန်လိုသူ၊ ကျိုးနွံသူ၊ ယတိပြတ်သူ စသည်ဖြင့် စိတ်ထားအမျိုးမျိုးရှိကြသည့်အနက် မိမိကိုယ်တိုင်မည်သည့်လူအမျိုးအစားထဲတွင် ပါဝင်နေသနည်း၊ ပေါင်းသင်းဆက်ဆံရေး မှားယွင်းနေမှုများကို မည်ကဲ့သို့ သိမြင်နိုင်မည်နည်း၊ ပေါင်းသင်းရ ခက်သူတို့နှင့် အဆင်ပြေအောင် ဆက်ဆံနိုင်ရန် မည်သည့်နည်းလမ်းများ ရှိသနည်းဆိုသည်ကို ထိုစာအုပ်ထဲတွင် ဥပမာအကြောင်းအရာများနှင့် သိမြင်လိုက်နာဖွယ် အကျယ်တဝင့် ရေးသားထားသည်။ ပြည်တွင်းအဆင့်မှ ဒေသတွင်းအဆင့်၊ နိုင်ငံတကာအဆင့်များအထိ လုပ်ငန်းနယ်ပယ်ဖြန့်ကြက်လိုသူများအတွက် အတိုင်းအတာကြီးမားစွာ အထောက်အကူပေးနိုင်မည့် စာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။ ပတ်ဝန်းကျင်ရှိ လူအားလုံးနှင့် အဆင်ပြေစွာဆက်ဆံနိုင်ပြီး ထိုသူတို့ကို စည်းရုံးခေါင်းဆောင်နိုင်သူ ဖြစ်ရေးအတွက် အဓိက ရည်ရွယ်သည်။ လုပ်ငန်းနယ်ပယ်အသီးသီးတွင် ဦးဆောင်လှုပ်ရှားနေကြသည့် လူငယ်၊ လူလတ်များအတွက် အားထားလက်ကိုင်ပြုစရာ စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။ ဆရာကြီး၏ တိုင်းပြည်အနာဂတ် ခေါင်းဆောင်များအတွက် အမြော်အမြင်ကြီးမားစွာ စေတနာရှေ့ထား ဆောင်ရွက်ပေးမှုပင် ဖြစ်ပါသည်။

### လူငယ်လမ်းညွှန်စာအုပ်

ဆရာကြီး ရေးသားခဲ့သည့် လူငယ်လမ်းညွှန်စာအုပ်သည် လူသားတိုင်း မဖြစ်မနေ ဖြတ်သန်းလာခဲ့ရသော လူငယ်ဘဝနှင့် ပတ်သက်၍ ဖခင်တစ်ဦးအနေဖြင့်လည်းကောင်း၊ ဆရာတစ်ဦးအနေဖြင့်လည်းကောင်း၊ မိတ်ဆွေတစ်ဦးအနေဖြင့်လည်းကောင်း၊ ခေါင်းဆောင်တစ်ဦးအနေဖြင့်လည်းကောင်း အတွေ့အကြုံရှိပြီးသော လူကြီးတစ်ယောက်က လူငယ်အားလုံးအတွက်ရည်စူး၍ မိမိ၏ စာတွေ့၊ လက်တွေ့ဘဝနှင့် ယှဉ်သော အတွေ့အကြုံများကို ကိုးကားကာ လမ်းညွှန်ထားသည့် စာအုပ်တစ်အုပ် ဖြစ်သည်။




ထို့ပြင် ဤစာအုပ်သည် ကျန်းမာသော လူငယ်တစ်ယောက်၊ ပညာတတ်ပညာတော်လူငယ်တစ်ယောက်၊ ဘာသာတရား ကိုင်းရှိုင်း၍ လူမှုဆက်ဆံရေးပြေပြစ် ရည်မွန်သူ လူငယ်တစ်ယောက်၊ မကောင်းသော အလေ့အထများကို ပယ်ရှားကာ မျိုးချစ်စိတ်ရှိ၍ အမျိုးသားနိုင်ငံရေးကို နားလည်သဘောပေါက်သူ လူငယ်တစ်ယောက်၊ မိမိ၏ ကြီးပွားတိုးတက်ရေးအတွက် အစဉ်ကြံဆနေပြီး အိမ်ထောင်ရေးကိစ္စကိုလည်း လက်တွေ့ကျကျ စဉ်းစားအကောင်အထည်ဖော်တတ်သော လူငယ်တစ်ယောက်ဖြစ်စေရေးအတွက် နည်းကောင်းလမ်းမှန်တို့ကို ညွှန်ပြသော စာအုပ် ဖြစ်ပါသည်။

### ဆရာကြီး၏ စေတနာ

ဆရာကြီး၏ စေတနာကား ကိုယ့်နိုင်ငံသားလူငယ်များကို ကမ္ဘာ့စံချိန်တင် ကျန်းမာစေလို၏။ ပညာထက်စေလို၏။ နိုင်ငံရေးဗဟုသုတ ကြွယ်ဝစေလို၏။ ပေါင်းသင်းဆက်ဆံရေးနယ်ပယ် ကျယ်စေလို၏။ လူကောင်းလူသန့် ဖြစ်စေလို၏။ ကြီးပွားတိုးတက်စေလို၏။ သာယာသော အိမ်ထောင်တစ်ခုကို ပိုင်ဆိုင်စေလို၏။ ထိုသို့သော စေတနာတို့ဖြင့် ရေးသားထားခြင်း ဖြစ်ပါသည်။ ဆရာကြီး၏ စေတနာများမှာ အတိုင်းအဆမရှိ၊ အကန့်အသတ်မရှိ၊ ကြီးမားများပြား နက်ရှိုင်းလှပါဘိ။


ဆရာကြီး ဒေါက်တာကျော်စိန်သည် ၁၉၅၇ ခုနှစ် နိုဝင်ဘာလတွင် မန္တလေးမြို့ စိန်ပန်းရပ်ဇာတိဖြစ်သူ ဒေါ်တင်တင်အေးနှင့် အိမ်ထောင်ပြု၍ ဆံဖြူ သွားကျိုး၊ ရိုးမြေပြာကျ၊ ကွယ်လွန်သည်အထိ ***စာမျက်နှာ ၉ သို့***


* တက္ကသိုလ်ဆရာဘဝတွင် စာပေသင်ကြားရာ၌ ဗဟုသုတများပြီး အာဝဇ္ဇန်းရွှင်ရွှင်ဖြင့် အသင်အပြကောင်းသူဖြစ်ကာ စာပေသင်ကြားရသည်ကိုလည်း ပျော်မွေ့နေသူဖြစ်သည်။
* ဆရာကြီး၏ စေတနာကား ကိုယ့်နိုင်ငံသားလူငယ်များကို ကမ္ဘာ့စံချိန်တင် ကျန်းမာစေလို၏။ ပညာထက်စေလို၏။ နိုင်ငံရေးဗဟုသုတကြွယ်ဝစေလို၏။ ပေါင်းသင်းဆက်ဆံရေးနယ်ပယ် ကျယ်စေလို၏။ လူကောင်းလူသန့် ဖြစ်စေလို၏။ ကြီးပွားတိုးတက်စေလို၏။ သာယာသော အိမ်ထောင်တစ်ခုကို ပိုင်ဆိုင်စေလို၏။

*စာမျက်နှာ ၈ မှ*

စွဲစွဲမြဲမြဲ အိမ်ထောင်တည်မြဲခဲ့သူ ဖြစ်သည်။ သားသမီး သုံးယောက်ကို လူတစ်လုံး သူတစ်လုံးဖြစ်အောင် မြေတောင်မြှောက်ပေးနိုင်ခဲ့သော ဖခင်ကောင်း တစ်ယောက်လည်း ဖြစ်ပေသည်။ တပည့် လက်သားများအပေါ် ထောက်ထားစာနာညှာတာတတ်သော ဆရာကောင်းတစ်ဆူလည်း ဖြစ်ပါပေသည်။ ဆရာကြီးသည် အသက် ၈၁ နှစ်အရွယ် ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၂ ရက်တွင် အိမ်အမှတ် ၃၄ သီရိမင်္ဂလာလမ်း ကုန်းမြင့်ရိပ်သာ ၇ မိုင် မရမ်းကုန်း မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၌ လူကြီးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

ကျွန်မ စာတည်းတာဝန်ဖြင့် စာပေဗိမာန်သို့ ရောက်ရှိချိန်တွင် ဆရာကြီး၏ စာပေလက်ရာများ၊ ဆရာကြီး၏ မိတ်ဆွေဆရာ၊ ဆရာမကြီးများထံမှ တစ်ဆင့်သိရသည့် စာပေစေတနာများနှင့်သာ ရင်းနှီးခွင့် ရရှိခဲ့ပါသည်။ ဆရာကြီးသည် စာပေဗိမာန်၏ စာပေဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ထဲထဲဝင်ဝင် ပါဝင်ကူညီဆောင်ရွက်ခဲ့သည်များကိုလည်း သိရှိရပါသည်။ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေး ကော်မတီဝင်အဖြစ်လည်းကောင်း၊ မြန်မာ့ရည်ညွှန်းကျမ်း စိစစ်ရေးအဖွဲ့ဝင် အဖြစ်လည်းကောင်း၊ စာပေဗိမာန်၏ စာတမ်းဖတ်ပွဲများတွင် သဘာပတိ အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။




စိတ်ပညာနှင့် အလှမ်းဝေးသည့် ကျွန်မအတွက် ဆရာကြီး၏ စာပေများကို ဖတ်ရှုရခြင်း ကြောင့် အသိပညာများ တိုးပွားလာရပါသည်။ အပြင်စွဲ၊ အတွင်းစွဲ၊ စိတ်စွဲ၊ စိတ်ချောက်ချား စသည်ဖြင့် ထူးခြားဆန်းပြားသည့် ကိုယ်ရည်ကိုယ်သွေးခြင်းရာ လက္ခဏာများ အကြောင်း၊ အစ်၊ အီဂို၊ ဆူပါ အီဂို စသည့် စိတ်ခွဲပညာရှင်တို့၏ ဝေါဟာရများ အကြောင်း၊ စိတ်၏ ထူးခြားလေးနက်ပုံများ အကြောင်းမှာ လွန်စွာမှ အံ့သြဖွယ်၊ စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။ အရာရာကို စိတ်ကသာ လွှမ်းမိုးထားသည်ဖြစ်ရာ လူ့ဘဝတိုတိုလေးအတွင်း စိတ်အကြောင်းမသိဘဲ အသက်ရှင်နေထိုင်ရပါက လူဖြစ်ကျိုးမနပ် ဖြစ်ပေလိမ့်မည်။ ကျွန်မတို့နှင့်အတူ နောင်လာနောက်သားများ သိရှိစေရန် စိတ်၏ သဘောသဘာဝတို့ကို လေးလေးနက်နက်အသေးစိတ် ရှင်းပြရေးသားထားသည့် ဆရာကြီး၏ စာအုပ်များကို ဖတ်ရှုခွင့်ရသည့်အတွက် များစွာအကျိုးကျေးဇူးကြီးလှပါသည်။ ဗဟုသုတများစွာ ရရှိပါသည်။ ဆရာကြီးကို လေးစားအားကျမိပါသည်။ စာပေဗိမာန်တွင် ဆရာကြီးနှင့် တွေ့ဆုံပညာယူရခဲ့သော် ကောင်းလေစွဟု အတွေးဝင်မိပါသည်။

## တန်ဖိုးမဖြတ်နိုင်

မြန်မာစာပေဖွံ့ဖြိုးအောင်၊ မြန်မာနိုင်ငံသားတို့ အသိပညာမြင့်မားအောင်၊ ရရှိလာသည့် လူ့ဘဝကို အဓိပ္ပာယ်ရှိရှိ နေထိုင်တတ်အောင် မေတ္တာစေတနာ အပြည့်ဖြင့် စာပေများ ရေးသားလမ်းညွှန်ပေးခဲ့သည့် ဆရာကြီး ဒေါက်တာကျော်စိန်သာ သက်ရှိထင်ရှား ရှိနေမည်ဆိုပါက ၂၀၂၂ ခုနှစ် ဩဂုတ်လ ၂၁ သည် ဆရာကြီး၏ အသက် ၈၉ နှစ်ပြည့် မွေးနေ့ဖြစ်ပေလိမ့်မည်။ ဆရာကြီး ရေးသားသည့် စိတ်ပညာဆိုင်ရာ စာအုပ်စာပေများလည်း ယခုထက် ပိုမိုများပြားစွာ ထွက်ရှိလာမည်မှာ မလွဲကေန် ဖြစ်လိမ့်မည်ဟု ယုံကြည်မိပါမည်။ တန်ဖိုးမဖြတ်နိုင်သော စိတ်ပညာဆိုင်ရာ ပညာရပ်များ၊ အတွေးအခေါ်ဆိုင်ရာ ပညာရပ်များနှင့် သုတရသစာပေပညာရပ်များအကြောင်း ပျံ့နှံ့အောင် ရေးသားဖြန့်ဝေပေးခဲ့သည့် ဆရာကြီး၏ ဂုဏ်ကျေးဇူးများကို အောက်မေ့သတိရ တမ်းတရင်း ဆရာကြီးကို လက်စုံမိုး၍ ရှိသေစွာ ရှိခိုးကန်တော့လိုက်ပါသည်။

**စာကိုး**

(၁) ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် စာစောင်အတွဲ (၁)
(၂) ၂၀၀၈ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု လက်ကမ်းစာအုပ်၊ စာပေဗိမာန်
(၃) ရာပြည့် ဦးစိုးညွန့်၊ နှစ်ဆယ်ရာစု မြန်မာစာရေးဆရာ ၅၀၀ (အတ္ထုပ္ပတ္တိအကျဉ်း)
(၄) မောင်ခေတ်ထွန်း၊ "မြသီလာသို့ အလွမ်းပြေ" (ရန်ကုန်တက္ကသိုလ်ရာပြည့်)၊ အမှတ်-၂၊ မြန်မာတိုင်းသတင်းစာ၊ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁ ရက်။
(၅) ဆရာကြီး ဒေါက်တာကျော်စိန် ရေးသားခဲ့သော စာအုပ်များ

---

*စာမျက်နှာ ၇ မှ*

NUG အနေဖြင့် သီးခြားစစ်ဘက် (သို့မဟုတ်) နိုင်ငံရေးရည်မှန်းချက်ကို ဦးတည်ထားခြင်းမရှိဘဲ တည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ မလိုက်နာခြင်း၊ ပျက်ကွက်ခြင်း၊ အများပြည်သူများအား ဥပဒေများကိုလိုက်နာမှု မရှိစေရန် သွေးထိုးလှုံ့ဆော်ခြင်း၊ ဖိအားပေးခြင်း၊ ထိတ်လန့်ကြောက်ရွံ့မှုဖြစ်ပေါ်စေခြင်းတို့ဖြင့် နိုင်ငံအား ကျဆုံးနိုင်ငံ (Fail State) အဖြစ်ပုံဖော်ပြီး နိုင်ငံရေးပြောင်းလဲမှုဖြစ်စေရန် တစိုက်မတ်မတ် ရည်ရွယ်ကြိုးပမ်း လုပ်ဆောင်လျက်ရှိသည်။

## ဂုဏ်သိက္ခာကိုပါ ထိခိုက်

၎င်းကဲ့သို့သော အဖွဲ့အစည်းများကို လက်ခံဆောင်ရွက်နေပါလျှင် နိုင်ငံအများလေးစားရသည့် အဖွဲ့အစည်းတစ်ရပ်အနေဖြင့် ကမ္ဘာကလက်မခံသော အကြမ်းဖက်ဝါဒကို အားပေးသည့်အခြေအနေသို့ ဆိုက်ရောက်သွားမည့်အပြင် အဖွဲ့အစည်း၏ ဂုဏ်သိက္ခာကိုပါ ထိခိုက်ညှိုးနွမ်းစေနိုင်မည်ဖြစ်ပေသည်။ NUG ၏ ဖြစ်ခဲ့သည့်ဖြစ်စဉ်များ၊ ဆက်လုပ်နေသည့် အကြမ်းဖက်မှုများကြောင့် နောက်ထပ်လူ့အသက်ပေါင်း မည်မျှဆုံးရှုံးရမည်နည်း။ မိသားစုပေါင်းမည်မျှ စတေးရမည်နည်း။ အနာဂတ်လမ်းပျောက်မည့်လူငယ်ပေါင်း မည်မျှပေါ်ပေါက်လာမည်နည်း စသည်ဖြင့် မတွေးဝံ့စရာ အကျိုးတရားများစွာတို့က ပေါ်ပေါက်လာမည်မှာ မလွဲကေန်ပင် ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ခေတ္တထိန်းသိမ်းလွှဲပြောင်းရယူပြီးနောက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက် (၉) ရပ်တို့အား ချမှတ်ပြီး မမိုတ်မသုန်အကောင်အထည်ဖော်လုပ်ဆောင်လျက် ရှိပေသည်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်များကို ပယ်ဖျက်ပြီးသည့်နောက် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲအသစ် ပြန်လည်ကျင်းပနိုင်ရေး၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအရ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေးတို့ကို လုပ်ဆောင်လျက်ရှိ၏။ ထိုသို့ ဆောင်ရွက်နိုင်ရန် အခြေခံလိုအပ်ချက်ဖြစ်သည့် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှု၊ စီးပွားရေးအရ တည်ငြိမ်အေးချမ်းမှုနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာသည့် တရားဥပဒေစိုးမိုးရေးတို့အား ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ၎င်းအပြင် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားသည့် အဖွဲ့အစည်းများမှအပ မည်သည့်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းကိုမဆို တွေ့ဆုံဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ထားခြင်းဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးတည်ဆောက်သွားနိုင်ရန်အတွက် အလေးအနက်ထားလုပ်ဆောင်လျက်ရှိသည်။ ၎င်းအပြင် အာဆီယံဘုံသဘောတူညီချက် (၅) ချက်အား အကောင်အထည်ဖော် ဆောင်ရွက်လိုကြောင်းပြသသည့်အနေဖြင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ခန့်အပ်မှုအား လက်ခံခဲ့ပြီး နိုင်ငံတကာနှင့်လည်း ဆက်ဆံရေးတိုးတက်ကောင်းမွန်စေရန်အတွက် မိတ်ဝတ်မပျက် ရင်းနှီးနွေးထွေးစွာ ဆက်ဆံလျက်ရှိသည်။ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ တတိယလှိုင်းကာလတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် အခက်အခဲ အတားအဆီးအမျိုးမျိုးတို့အား ကျော်ဖြတ်နိုင်အောင် ပြည်သူလူထုနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကာလရှည် နိုင်ငံ့စီးပွားရေး ထိခိုက်နစ်နာခဲ့မှုနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝများ ပြန်လည်ဦးမော့လာအောင် ကြိုးပမ်းလုပ်ဆောင်နေလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်မှုများကို NUG ကဲ့သို့ အဖွဲ့အစည်းများက လူမှုကွန်ရက်မှ တစ်ဆင့် မဟုတ်မမှန်အဖျက်အမှောင့်သတင်းများရေးသားဖြန့်ဝေကာ နိုင်ငံရေးလိုဘတစ်ခုအတွက် ကိုဗစ်-၁၉ ရောဂါအား လက်နက်သဖွယ်အသုံးပြုနေသည်မှာ NUG ၏ရပ်ဆိုးအကျည်းတန်စေသည့် အပြုအမူများဖြစ်သည်ကိုတွေ့မြင်ရ၏။ ထိုသူများအား နေရာတစ်ခုရရှိရေး အသိအမှတ်ပြုပါလျှင် ဆုတ်ယုတ်မှုတို့သာ ကြုံတွေ့လာရဖွယ် ရှိပေ၏။

## ပညာတတ်များစွာလိုအပ်

ဒီမိုကရေစီစနစ်အား ခိုင်မာစေရန်နှင့် တိုင်းပြည်တိုးတက်စေရန်အတွက် ပညာတတ်များစွာရှိရန် လိုအပ်၏။ အဆင့်မြင့်ပညာရပ်များ လက်တွေ့ကျကျအား ပေးရန်လိုအပ်ပြီး အသိပညာရှင်၊ အတတ်ပညာရှင်များစွာ မွေးထုတ်ပေးရန် လိုအပ်သည်။ နိုင်ငံအတွင်း နိုင်ငံ့လူဦးရေ သုံးပုံတစ်ပုံခန့်သည် ပညာရေးနှင့် အလှမ်းဝေးလာသဖြင့် ပညာရေး ခါးဆက်မပြတ်စေရန် ကျောင်းများ ပြန်လည်ဖွင့်လှစ်ကာ ပညာရည်မြင့်တင်ရေးအား ကြိုးစားဆောင်ရွက်လျက် ရှိသည်။ တစ်ဖက်ကလည်း NUG အနေဖြင့် ထိုအခြေအနေများကို မျက်ကွယ်ပြုပြီး တိုင်းပြည်၏ အနာဂတ်ပျက်စီးစေမည့် အဖျက်လုပ်ငန်းများအား တစိုက်မတ်မတ်လုပ်ဆောင်လျက် ရှိသည်ကို တွေ့မြင်ရသည်။

## ကမ္ဘာကသိမြင်အောင် ကြိုးပမ်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်နှင့်ပြည်သူအတွက် တည်ငြိမ်အေးချမ်းမှုရှိအောင်၊ တိုးတက်ဖွံ့ဖြိုးအောင် အားသွန်ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ နိုင်ငံတကာမျက်နှာစာတွင်လည်း နိုင်ငံနှင့်အုပ်ချုပ်သူအစိုးရ၊ နိုင်ငံသားတို့၏ ရပ်တည်ချက်၊ မျှော်မှန်းချက်၊ ဆောင်ရွက်ချက်များကို ကမ္ဘာကသိမြင်အောင် ကြိုးပမ်းအားထုတ်နေလျက်ရှိသည်။ နိုင်ငံတော်၏ အချုပ်အခြာအာဏာအား ထိခိုက်စေသည့် ပြည်တွင်းရေးဝင်ရောက်စွက်ဖက်မှုများအား လက်သင့်ခံမည့်အစိုးရ မဟုတ်ပါချေ။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပုဂ္ဂိုလ်ရေးနှင့်ခေတ်အလိုက်၊ ခေတ်အကြိုက်လိုက်မည် မဟုတ်ဘဲ၊ ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များအတိုင်း ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လက်ရှိလျှောက်လှမ်းနေသည့် နိုင်ငံရေးလမ်းကြောင်းတွင် စေတနာသန့်သန့်ဖြင့် ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲကင်းစွာပါဝင်လာမည်ဆိုပါက ပါဝင်ဆောင်ရွက်ခွင့် "နေရာ" ရမည်မှာ အမှန်ပင်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် ထိပ်တိုက်ရင်ဆိုင်ရေးနှင့် အကျပ်ကိုင်ရေးကိုသာ တစိုက်မတ်မတ် ဦးတည်နေသောလုပ်ရပ်၊ ပြည်ပအင်အားကြီးနိုင်ငံများ၏ အကူအညီဖြင့် ပိတ်ဆို့ဟန့်တားရေးလမ်းကြောင်းကို ဖန်တီးနေသောလုပ်ရပ်၊ ဆူပူအုံကြွမှုများနှင့် တိုင်းပြည်ပျက်စီးအောင်ကြံဆောင်နေသော လုပ်ရပ်၊ သောင်းကျန်းသူအဖျက်သမားများနှင့် စည်းဝါးရိုက်ပြီး မီးလောင်တိုက်သွင်းနေသောလုပ်ရပ် စသည်တို့ကို လုပ်ဆောင်နေလျှင် ၎င်းတို့၏အကျည်းတန်လုပ်ရပ်များသည် သမိုင်းမှတ်တမ်းဆိုး တစ်ခုအဖြစ် ကျန်နေပေလိမ့်မည်။ ၎င်းကဲ့သို့သော လူပုဂ္ဂိုလ်များနှင့်အဖွဲ့အစည်းများသည် ဂုဏ်သိက္ခာနှင့်အညီ ရှင်သန်ရပ်တည်နိုင်ရေးအတွက် အခွင့်အရေးရှိနိုင်တော့မည် မဟုတ်ပါ။ ကမ္ဘာ့နိုင်ငံအများစုက ယုံကြည်ကိုးစားရသော အဖွဲ့အစည်းကြီး အနေဖြင့်လည်း အကြောင်းအကျိုး တရားများအပေါ် ပကတိအခြေအနေအမှန်အတိုင်း စဉ်းစားချင့်ချိန်၍ မှန်ကန်သောလုပ်ရပ်တစ်ခုကို ချမှတ်လုပ်ဆောင်နိုင်လိမ့်မည်ဟု ယုံကြည်မိပါတော့၏။ ။

---

## နမ့်စန်မြို့မဈေးအား ခုနစ်ရက် ယာယီပိတ်ထားမည်

**နမ့်စန်(တ) ဩဂုတ် ၁၄** – ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု ကြိုတင်ကာကွယ်ရန်အတွက် အမှတ်(၃) ရပ်ကွက်ရှိ မြို့မစည်ပင်သာယာဈေးကြီးအား ဩဂုတ် ၁၄ ရက်မှ ၂၀ ရက်အထိ ယာယီပိတ်ထားမည်ကြောင်း မြို့နယ်စည်ပင်သာယာရေးဌာန၏ ဩဂုတ် ၁၃ ရက် ရက်စွဲပါ ကြေညာချက်အရ သိရသည်။

နမ့်စန်မြို့နယ်စည်ပင်သာယာရေးဌာနပိုင် မြို့မဈေးသို့ ရပ်ဝေးရပ်နီးမှ ဈေးသည်များ လာရောက်ရောင်းချခြင်း၊ ဈေးလှည့်လည်ရောင်းချမှုများရှိခြင်းကြောင့် လူစုလူဝေးမဖြစ်ပေါ်စေရန်ရည်ရွယ်၍ ရက်သတ္တတစ်ပတ် ပိတ်ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ထားဝယ်မြို့၌ တစ်ရက် အောက်ဆီဂျင်အိုး အလုံး ၂၀၀ ထုတ်လုပ်နိုင်မည့် အောက်ဆီဂျင်စက်ရုံတည်ဆောက်

ထားဝယ် ဩဂုတ် ၁၄

**တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ကိုဗစ်-၁၉ ရောဂါ ခံစားခဲ့အတည်ပြုပိုးတွေ့လူနာများ အပါအဝင် အောက်ဆီဂျင်လိုအပ်သော လူနာများအတွက် အရေးပေါ်အောက်ဆီဂျင် လုံလောက်မှုရရှိစေရန် ရည်ရွယ်လျက် တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံး ၂၀၀ အထိ ထုတ်လုပ်နိုင်သည့် အောက်ဆီဂျင်စက်ကို တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ဝယ်ယူဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီတွင် ထားဝယ်မြို့ ကမြောကင်းလမ်း တိုင်းဒေသကြီးလွှတ်တော်ရုံး အနောက်ဘက် တည်ဆောက်ရေးလုပ်ငန်းနေရာသို့ ရောက်ရှိပြီဖြစ်သည်။**



အဆိုပါစက်ရောက်ရှိရာနေရာသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် သစ်လွင်ထူး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးကြရာ အောက်ဆီဂျင်စက်တည်ဆောက်ရေးကုမ္ပဏီတာဝန်ခံ ဦးမျိုးလွင်က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ တည်ဆောက်လျက်ရှိသည့် အောက်ဆီဂျင်စက်ရုံအတွက် အောက်ဆီဂျင်စက်မှာ တရုတ်နိုင်ငံထုတ် NZO-1160 NM3 အမျိုးအစားဖြစ်ပါကြောင်း၊ တစ်ရက်လျှင် အောက်ဆီဂျင် လီတာ ၄၀ ဆံ့အိုး ၂၀၀ အထိ ထုတ်လုပ်နိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အောက်ဆီဂျင်စက် တည်ဆောက်ရေးလုပ်ငန်းများ အလျင်အမြန် ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာကုမ္ပဏီနှင့် တည်ဆောက်ရေးကော်မတီများအနေဖြင့် လည်းကောင်း၊ စက်တပ်ဆင်ပြီးပါက အောက်ဆီဂျင်ထုတ်လုပ်ပြီး အောက်ဆီဂျင်လိုအပ်သည့် လူနာများအား အမြန်ဆုံးဖြန့်ဝေပေးနိုင်ရေးအတွက် တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အနေဖြင့်လည်း ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်နှင့် အောက်ဆီဂျင်စက်ထုတ်လုပ်နိုင်ပြီဆိုပါက အောက်ဆီဂျင်ဖြန့်ဝေသည့် လုပ်ငန်းများကို စနစ်တကျဖြင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေး ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိကြရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

အဆိုပါ အောက်ဆီဂျင်စက်ရုံတည်ဆောက်ရေးအတွက် အောက်ဆီဂျင်စက်ကို တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် လည်းကောင်း၊ ပင်မအဆောက်အအုံ ပေ ၃၀x ပေ ၆၀ ကို တိုင်းဒေသကြီး ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းက တာဝန်ယူဆောက်လုပ်လှူဒါန်းခြင်းဖြင့် လည်းကောင်း၊ အုပ်ချုပ်မှုအဆောက်အအုံတစ်လုံး ပေ ၄၀x ၁၈ ပေ ကို တိုင်းဒေသကြီး ငါးဆရာများအဖွဲ့က တာဝန်ယူဆောက်လုပ်လှူဒါန်းခြင်းဖြင့် လည်းကောင်း ဆောင်ရွက်လျက်ရှိပြီး စက်ရုံတည်ဆောက်ပြီးရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ဗန်းမော်မြို့၌ ကိုဗစ်-၁၉ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် ထောက်ပံ့ငွေပေးအပ်

**ဗန်းမော် ဩဂုတ် ၁၄**

ကချင်ပြည်နယ် ဗန်းမော်ခရိုင်အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ဩဂုတ် ၁၃ ရက်က ဗန်းမော်မြို့၌ ကိုဗစ်- ၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ခရိုင်အတွင်းရှိ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ဘာသာရေး အဖွဲ့အစည်းများ၊ စာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့များအား ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အသုံးပြုရန် အထောက်အကူပြုပစ္စည်းများကို ဖြန့်ဝေပေးအပ်သည်။



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ နံနက် ၇ နာရီခွဲတွင် ဗန်းမော်မြို့ ပေါက်ကုန်းရပ်ကွက် ကုက္ကိုလ်တောဈေး၌ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား နှာခေါင်းစည်းများကို ဖြန့်ဝေပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဗန်းမော်မြို့စုပေါင်းရုံး၌ ခရိုင် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့ရှစ်ဖွဲ့၊ ဘာသာရေးအဖွဲ့အစည်း လေးခုနှင့် စာပေနှင့်ရိုးရာယဉ်ကျေးမှုအသင်းအဖွဲ့ ငါးဖွဲ့တို့မှ စေတနာ့ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ အဖွဲ့အစည်းအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ ကိုဗစ်-၁၉ ရောဂါကို အလျင်မြန်ဆုံးနှင့် အသက်သာဆုံး ထိန်းချုပ်ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် တိုင်းရင်းသားရေးရာဝန်ကြီးတို့က ပြည်နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် တိုင်းရင်းသားရေးရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်လွင်က ခရိုင်အတွင်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေများနှင့် အောက်ဆီဂျင်စက်ရုံ တည်ဆောက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် အမှတ်(၂၁) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် ဒုတိယစစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးကြီး ကျော်သူနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ဗန်းမော်မြို့နယ်နှင့် ရွှေကူမြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ အတည်ပြုလူနာများအတွက် ဆန်၊ ကိုဗစ်-၁၉ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ညောင်ပင်ရပ်ကွက်ရှိ တရုတ်ဘုံကျောင်းအတွင်း စေတနာ့ဝန်ထမ်းလူငယ်များ စုဖွဲ့၍ ဖွင့်လှစ်ထားသည့် အားနွဲ့သူကို ဖေးမကူပရဟိတအဖွဲ့၏ အခမဲ့ဆေးပေးခန်း၊ ဗန်းမော်ပြည်သူ့ဆေးရုံကြီး၊ ဗန်းမော်တက္ကသိုလ်ဝင်းအတွင်း နမ့်ဖားချယ်ရီအမျိုးသမီးဆောင်နှင့် နွမ်လိပန်အမျိုးသမီးဆောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး ကျန်းမာရေးဝန်ထမ်းများနှင့် ကိုဗစ်-၁၉ အတည်ပြုလူနာများအား ထောက်ပံ့ငွေများပေးအပ်ကာ အားပေးစကားပြောကြားသည်။

ထို့နောက် ညနေပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် မြသီတာညွှေ့ရိပ်သာ၌ ကိုဗစ်-၁၉ ကာလအတွင်း မွေးမြူရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် စနစ်တကျ မွေးမြူနိုင်ရေးတို့အတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင် နေကြသူများအား ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ယင်းနောက် ဗန်းမော်မြို့ သိရီမင်္ဂလာ ကံဦးကန်ဦးကျောင်းတိုက်သို့ သွားရောက်ပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ကေသဝထံ ဆန် ၁၀ အိတ်နှင့် အလှူငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

**ပြည်နယ်**
**(ပြန်/ဆက်)**

○ *ကျောဖုံးမှ*

တရားဝင်မိတ်ဆက်ခဲ့သည်။ ၎င်းသည် မန်ယူအသင်း၌ နံပါတ် ၁၉ ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

ပထမပိုင်းပွဲချိန် မိနစ် ၃၀ တွင် မန်ယူအသင်း အဖွင့်ဂိုးရရှိခဲ့ပြီး ပေါ့ဂ်ဘာ၏ ဖန်တီးပေးမှုမှ တစ်ဆင့် ဖာနန်ဒက်ဇ်က သွင်းယူပေးသည်။

ဒုတိယပိုင်းပြန်လည်စတင်ပြီး မကြာမီတွင် လိဒ်စ်အသင်း ချေပဂိုးရရှိခဲ့ကာ ဒါးလပ်စ်၏ ဖန်တီးပေးမှုမှတစ်ဆင့် အလင်က သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် ပွဲချိန် ၅၂ မိနစ်တွင် ပေါ့ဂ်ဘာ၏ ဖန်တီးပေးမှုမှတစ်ဆင့် ဂရင်းဝုဒ်က သွင်းယူပေးနိုင်ခဲ့သည်။ တတိယဂိုးကို ပေါ့ဂ်ဘာ၏ ဖန်တီးပေးမှုမှတစ်ဆင့် ဖာနန်ဒက်ဇ်က သွင်းယူပေးနိုင်ခဲ့သည်။ ထို့အပြင် စတုတ္ထဂိုးကိုလည်း လင်ဒီလော့ဖ်၏ ဖန်တီးပေးမှုမှ တစ်ဆင့် ဖာနန်ဒက်ဇ်က သွင်းယူပေးနိုင်ခဲ့ပြီး ပဉ္စမမြောက်ဂိုးကို ပေါ့ဂ်ဘာ၏ ဖန်တီးပေးမှုမှ တစ်ဆင့်ဖရက်က သွင်းယူပေးနိုင်ခဲ့သည်။

ယနေ့ပွဲစဉ်တွင် မန်ယူအသင်းမှ ပေါ့ဂ်ဘာနှင့် ဖာနန်ဒက်ဇ်တို့ အထူးခြေစွမ်းပြသခဲ့ပြီး ဖာနန်ဒက်ဇ်က ဟက်ထရစ်ရယူနိုင်ခဲ့သလို ပေါ့ဂ်ဘာကလည်း ဂိုးရရှိအောင် လေးကြိမ်အထိ ဖန်တီးပေးထားနိုင်ခဲ့သည်။ မန်ယူအသင်းသည် ယနေ့ပွဲစဉ်တွင် လိဒ်စ်အသင်းထက်သာလွန်သည့် စိတ်ဓာတ်၊ ကောင်းမွန်သည့် ကစားဟန်တို့ကို အိမ်ကွင်းပရိသတ်ရှေ့မှောက်တွင် ထုတ်ပြနိုင်ခဲ့သည်။

အခြားပွဲစဉ်များတွင် တန်းတက် ဘရန့်ဖို့ဒ်က အာဆင်နယ်ကို နှစ်ဂိုး-ဂိုးမရှိ၊ ဘန်လေကို ဘရိုက်တန်က နှစ်ဂိုး-တစ်ဂိုး၊ ချယ်လ်ဆီးက ပဲလေ့စ်ကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး အဲဗာတန်ကလည်း ဆောက်သမ်တန်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရသည်။ ဝက်ဖို့ဒ်က ဗီလာကို သုံးဂိုး- နှစ်ဂိုးဖြင့် အနိုင်ရကာ လက်စတာက ဝုဖ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ လီဗာပူးက အဝေးကွင်း၌ နော့ဝှစ်ချ်ကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

**အောင်ဇော်**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ မည်သည့်ဘဏ်ကိုမျှ ဒေဝါလီခံရန်၊ ပိတ်သိမ်းရန် ဆောင်ရွက်စရာ တစ်စုံတစ်ရာမရှိ၊ ငွေကျပ် ငါးထောင်တန်နှင့် တစ်သောင်းတန် ရုပ်သိမ်းမည်ဆိုသည်မှာလည်း မဟုတ်မှန်ကြောင်းနှင့် ရုပ်သိမ်းရန်မရှိ

**နေပြည်တော်  ဩဂုတ် ၁၄**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ မည်သည့်ဘဏ်ကိုမျှ ဒေဝါလီခံရန်၊ ပိတ်သိမ်းရန် ဆောင်ရွက်စရာ တစ်စုံတစ်ရာမရှိကြောင်း၊ ငွေကျပ် ငါးထောင်တန်နှင့် တစ်သောင်းတန် ရုပ်သိမ်းမည်ဆိုသည်မှာလည်း မဟုတ်မှန်ကြောင်းနှင့် ရုပ်သိမ်းရန်မရှိကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဝင်းသော်က ယမန်နေ့တွင် အတည်ပြုပြောကြားသည်။

လတ်တလော လူမှုကွန်ရက်စာမျက်နှာများတွင် ဘဏ်များနှင့်ပတ်သက်ပြီး ကောလာဟလသတင်းများ ထွက်ပေါ်နေခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းသော်က "အခု အွန်လိုင်းမှာတက်နေတဲ့ ပုဂ္ဂလိကဘဏ်သုံးဘဏ်ကို ဒေဝါလီခံမယ်၊ ဖျက်သိမ်းမယ်ဆိုတဲ့ သတင်းက ကောလာဟလသတင်း ဖြစ်ပါတယ်။ ဒါက သက်သက် နိုင်ငံတော်စီးပွားရေးစနစ်ကို ကမောက်ကမဖြစ်အောင်၊ ပြည်သူလူထုကို အနှောင့်အယှက်ဖြစ်အောင် လုပ်တဲ့သတင်း ဖြစ်ပါတယ်။ လုံးဝမမှန်ဘူးလို့ အတိအလင်း ပြောလိုပါတယ်။

"အများပြည်သူရုံးပိတ်ရက် ပထမဆုံး စတင်ပိတ်တဲ့အချိန်တည်းကိုက မြန်မာနိုင်ငံတော်ဗဟိုဘဏ်နဲ့ ဘဏ်တွေမပါပါဘူး။ ပြည်သူလူထုအနေနဲ့ လက်ရှိမှာ ခံစားနေရတဲ့ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်တဲ့ ကိစ္စရပ်တွေ၊ ဆေးဝါးတွေမှာတဲ့အပေါ်မှာ လွယ်ကူလျင်မြန်စေဖို့နဲ့ ဒီပိတ်ရက်တွေ ရက်ရှည်သွားတဲ့အခါ ကုန်စည်စီးဆင်းမှုတွေ အနှောင့်အယှက်ဖြစ်မှာ စိုးတာကြောင့် ဝန်ကြီးဌာနအနေနဲ့ ရုံးပိတ်သော်လည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်နဲ့ ဘဏ်တွေက ရုံးတက်ဖို့ ခြွင်းချက်အနေနဲ့ ပါပါတယ်။ ရုံးပိတ်ရက်ရှည်မှာ လုပ်ငန်းတွေ မရပ်တန့်အောင်မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကို ချန်လှပ်ထားခဲ့တာ သုံးပတ် ရှိသွားပါပြီ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အပါအဝင် ဘဏ်တွေမှာလည်း ကိုဗစ် - ၁၉ ရောဂါ ကူးစက်မှုတွေ ရှိလာပါတယ်။

"အတည်ပြုလူနာတွေနဲ့ ဆက်စပ်တဲ့သူတွေကလည်း ကွာရန်တင်း ဝင်ရောက်ရတာတွေ ရှိလာပါတယ်။ ဒီလိုဖြစ်လာတဲ့အတွက် ဘဏ်သုံးဘဏ်ပေါင်းပြီးမှ တစ်ဘဏ်ဖွင့်ရတာ၊ နှစ်ဘဏ်ပေါင်းပြီးမှ တစ်ဘဏ်ဖွင့်ရတာ စသဖြင့် အခက်အခဲတွေ ရှိလာပါတယ်။ ကိုဗစ် - ၁၉ ရောဂါ ဖြစ်ပွားမှုနှုန်းကလည်း ဘဏ်တွေမှာ တက်လာပါတယ်။ ဒါကြောင့် ဒီအပတ်မှာ ကျွန်တော်တို့က အခြေအနေအရပ်ရပ်အရ အများပြည်သူကျန်းမာရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အပါအဝင် ဘဏ်တွေကလည်း ကျန်းမာရေးကို ထိန်းသိမ်းတဲ့အနေနဲ့ ပိတ်တာဖြစ်ပါတယ်။

"ဘဏ်တွေပိတ်သော်လည်း ဘဏ်နဲ့ပတ်သက်တဲ့ ပုံမှန်အွန်လိုင်းဘဏ်စနစ်နဲ့ ဒစ်ဂျစ်တယ်ဘဏ်စနစ်တို့က တောက်လျှောက် အမြဲတမ်း သွားလို့ရပါတယ်။ Payment System အားလုံးက အွန်လိုင်းနဲ့ အသုံးပြုနေမှုကို မပျက်ကွက်အောင် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ATM စက်နဲ့ ငွေထုတ်ယူတာကလည်း ပုံမှန်အတိုင်းဖြစ်မှာ ဖြစ်ပါတယ်။ ဒီပိတ်ရက်သည် ဘဏ်လုပ်ငန်း ဆောင်ရွက်မှုကို အနှောင့်အယှက်မရှိပါဘူး။ ပိတ်ရတဲ့ ရည်ရွယ်ချက်သည် ကိုဗစ် - ၁၉ ရောဂါ ပြန့်ပွားမှုကနေ ပြန်လည်ပြီး ထိန်းချုပ်တဲ့ အများပြည်သူရုံးပိတ်ရက်မှာ အများပြည်သူအနေနဲ့ပါဝင်ပြီး ရုံးပိတ်ရက်အနေနဲ့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

"ဒီလိုအချိန်မှာ ပြည်သူလူထု စိတ်အနှောင့်အယှက်ဖြစ်အောင် ဘဏ်တွေပိတ်မယ်တို့၊ ငွေကျပ် ၅၀၀၀ တန်နဲ့ ၁၀၀၀၀ တန်တွေ သိမ်းမယ်တို့ ကိစ္စရပ်တွေနဲ့ သက်သက်နှောင့်ယှက်တာက စိတ်မကောင်းစရာလို့ မြင်ပါတယ်။ မဖြစ်သင့် မဖြစ်ထိုက်တဲ့၊ မလွှင့်သင့် မလွှင့်ထိုက်တဲ့ သတင်းတွေလို့ ယူဆပါတယ်။

"ကျွန်တော် ထပ်မံအတည်ပြုပြောချင်တာက မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ မည်သည့်ဘဏ်ကိုမှ ဒေဝါလီခံစရာ အကြောင်းလည်း မရှိဘူး၊ ပိတ်သိမ်းစရာအကြောင်းလည်း မရှိဘူးဆိုတာကို ထပ်မံအတည်ပြုပြောလိုပါတယ်။ ထို့အတူ ငွေကျပ် ၅၀၀၀ တန်နဲ့ ၁၀၀၀၀ တန်တွေ ရုပ်သိမ်းမယ်ဆိုတာကလည်း လုံးဝရုပ်သိမ်းစရာ အကြောင်းမရှိဘူးဆိုတာကို ထပ်မံအတည်ပြုပြောလိုပါတယ်။ ဒီအတွက်ကြောင့် ပြည်သူလူထုအနေနဲ့ စိတ်အနှောင့်အယှက်မရှိဘဲနဲ့ ပုံမှန်အတိုင်း ဘဏ်နဲ့ပတ်သက်တဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေကို ယုံကြည်စွာ ဆက်လက်ဆောင်ရွက်ကြဖို့ ပြောကြားလိုပါတယ်" ဟု ပြောကြားသည်။

**မောင်ဓန**

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်အဖြစ် တင်မြှောက်ခံရသူများနှင့် ရွေးချယ်တင်မြှောက်ပွဲတွင် ပါဝင်အရွေးချယ်ခံခွင့် ရှိသူများစာရင်းကို အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအသစ် ဖွဲ့စည်းရေးအတွက် ကိုယ်စားလှယ်လောင်း အဆိုပြုလွှာများ တင်သွင်းနိုင်ရန် ၁-၇-၂၀၂၁ ရက်နေ့ နိုင်ငံပိုင်သတင်းစာများတွင် ဖိတ်ခေါ်ထားရှိခဲ့ပြီး အဆိုပြုလွှာများကို ၃၀-၇-၂၀၂၁ ရက်နေ့အတွင်း ပြန်လည်တင်သွင်းရန် ဖိတ်ခေါ်ထားရှိရာ သတ်မှတ်နေ့ရက်၊ အချိန်အတွင်း မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်လောင်း အဆိုပြုလွှာပေးပို့လာသူ (၃၃) ဦး ရှိခဲ့ပါသည်။

၂။ သတင်းမီဒီယာဥပဒေ၊ ပုဒ်မ၁၃၊ ပုဒ်မခွဲ (က)အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကောင်စီဝင်အဖြစ် အမည်စာရင်းပေးပို့ခံရသူ (၃) ဦးမှာ-

(က) ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)
(ခ) ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)
(ဂ) ဦးတင်မောင်ဦး (ကြို့ပင်ကောက်)

၃။ သတင်းမီဒီယာနည်းဥပဒေများ၊ နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ (က) နှင့်အညီ ထုတ်ပြန်ထားသည့် ညွှန်ကြားချက် ၂/၂၀၂၁ အရ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအသစ်ဖွဲ့စည်းရန် ကောင်စီဝင်အရေအတွက်အချိုးအစားအရ ပေးပို့လာသည့် နယ်ပယ်ကိုယ်စားပြုသူ အမည်စာရင်းများမှာ -

(က) မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ
ဒေါ်မြင့်မြင့်သိန်း
(ခ) မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်း
ဦးရဲနိုင်စိုး
(ဂ) မြန်မာနိုင်ငံသတင်းစာဆရာအသင်း
ဦးဇေယျာမြတ်ခိုင်

၄။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအသစ် ဖွဲ့စည်းရန် ကောင်စီဝင်အရေအတွက် အချိုးအစားအတိုင်း ပေးပို့လာခြင်းမရှိသည့် နယ်ပယ်များအတွက် သတင်းမီဒီယာနည်းဥပဒေများ၊ နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ(က)နှင့်အညီ ထုတ်ပြန်ထားသည့် ညွှန်ကြားချက် ၃/၂၀၂၁ အရ ခန့်အပ်ခံရသူ အမည်စာရင်းမှာ-

(က) ဦးရဲအောင်မြင့်
(ခ) ဦးအေးချမ်း
(ဂ) ဒေါက်တာတင်ထွန်း(သထုံတင်ထွန်း)
(ဃ) ဒေါက်တာဇော်သန်း
(င) ဦးအောင်ပြည့်စုံ
(စ) ဦးငွေးအောင် (အထက်မြန်မာနိုင်ငံသတင်းစာဆရာများအသင်း)
(ဆ) ဦးနေလင်း (အမတ်ဒိန်)
(ဇ) ဒေါ်ခင်သန်းနွဲ့ (မမ-လားရှိုး)
(ဈ) ဦးသက်နိုင်ဦး

၅။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ကျန်ရှိသည့် အဆိုပြုလွှာများအပေါ် သတင်းမီဒီယာနည်းဥပဒေများ၊ နည်းဥပဒေ ၁၀ နှင့်အညီ စစ်ဆေးတွေ့ရှိချက်များအရ အရည်အချင်းသတ်မှတ်ချက်များနှင့်ပြည့်စုံပြီး သက်ဆိုင်ရာ နယ်ပယ်အသီးသီးတွင် သတ်မှတ်အချိုးအစားနှင့် ကိုက်ညီသူ(၄) ဦးကို ရွေးချယ်တင်မြှောက်ပွဲကျင်းပရန် မလိုအပ်သဖြင့် သတင်းမီဒီယာကောင်စီဝင်များအဖြစ် အဖွဲ့မှ ရွေးချယ်ရန် ဆုံးဖြတ်ခဲ့သည့် အမည်စာရင်းမှာ-

**(က) သတင်းမီဒီယာအဖွဲ့အစည်းများ**
ဦးတင်အေး (လပြည့်ဝန်းအောင်ကျော်)
**(ခ) မြန်မာနိုင်ငံစာရေးဆရာအသင်း**
(၁) ဒေါက်တာတင်အောင်ရွှေ(တင်အောင်ရွှေ-သုတေသီ)
(၂) ဒေါက်တာအေးမင်း(ဒေါက်တာအောင်ထက် ဆေး-၁)
**(ဂ) မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့**
ပါမောက္ခဒေါက်တာမြသိန်းဟန်

၆။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့အနေဖြင့် အောက်ဖော်ပြပါ ကျန်ရှိသည့် ကိုယ်စားလှယ်လောင်း (၁၁) ဦးအား ရွေးချယ်တင်မြှောက်ပွဲ ကျင်းပပြုလုပ်ပြီး ရွေးချယ်ရန် အဖွဲ့မှ ဆုံးဖြတ်ခဲ့ပါသည်-

(က) တစ်ဦးချင်းရွေးချယ်ခံမည့် သတင်းမီဒီယာသမားများ
(၁) ဦးနေထွန်းဝင်း (နောင်ရဲဦး)
(၂) ဦးကျော်မင်းညွှန့် (လှည်းကူး)
(၃) ဦးသက်ခိုင် (သက်ခိုင်-ရန်ကုန်တက္ကသိုလ်)
(၄) ဦးစိုးမင်း (ရန်ကင်းစိုးမင်း)
(၅) ဦးမောင်မောင်မြင့်အေး
(၆) ဦးအောင်လွင်
(၇) ဦးသိန်းလွင်
(၈) ဦးရဲရင့်စိုးညွှန့်
(ခ) သတင်းအေဂျင်စီများမှ-
(၁) ဦးငွေးအောင်(Orchid)
(၂) ဒေါ်ချိုအိဇင်(နွေဦးလင်း)
(၃) ဦးတင်မောင်ထွေး

၇။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် အဆိုပြုလွှာပေးပို့လာသူများအနက် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ကိုက်ညီမှုမရှိသည့် အဆိုပြုလွှာ (၃) စောင်ကို အဖွဲ့၏ သဘောတူဆုံးဖြတ်မှုဖြင့် ပယ်ချခဲ့ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း အိမ်သုံးဆေးဝါးများသိုလှောင်၍ အမြတ်တင် ရောင်းချနေသည့် ဆေးဂိုဒေါင်များကို စိစစ်အရေးယူ

**ရန်ကုန် ဩဂုတ် ၁၄**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားနေစဉ်ကာလအတွင်း အများပြည်သူအတွက် ဆေးဝါးဈေးနှုန်းမြင့်မားခြင်းမရှိစေရန် ရည်ရွယ်၍ ဆေးဂိုဒေါင်များကို မြို့နယ်အလိုက် အဖွဲ့များဖွဲ့၍ စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် နေ့စဉ် ရောင်းဝယ်နေမှုများကို မထိခိုက်စေရန် ဆေးဝါးဖြန့်ချိရောင်းချနေသော မင်္ဂလာဈေး၊ ရွှေပြည့်စုံဈေး၊ သိမ်ကြီးဈေး၊ ဗိုလ်ချုပ်ဈေးမှ လက်လီလက်ကား ဆိုင်ကြီးများကို ဝင်ရောက်စစ်ဆေးခြင်း မပြုဘဲ သီးသန့် ဂိုဒေါင်များဖြင့် သိုလှောင်ထားသော ဆေးဂိုဒေါင်ကိုးခုကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးများ ကွပ်ကဲရေးဦးစီးဌာန၊ မြို့နယ် ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဆေးဂိုဒေါင်ပိုင်ရှင်နှင့် ကိုယ်စားလှယ်များရှေ့မှောက်တွင် ဂိုဒေါင်လက်ကျန်စာရင်းကောက်ယူခြင်း၊ ကုန်ပစ္စည်းအဝင်အထွက် လယ်ဂျာများ စစ်ဆေးခြင်း၊ ခွင့်ပြုချက်လိုင်စင် ရှိ/မရှိ၊ ယခင်က ဆေးပစ္စည်းများ တင်သွင်းရောင်းချခြင်း (သို့မဟုတ်) ယခုကာလမှသာ ဈေးကွက်အတွင်း ဆေးပစ္စည်းများကို ဝယ်ယူသိုလှောင်ခြင်း၊ ပစ္စည်းများကို ထိန်းချုပ်ထားခြင်း (သို့မဟုတ်) အမြတ်ကြီးစား ရောင်းချရန် ရည်ရွယ်သိုလှောင်ခြင်း ရှိ/မရှိ တတိယနေ့အဖြစ် ထပ်မံဖော်ထုတ် စစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိသည်။

ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စိစစ်နေစဉ်ကာလအတွင်း ဆေးဝါးများ ပုံမှန်ရောင်းချခြင်းလုပ်ငန်း ထိခိုက်မှုမရှိစေရန် ဈေးကွက်အတွင်းသို့ ပို့ဆောင်လိုပါကလည်း ပို့ဆောင်မည့် ပစ္စည်းစာရင်းနှင့် ပို့ဆောင်မည့် ဒေသကို မှတ်သား၍ လွတ်လပ်စွာ ပို့ဆောင်ခွင့်ပြုထားသည်။ ဩဂုတ် ၁၃ ရက်တွင် ဂိုဒေါင်ကိုးလုံးကို ပူးပေါင်းအဖွဲ့ဖြင့် ထပ်မံစစ်ဆေးခြင်း ပြုလိုက်သဖြင့် ဆေးဝါးဈေးကွက်အတွင်း လက်လီ လက်ကားရောင်းချသော ဈေးများတွင် အများပြည်သူအသုံးများသော ဆေးများ၏ ဈေးနှုန်းများ သိသိသာသာ ကျဆင်းသွားကြောင်းလည်း သိရသည်။

တတိယအသုတ် စစ်ဆေးနေသော ဆေးဂိုဒေါင်များအနက် ဈေးနှုန်းမြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ထိန်းချုပ်ရောင်းချခြင်း၊ ပြည်တွင်းပြည်ပမှ ဝယ်ယူတင်သွင်းသည့် အထောက်အထားများ တင်ပြနိုင်မှုမရှိခြင်း၊ သိုလှောင်ထားသည့် ပမာဏများပြားသဖြင့် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ထားခြင်းများ တွေ့ရှိသဖြင့် ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူသွားမည်ဖြစ်သည်။ ပုံမှန်ရောင်းချလျက်ရှိသည့် ဂိုဒေါင်များကို ဆေးဝါးများ ဈေးနှုန်း မြင့်မားမှုမရှိစေရန်၊ ဈေးကွက်အတွင်း ဆေးဝါးဖြန့်ဖြူးမှု ထိန်းချုပ်ခြင်းမပြုရန်၊ အမြတ်ကြီးစား ရောင်းချခြင်းမပြုရန် သတိပေးပြီး ခံဝန်ကတိလက်မှတ်ရေးထိုးစေမည် ဖြစ်သည်။ လုပ်ထုံးလုပ်နည်းနှင့်အညီ ပုံမှန်တင်သွင်းဖြန့်ဖြူးရောင်းချသော ကုမ္ပဏီများကို တစ်စုံတစ်ရာ အရေးယူဆောင်ရွက်ခြင်းပြုမည် မဟုတ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး**
**(ပြန်/ဆက်)**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း




# ပခုက္ကူမြို့နယ် နှောကုန်းကျေးရွာအနီး ဧရာဝတီလင်းပိုင်အသေတစ်ကောင်တွေ့ရှိ

**ပခုက္ကူ ဩဂုတ် ၁၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် မကျီးပင်ပုအုပ်စု နှောကုန်းကျေးရွာအနီး ဧရာဝတီမြစ်ကမ်းနံဘေး ကျူတောအတွင်း၌ ဩဂုတ် ၁၄ ရက် နံနက် ၈ နာရီခွဲက ဧရာဝတီလင်းပိုင်အသေတစ်ကောင် တွေ့ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပခုက္ကူမြို့နယ် နတ်ကျွန်းကျေးရွာအုပ်စုနေ ဦးဖိုးပြုံးသည် ဧရာဝတီမြစ်အတွင်း ရေမျောထင်းများ ရှာဖွေရန် သွားရောက်စဉ် နှောကုန်းကျေးရွာအနီး ဧရာဝတီမြစ်ကမ်း ကျူတောထဲမှ ဧရာဝတီလင်းပိုင်အသေတစ်ကောင်တွေ့ရှိ၍ နတ်ကျွန်းကျေးရွာသို့ သယ်ဆောင်လာခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဧရာဝတီလင်းပိုင် အသေတစ်ကောင် တွေ့ရှိမှုကို ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိန်လှိုင်မှတစ်ဆင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ထံ အကြောင်းကြားရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသက်ခိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး မြင့်စိုး၊ ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးရဲလွင်သိန်း၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်ဌေးအောင်တို့နှင့် အဖွဲ့ဝင် ခုနစ်ဦးသွားရောက်ပြီး လင်းပိုင်အသေကို စစ်ဆေးကြည့်ရာ အရှည် ခြောက်ပေကိုးလက်မ၊ လုံးပတ် လေးပေ၊ နောက်ပိုင်းအမြီးအရှည် နှစ်ပေ တစ်လက်မရှိကြောင်း၊ သေဆုံးသည်မှာ သုံးရက်ခန့်ရှိပြီး ပုပ်ပွလျက်ရှိကာ လင်းပိုင်ဦးခေါင်းငယ်ထိပ်တွင် ဒဏ်ရာတစ်ချက်တွေ့ရှိရကြောင်း၊ ငါးလုပ်ငန်းဦးစီးဌာန၏ လုပ်ငန်းစဉ်အတိုင်း နံနက် ၁၁ နာရီတွင် လင်းပိုင်ကိုယ်ကို ခွဲစိတ်စစ်ဆေးရာ တစ်စုံတစ်ရာ မတွေ့ရှိရသဖြင့် အသက်အရွယ်ကြီးရင့်၍ သေဆုံး ခြင်းဖြစ်နိုင်ကြောင်း၊ ထိုဧရာဝတီလင်းပိုင်အသေကောင် နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ကျင်းတူးမြှုပ်နှံပြီးစီးခဲ့ကြောင်း သိရသည်။

ရှားပါးမျိုးစိတ် ဧရာဝတီလင်းပိုင်များကို ပခုက္ကူမြို့နယ် ရှားတောကျေးရွာနှင့် ညောင်ဦးမြို့နယ် သစ်ထောင့်ကျေးရွာအနီး ပခုက္ကူမြို့နယ် ဆိက္ခဝအုပ်စု ရွာသစ်ကျေးရွာအနီးနှင့် ပခုက္ကူမြို့ ဧရာဝတီတံတား (ပခုက္ကူ) အနီး ဧရာဝတီမြစ်အတွင်း ကျက်စားသွားလာနေမှုများကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလတွင် တွေ့ရှိရပြီး ဒေသခံသတင်းမီဒီယာများနှင့် ရေလုပ်သားများ စုပေါင်း၍ မှတ်တမ်းတင်ဗီဒီယိုနှင့် ဓာတ်ပုံများ ရိုက်ကူးရယူနိုင်ခဲ့ကြကြောင်း၊ ဧရာဝတီလင်းပိုင်များ မျိုးသုဉ်းပျောက်ကွယ်မှုမရှိစေရေးအတွက် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် ရေလုပ်သားများအနေဖြင့် ဝိုင်းဝန်းပြီး စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်သင့်ကြောင်း ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးရဲလွင်သိန်းက ပြောသည်။

**ဆလိုင်းကိုကီး (ပြန်/ဆက်)**



ဧရာဝတီလင်းပိုင်အသေကို တာဝန်ရှိသူများက စစ်ဆေးစဉ်။

သစ်တောမှန်လျှင် အသုံးဝင်၊
အစဉ်ထာဝရ ထိန်းသိမ်းကြ။

# ကိုဗစ်-၁၉ စည်းကမ်း ချိုးဖောက်သူများကို ဩစတြေးလျဒေါ်လာ ၅၀၀၀ ဒဏ်ငွေချမှတ်မည်

ဆစ်ဒနီ ဩဂုတ် ၁၄

**ဩစတြေးလျနိုင်ငံ နယူးဆောက်သ်ဝေးပြည်နယ်တွင် ကိုဗစ်-၁၉ ကူးစက်မှုများပြားလာမှုကို ခံစားနေရပြီး ဩဂုတ် ၁၄ ရက်တွင် ဒေသတွင်းကူးစက်ခံရသူ ၄၆၆ ဦး ထပ်မံတွေ့ရှိခဲ့သည်။ နောက်ထပ်သေဆုံးသူ လေးဦးတိုးလာသည့်အတွက် သေဆုံးသူစုစုပေါင်းမှာလည်း ၄၃ ဦး ရှိခဲ့သည်။**

ယင်း အခြေအနေများကို ထိန်းချုပ်ရန်အတွက် တင်းကျပ်သည့်စည်းကမ်းများ ချမှတ်ရန် အာဏာပိုင်များက ကြေညာခဲ့သည်။ ဩဂုတ် ၁၆ ရက်မှ စတင်ကာ ဆစ်ဒနီမြို့ အနီးပတ်ဝန်းကျင်ဒေသများတွင် အပြင်ထွက်ခွင့်အကွာအဝေးကို ၁၀ ကီလိုမီတာသတ်မှတ်ထားရာမှ ငါးကီလိုမီတာအတွင်းဟုသာ ပြောင်းလဲသတ်မှတ်ခဲ့သည်။

ဩဂုတ် ၂၁ ရက်မှ စတင်ကာ နယူးဆောက်သ်ဝေးပြည်နယ်တွင် ခရီးသွားလာသူများ ခရီးသွားလာခွင့်ရမည် ဖြစ်သည်။ တစ်ကိုယ်တည်း သီးခြားခွဲနေထိုင်ခြင်း၊ ခြေရာခံလိုက်ရာတွင် အမှန်အတိုင်း မပြောခြင်းများ အပါအဝင် ကိုဗစ်-၁၉ စည်းကမ်းများကို ချိုးဖောက်သူများကို ဩစတြေးလျဒေါ်လာ ၅၀၀၀ ဒဏ်ငွေချမှတ်မည်ဟု သိရသည်။

လူနှစ်ဦးသာ အပြင်ထွက်ခွင့်ရသည့်စည်းကမ်းကို ချိုးဖောက်သူများကိုလည်း ဩစတြေးလျဒေါ်လာ ၃၀၀၀ ဒဏ်ကြေးချမှတ်မည်ဟု သိရသည်။ နယူးဆောက်သ်ဝေးတွင် နေထိုင်ကြသည့် ပြည်သူများသည် စိတ်အပန်းဖြေရေးအတွက် အိမ်ပြင်ထွက်ခွင့်မရခြင်း၊ ပန်းခြံများနှင့် စားသောက်ဆိုင်များတွင် ပါဆယ်ဝယ်ယူခွင့်မရတော့မည်ကိုလည်း စိုးရိမ်နေကြသည်။

ဆင်ဟွာ




ဆစ်ဒနီတွင် ကာကွယ်ဆေးထိုးရန်စောင့်ဆိုင်းနေကြသူများကို တွေ့ရစဉ်။

# တာလီဘန်များက အစိုးရတပ်များကို ထိုးစစ်ဆင်နွှဲမှုများရပ်နားထားရန် ကုလအကြီးအကဲတောင်းဆို

ဂျီနီဗာ ဩဂုတ် ၁၄

အာဖဂန်နစ္စတန်အစိုးရတပ်များအပေါ် ထိုးစစ်ဆင်နေမှုများရပ်နားထားရန် တာလီဘန်များကို ဩဂုတ် ၁၃ ရက်တွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က တိုက်တွန်းပြောကြားခဲ့သည်။ အာဖဂန်နစ္စတန်နှင့်ပြည်သူများ၏ အကျိုးစီးပွားအတွက်ဆွေးနွေးပွဲသို့ ပြန်လာရန်လည်း တိုက်တွန်းထားသည်။

အာဖဂန်နစ္စတန်တွင် ထိန်းချုပ်မှုများ ပြိုလဲနေပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများမှာ နာရီနှင့်အမျှ လိုအပ်နေသည်ဟု ကုလသမဂ္ဂဌာနချုပ်တွင် အရာရှိများက သတင်းထောက်များကို ပြောသည်။ စစ်ပွဲများကြောင့် ထိခိုက်ခံစားနေရသည့်ပြည်သူများအတွက်လည်း နောက်ထပ်ထိခိုက်ခံစားမှုမျိုးနှင့် မကြုံတွေ့ချင်တော့ကြောင်း၊ ဟယ်မန်း၊ ကန်ဒဟာနှင့် ဟီရတ်ပြည်နယ်တို့တွင်လည်း တိုက်ပွဲများအတွင်း လူပေါင်း ၁၀၀၀ ကျော် သတ်ဖြတ်ခံရခြင်းနှင့် ဒဏ်ရာရခြင်းတို့ဖြစ်ပေါ်ခဲ့သည်ဟု သိရသည်။




ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်အန်တိုနီယိုဂူတာရက်စ်

တာလီဘန်နှင့် အာဖဂန်လုံခြုံရေးတပ်ဖွဲ့များကြား တိုက်ပွဲများကြောင့် ဆုံးရှုံးနစ်နာမှုများကြီးမားရသည်ဟုလည်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ပြောသည်။ လူပေါင်း ၂၄၁၀၀၀ မှာ နေရပ်စွန့်ခွာထွက်ပြေးရန် ဖိအားပေးခံရပြီး ဆေးရုံများမှာလည်း လူနာများနှင့် ပြည့်နှက်နေသည်။ အစားသောက်နှင့် ဆေးဘက်ထောက်ပံ့ရေးပစ္စည်းများမှာလည်း တဖြည်းဖြည်းချင်း လျော့ပါးလာပြီဖြစ်သည်။

လမ်းများ၊ တံတားများ၊ ကျောင်းများနှင့် ဆေးပေးခန်းများအပါအဝင် အခြားသောအရေးပါသည့် အခြေခံအဆောက်အအုံများလည်းဖျက်ဆီးခံရသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဆင်ဟွာ

# ဘရူနိုင်းနိုင်ငံတွင် ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူ ၅၅ ဦး ထပ်မံတွေ့ရှိ

ဘန်ဒါဆီရီဘီဂါဝမ် ဩဂုတ် ၁၄

ဘရူနိုင်းနိုင်ငံတွင် ဩဂုတ် ၁၃ ရက်က ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၅၅ ဦး ထပ်မံတွေ့ရှိခဲ့ပြီး ဒေသတွင်းကူးစက်ခံရသူ ၅၄ ဦးနှင့် ပြည်ပမှကူးစက်ခံလာရသူတစ်ဦးရှိသည်ဟု သိရသည်။ ထို့ကြောင့် စုစုပေါင်းကူးစက်ခံရသူအရေအတွက်မှာ ၅၉၈ ဦး ရှိသည်ဟု သိရသည်။ ဘရူနိုင်းကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ ပြည်တွင်းကူးစက်မှု ၂၂ ဦးကို စစ်ဆေးမှုပြုလုပ်နေပြီး ၂၇ ဦးမှာ ယခင်ကူးစက်မှုများနှင့် အဆက်အစပ်ရှိသည်ဟု သိရသည်။ ယခုကူးစက်မှုများတွင် ယခင် ကူးစက်သူများနှင့် အဆက်အစပ်ရှိသည့်အတွက် အသွားအလာကန့်သတ်ထားသူများဖြစ်သည်။ နိုင်ငံရပ်ခြားမှ ကူးစက်ခံလာရသူမှာ ဇူလိုင် ၃၀ တွင် ဗြိတိန်နိုင်ငံမှ ပြန်လာသူဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် နောက်ထပ်ကူးစက်ခံရသူများနှင့် ထိတွေ့မိသူများကို ခြေရာခံမှုများပြုလုပ်နေသည်။

ဆင်ဟွာ

# အမေရိကန်တွင် ကိုဗစ် – ၁၉ ကြောင့် ဆေးရုံတက်ရသည့်လူငယ်အရေအတွက်ပိုလာ

နယူးယောက် ဩဂုတ် ၁၄

အသက် ၃၀ နှင့် ၃၉ နှစ်ကြား ကိုဗစ် –၁၉ကြောင့်ဆေးရုံတက်ရသည့်လူနာအရေအတွက်မှာ အမေရိကန်တွင် မကြာသေးမီအချိန်အတွင်း များပြားလာသည်ဟု အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ဖော်ပြချက်အရ သိရသည်။ ထို့ပြင် အသက် ၁၈နှစ်အောက် ဆေးရုံတက်ရသည့်လူနာအရေအတွက်မှာလည်း ဆက်လက်များပြားနေဆဲပင်ဖြစ်သည်။

ဂျော်ဂျီရာ၊ တန်နက်ဆီ၊ တောင်ကာရိုလိုင်းနားနှင့် လူဝီစီယားနားပြည်နယ်တို့တွင် ကိုဗစ် –၁၉ ကြောင့် ဆေးရုံတက်ရသည့် ကလေးအရေအတွက်မှာ နှစ်ဆဖြစ်ခဲ့သည်။ ဖလော်ရီဒါမှာ တိုင်းပြည်အတွင်း ဆေးရုံတက်ရမှုနှုန်းအမြင့်ဆုံးဖြစ်သည်ဟု အမေရိကန် ကျန်းမာရေးနှင့် ဝန်ဆောင်မှုဌာန၏ ဖော်ပြချက်အရ သိရသည်။ ဖလော်ရီဒါတွင် လူပေါင်း ၁၀၀၀၀၀ တွင် ၆၅ ဦးကျော်မှာ ကိုဗစ် –၁၉ကြောင့်ဆေးရုံတက်နေရသည်ဟု သိရသည်။ အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်–၁၉ ကြောင့် ဆေးရုံတက်ရသူ များပြားနေခြင်းမှာ တစ်လကျော် ကြာမြင့်နေပြီဖြစ်သည်။ ပြီးခဲ့သည့်သီတင်းပတ်အတွင်း လူနာ ၂၅၀၀ ကျော် နေ့စဉ်ထပ်တိုးနေသည်။

ဆင်ဟွာ



ကိုဗစ် –၁၉ ကြောင့် ဆေးရုံတက်ကာ ကုသမှုခံယူနေသူတစ်ဦးကို တွေ့ရစဉ်။

## ဒိုင်နိုဆော ခြေရာမိတ္တူ ဂျပန်နိုင်ငံတွင်ပြသမည်

တိုကျို ဩဂုတ် ၁၄ – တရုတ်နိုင်ငံတွင် ရှာဖွေတွေ့ရှိခဲ့သည့် သက်တမ်း ၁၂၅ သန်းရှိ ဒိုင်နိုဆောရုပ်ကြွင်း ခြေရာနမူနာမိတ္တူကို တိုကျိုမြို့အနီး ကာဝါဆာကီမြို့ ဖူဂျီကိုအက်ဖ် ဖူဂျီအိုပြတိုက်တွင် ပြသသွားမည်ဟု သိရသည်။

တရုတ်နိုင်ငံ ဘူမိသိပ္ပံတက္ကသိုလ်မှ တွဲဖက်ပါမောက္ခ ရှင်းလီဒါအပါအဝင် သုတေသီများက လွန်ခဲ့သည့်နှစ် ဇူလိုင်လအတွင်း အဆိုပါဒိုင်နိုဆောရုပ်ကြွင်းခြေရာကို စီချွမ်းပြည်နယ်တွင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ အလျား လေးမီတာ ရှည်လျားသည့် အဆိုပါရုပ်ကြွင်းမှာ အသစ်ရှာဖွေတွေ့ရှိထား သည့် အသားစားတိရစ္ဆာန် ဒိုင်နိုဆော၏ခြေရာဟု ယူဆရသည်။

အင်န်အိတ်ချ်ကေ

# ကိုဗစ်-၁၉ ကာလအတွင်း ကမ္ဘာ့စီးပွားရေး နာလန်ထူဖို့ ကမ္ဘာလုံးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကို တည်ဆောက်စို့

**လင်းဟန်သစ်**



ကိုဗစ်-၁၉ ကာလအတွင်း အဆိုးဆုံးအခြေအနေအထိ ကျဆင်းလာတဲ့ စီးပွားရေးအခြေအနေကို ကိုယ်စားပြုဖော်ပြသော ပုံတစ်ပုံကို တွေ့ရစဉ်။

ကိုဗစ်-၁၉ ရဲ့အကျိုးဆက်ကြောင့် ကမ္ဘာကြီးဟာ ဆယ်စုနှစ်အတွင်းမှာ အဆိုးရွားဆုံး စီးပွားပျက်ကပ်နဲ့ ရင်ဆိုင်နေရပြီး တစ်ကမ္ဘာလုံး အထိခိုက်မခံဘဲ ပြောင်းလွယ်ပျက်လွယ် ဖြစ်နေပါတယ်။ ဒူပေနာပေ ခံနိုင်တဲ့ ကမ္ဘာကြီးအတွက်ဆိုရင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအသစ်တွေ လိုအပ်လျက်ရှိပါတယ်။ ဒီအခြေအနေမှာတော့ တရုတ်နိုင်ငံဟာ အပြုသဘောဆောင်တဲ့အခန်းက ပါဝင်နေတယ်လို့ ပေကျင်းမှာကျင်းပခဲ့တဲ့ အစည်းအဝေးမှာ ကျွမ်းကျင်သူတွေက ပြောကြားလိုက်ပါတယ်။

**အပြည်ပြည်ဆိုင်ရာ ယှဉ်ပြိုင်မှုတွေကြား မယုံကြည်မှုတွေမြင့်တက်လာ**

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ရဲ့ ကမ္ဘာ့စီးပွားရေး သုံးသပ်ချက်အရ ကမ္ဘာ့စီးပွားရေးဟာ ၂၀၂၀ ပြည့်နှစ်မှာ ၃ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ပါတယ်။ လွတ်လပ်တဲ့ကုန်သွယ်ရေး အပေါ် သံသယပွားနေချိန် ရှုပ်ထွေးလှတဲ့ အပြည်ပြည်ဆိုင်ရာ ယှဉ်ပြိုင်မှုတွေကြား နိုင်ငံအချင်းချင်းလည်း မယုံကြည်မှုတွေ မြင့်တက်လာပါတယ်။

တစ်ကမ္ဘာလုံး ကြေမွသွားမလား။ သို့မဟုတ် တိုးတက်မှုတွေ ရပ်တန့်သွားမလား။ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုရဲ့ အနာဂတ်က ဘာလဲ။

တစ်ကမ္ဘာလုံးဟာ နဂိုအတိုင်းပြန်မကောင်းနိုင်တဲ့ သမိုင်းကြောင်းဆိုင်ရာ အနေအထားတွေရှိပါတယ်လို့ တရုတ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖွဲ့ ဥက္ကဋ္ဌနဲ့ တရုတ်ကုန်သွယ်ရေးဝန်ကြီးဟောင်း ချန်ဒီမင်းက ပေကျင်းမှာကျင်းပခဲ့တဲ့ ခုနစ်ကြိမ်မြောက် တရုတ်နဲ့ တစ်ကမ္ဘာလုံး ဆိုင်ရာညီလာခံမှာ ပြောကြားလိုက်ပါတယ်။

အဲဒီညီလာခံကို နိုင်ငံခြားသံအမတ်တွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ စီးပွားရေးလုပ်ငန်းတွေက တရုတ်အရာရှိတွေ၊ ပညာရှင်တွေနဲ့ ခေါင်းဆောင်တွေအပါအဝင် လူ ၄၀၀ တက်ရောက်ခဲ့ကြပါတယ်။

**ဖွံ့ဖြိုးမှုအတွက် အဓိက လမ်းကောင်းတစ်ခု**

သိပ္ပံဆိုင်ရာတွေနဲ့ နည်းပညာတွေ တစ်ဟုန်ထိုးတိုးတက်နေတဲ့ နည်းပညာခေတ်မှာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းဟာ ဖွံ့ဖြိုးမှုအတွက် အဓိက လမ်းကြောင်းတစ်ခု ဖြစ်ပါတယ်။ လူသားတွေဟာ ပူးပေါင်းဆောင်ရွက်ရမယ်။ ကမ္ဘာကြီးရဲ့ရှေ့အလားအလာဟာ မရပ်တန့်ရဘူးလို့ ချန်က ပြောပါတယ်။

သို့သော်လည်း ထိရောက်တဲ့အုပ်ချုပ်မှုမရှိဘဲ ကမ္ဘာကြီးဟာ သာမန်လူထုရဲ့အကျိုးကို ရည်မှျော်တယ်ဆိုတဲ့ ဗဟုဝါဒီနဲ့ ကျဉ်းမြောင်းတဲ့ အမျိုးသားလွတ်မြောက်ရေးစိတ်ဓာတ်ကြောင့် နှောင့်နှေးမှုတွေ ဖြစ်နိုင်ပါတယ်။ ဒါဟာ ကျွန်တော်တို့တွေ ဒီနေ့အတူတကွရင်ဆိုင်နေရတဲ့ ကမ္ဘာကြီးရဲ့ ရှုပ်ထွေးလှတဲ့ စိန်ခေါ်မှုတစ်ခုပဲဖြစ်ပါတယ်လို့ ချန်က ဆက်လက်ပြောကြားလိုက်ပါတယ်။

**ကိုဗစ်-၁၉ ကာလမှာ စိတ်ပျက်ဖွယ်ကောင်းတဲ့ အခြေအနေမှာရှိနေ**

ကိုဗစ်-၁၉ အခြေအနေဟာ စိတ်ပျက်ဖွယ်ကောင်းတဲ့အခြေအနေမှာ ရှိနေပါသေးတယ်။ ရာသီဥတုပြောင်းလဲလာတဲ့ ကိစ္စကလည်း ပိုလို့တောင် ဖိအားများနေပါသေးတယ်။ ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှုဟာ မသေချာမှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ဒီအခြေအနေတွေကြောင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းဟာ ပိုလို့တောင် အရေးပါလာပါတယ်။

ကမ္ဘာ့ဘဏ်ရဲ့ သုတေသနအသစ်မှာတွေ့ရှိချက်အရ ကိုဗစ်-၁၉ ကပ်ရောဂါဟာ နိုင်ငံတွေကို သီးခြားထုတ်လုပ်စွမ်းအားကို ဖန်တီးနေတာထက်စာရင် စုပေါင်းစွမ်းအားကို ပိုမိုဖန်တီးဖြစ်ပေါ်စေပါတယ်။

**ကုန်သွယ်ရေးက စွမ်းအားပြည့်တဲ့မောင်းနှင်မှု**

ကမ္ဘာ့စီးပွားရေး နာလန်ထူဖို့အတွက် ကုန်သွယ်ရေးက စွမ်းအားပြည့်ဝတဲ့ မောင်းနှင်မှုတစ်ခုသဖွယ် ထောက်ပံ့မှုတွေလုပ်ဆောင်နေပါတယ်လို့ ကမ္ဘာ့ဘဏ်ရဲ့ တရုတ်၊ မွန်ဂိုလီးယားနဲ့ တောင်ကိုရီးယား နိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး မာတင်ရေဆာက ပြောပါတယ်။

ရေဆာရဲ့အမြင်ဟာ နိုင်ငံပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဝင်တွေရဲ့ သဘောထားအမြင်နဲ့ ထပ်တူထင်ဟပ်နေပါတယ်။

ကျွန်တော်တို့ကမ္ဘာကြီးဟာ ကမ္ဘာ့ကုန်စည်စီးဆင်းမှုတွေနဲ့ ကုန်ပစ္စည်း ကွင်းဆက်တွေကြား နက်ရှိုင်းစွာ ပူးပေါင်းဖြစ်တည်ပြီး တစ်ခုနဲ့တစ်ခုကြား ခွဲခြားမရပါဘူး။ နောက်တစ်ဆင့်ကတော့ ဒစ်ဂျစ်တယ်စက်မှုလုပ်ငန်းနဲ့ စက်မှုလုပ်ငန်းတွေကို ဒစ်ဂျစ်တယ် စနစ်ပြုပြင်ပြောင်းလဲမှုတွေရဲ့ တိုးတက်မှုတွေပဲ ဖြစ်ပါတယ်။

**ကမ္ဘာ့စီးပွားရေး ပေါင်းစပ်ဖြစ်ပေါ်မှုအတွက် ထောက်ပံ့ပေး**

ကမ္ဘာလုံးဖြစ်စဉ်ကြီးဟာ ကမ္ဘာ့စီးပွားရေး ပေါင်းစပ်ဖြစ်ပေါ်မှုအတွက် မရှိမဖြစ်တဲ့ ဖွဲ့စည်းပုံကို ထောက်ပံ့ပေးနေပါတယ်။

ဘောဇ်တွန်ဆွေးနွေးညှိနှိုင်းရေးအဖွဲ့က ထုတ်ပြန်လိုက်တဲ့ မကြာသေးမီက သတင်းထုတ်ပြန်ချက်တစ်ခုအရ ပေါင်းစပ်တည်ရှိနေတဲ့ စက်မှုလုပ်ငန်းကွင်းဆက်ဟာ ကမ္ဘာပေါ်မှာ အကောင်းဆုံးအဆီအနှစ် အရင်းအနှီးများနဲ့ တည်ဆောက်ထားတဲ့ စက်မှုလုပ်ငန်းဖြစ်တယ်လို့ ဖော်ပြထားပါတယ်။

ဒါကြောင့်မို့ နယ်စပ်ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုလိုအပ်လာပါတယ်။ ဘယ်နိုင်ငံကမှ တစ်နိုင်ငံတည်း နည်းပညာကို လွှမ်းမိုးထားလို့မရပါဘူး။ ရနိုင်သမျှသော အဆက်အသွယ် အချိတ်အဆက်များကို လက်လှမ်းထားရမှာ ဖြစ်ပါတယ်။

**စိန်ခေါ်မှုကြီးတွေနဲ့ ရင်ဆိုင်နေရ**

ကမ္ဘာလုံးဆိုင်ရာဖြစ်စဉ်ကြီးဟာ အဓိကစိန်ခေါ်မှုကြီးလေးခုနဲ့ ရင်ဆိုင်နေပါတယ်။ အဲဒီစိန်ခေါ်မှုကြီးတွေကတော့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှု၊ ပထဝီဝင်နိုင်ငံရေးဆိုင်ရာ အကျပ်အတည်း၊ ဆိုက်ဘာတိုက်ခိုက်မှု၊ ငွေကြေးအကျပ်အတည်း စတာတွေပဲ ဖြစ်ပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ဖြစ်ပွားနေတဲ့ကာလမှာ နိုင်ငံပေါင်းစုံ အဖွဲ့အစည်းတွေကြား အကျပ်အတည်းစီမံခန့်ခွဲမှုဟာ ဘယ်လောက်တောင် အရေးပါသလဲဆိုတာကို ဖော်ပြနေပါတယ်။

**ကမ္ဘာလုံးဆိုင်ရာ အခွင့်အလမ်းသစ်တွေ ယူဆောင်လာ**

ကိုဗစ်-၁၉ ဟာ ကမ္ဘာ့စီးပွားရေးစိန်ခေါ်မှုနဲ့ ကမ္ဘာလုံးဆိုင်ရာ အခွင့်အလမ်းသစ်တွေကို ယူဆောင်လာတယ်လို့ ကျွမ်းကျင်သူတွေက ပြောကြားလိုက်ပါတယ်။

စိန်ခေါ်မှုတွေကို အခွင့်အလမ်းတွေအဖြစ်အသုံးချရင်း ဒီနေ့ ကမ္ဘာကြီးရင်ဆိုင်နေရတဲ့ အခြေအနေတွေကို အကောင်းဆုံး ကျော်လွှားသွားရမှာပဲ ဖြစ်ပါတယ်။

ကိုးကား - ဆင်ဟွာ

- ❒ **ကမ္ဘာလုံးဆိုင်ရာဖြစ်စဉ်ကြီးဟာ အဓိကစိန်ခေါ်မှုကြီးလေးခုနဲ့ ရင်ဆိုင်နေပါတယ်။ အဲဒီစိန်ခေါ်မှုကြီးတွေကတော့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှု၊ ပထဝီဝင်နိုင်ငံရေးဆိုင်ရာ အကျပ်အတည်း၊ ဆိုက်ဘာတိုက်ခိုက်မှု၊ ငွေကြေးအကျပ်အတည်း စတာတွေပဲ ဖြစ်ပါတယ်။**
- ❒ **ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ဖြစ်ပွားနေတဲ့ကာလမှာ နိုင်ငံပေါင်းစုံ အဖွဲ့အစည်းတွေကြား အကျပ်အတည်းစီမံခန့်ခွဲမှုဟာ ဘယ်လောက်တောင် အရေးပါသလဲ ဆိုတာကို ဖော်ပြနေပါတယ်။**

# ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) သို့ လှူဒါန်းနိုင်ရန် အသိပေးကြေညာချက်

၁။ ကိုဗစ်–၁၉ ကာကွယ်ဆေး ဝယ်ယူနိုင်ရေးအတွက် ကိုဗစ်–၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေ (COVID–19 Vaccination Fund) ကို မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်) တွင် အောက်ပါအတိုင်း ဖွင့်လှစ်ထားပါသည်–

**(က) ကိုဗစ်–၁၉ ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (နိုင်ငံခြားငွေစာရင်းအမှတ် EDC 600012)။**

ငွေစာရင်းတွင် နိုင်ငံတော်မှ မတည်ရန်ပုံငွေကျပ် ၃၃၈ ဘီလီယံခန့်နှင့်ညီမျှသော အမေရိကန်ဒေါ်လာ သန်း ၂၅၀ ကို ထည့်သွင်းထားပါသည်။

**(ခ) ကိုဗစ်–၁၉ ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (မြန်မာကျပ်ငွေစာရင်းအမှတ် OA 013733)။**

ငွေစာရင်းတွင် နိုင်ငံတော်မှ မတည်ရန်ပုံငွေကျပ် သန်း ၁,၀၀၀ ကို ထည့်သွင်းထားပါသည်။

၂။ သို့ဖြစ်ပါ၍ ကာကွယ်ဆေးဝယ်ယူရေးအတွက် ပြည်တွင်း/ ပြည်ပမှ ပါဝင်လှူဒါန်းလိုကြသော ပြည်သူများ၊ အဖွဲ့အစည်းများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)ရှိ ကိုဗစ်–၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (နိုင်ငံခြားငွေစာရင်းအမှတ် EDC 600012) သို့ မည်သည့်နိုင်ငံခြားငွေ အမျိုးအစားကိုမဆို ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် ကိုဗစ်–၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေ (မြန်မာကျပ်ငွေစာရင်းအမှတ် OA 013733) သို့ မြန်မာကျပ်ငွေဖြင့် လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ လှူဒါန်းသူများအနေဖြင့် ပြည်တွင်းနေရာဒေသအသီးသီးရှိ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် အခြားပြည်တွင်းပုဂ္ဂလိကဘဏ်အသီးသီးတို့တွင် အထက်အပိုဒ် ၁ (က) နှင့် (ခ) ပါ ငွေစာရင်းအမှတ်များကို ဖော်ပြလှူဒါန်းနိုင်ပါသည်။

၄။ အလှူရှင်စာရင်းကို မှတ်တမ်းထားရှိနိုင်ရန်အတွက် လှူဒါန်းသူများအနေဖြင့် အလှူရှင်အမည်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာတို့ကို ပြည့်စုံစွာဖော်ပြပေးပါရန်နှင့် အလှူငွေများ ထည့်သွင်းပြီးပါက email: treasury05@365mopf.gov.mm, treasury10@365mopf.gov.mm သို့ အလှူငွေပေးသွင်းထားသည့် အထောက်အထားများကို ပေးပို့စေလိုပါသည်။

၅။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းမေးမြန်း လှူဒါန်းနိုင်ပါသည်။

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ် | ၀၆၇–၃၄၁၀၁၅၆ |
| ငွေတိုက်ဦးစီးဌာန | ၀၉–၄၅၀၄၅၅၂၃၇ |
| ဒုတိယညွှန်ကြားရေးမှူးချုပ် | ၀၆၇–၃၄၁၀၁၅၈ |
| ငွေတိုက်ဦးစီးဌာန | ၀၉–၂၅၄၅၅၈၄၂၄ |

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

❊ *ကျောဖုံးမှ*

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၁၄–၈–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၁,၀၂၇)ခု | (၂၉၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpertစက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၇၉)ခု | (၄၇)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၉၄)ခု | (၆၀)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇၃၉)ခု | (၂၃၇)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၉၇) ခု | (၄၆) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၇၂)ခု | (၄၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၄၃၈)ခု | (၄၄၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈,၄၈၈)ခု | (၂,၂၄၃)ဦး |
| **စုစုပေါင်း** | (၁၃,၀၃၄)ခု | (၃,၄၁၉)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၁၄-၈ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၇၃၆၄၇၀၀ | ၃၀၁၃၀၀၉၂ | ၆၃၇၁၆၁ |
| ၂။ | အိန္ဒိယ | ၃၂၁၅၆၄၉၃ | ၃၁၃၃၈၀၈၈ | ၄၃၀၇၆၂ |
| ၃။ | ဘရာဇီး | ၂၀၃၁၉၀၀၀ | ၁၉၁၇၃၉၁၇ | ၅၆၇၉၁၄ |
| ၄။ | ရုရှား | ၆၅၇၉၂၁၂ | ၅၈၆၇၈၉၀ | ၁၆၉၆၈၃ |
| ၅။ | ပြင်သစ် | ၆၄၂၅၄၃၆ | ၅၈၆၆၁၃၄ | ၁၁၂၅၆၁ |
| ၆။ | ဗြိတိန် | ၆၂၁၁၈၆၈ | ၄၇၇၀၀၅၆ | ၁၃၀၈၀၁ |
| ၇။ | တူရကီ | ၆၀၃၉၈၅၇ | ၅၅၇၅၂၁၄ | ၅၂၈၆၀ |
| ၈။ | အာဂျင်တီးနား | ၅၀၇၄၇၂၅ | ၄၇၂၅၄၂၆ | ၁၀၈၈၀၅ |
| ၉။ | ကိုလံဘီယာ | ၄၈၆၀၆၂၂ | ၄၆၈၁၂၃၁ | ၁၂၃၂၂၁ |
| ၁၀။ | စပိန် | ၄၆၉၃၅၄၀ | ၃၈၈၈၇၁၇ | ၈၂၄၇၀ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၁၄– ၈ – ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၃၈၃၃၅၄၁ | ၃၃၂၁၅၉၈ | ၁၁၆၃၆၆ |
| ဖိလစ်ပိုင် | ၁၇၂၇၃၂၁ | ၁၅၉၈၃၁၄ | ၃၀၀၇၀ |
| မလေးရှား | ၁၃၈၄၃၅၃ | ၁၁၂၈၁၈၃ | ၁၂၂၂၈ |
| ထိုင်း | ၈၈၅၂၇၅ | ၆၆၇၅၅၆ | ၇၃၄၃ |
| မြန်မာ | ၃၅၁၆၀၅ | ၂၆၇၇၄၀ | ၁၃၀၇၈ |
| ဗီယက်နမ် | ၂၅၅၇၄၈ | ၉၂၇၃၈ | ၅၀၈၈ |
| ကမ္ဘောဒီးယား | ၈၄၈၆၀ | ၇၉၆၅၄ | ၁၆၆၆ |
| စင်ကာပူ | ၆၆၁၀၉ | ၆၄၅၃၇ | ၄၄ |
| လာအို | ၉၈၉၄ | ၄၂၄၀ | ၉ |
| ဘရူနိုင်း | ၆၄၀ | ၃၃၀ | ၃ |

# ကိုဗစ်-၁၉ မျိုးကွဲများနှင့် အနာဂတ်တွင် ဖြစ်နိုင်ဖွယ်ရာများ

ကိုလူ

အခုချိန်မှာ ဖြစ်ပွားလျက်ရှိတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါဘေးကို တစ်ကမ္ဘာလုံးက ရင်ဆိုင်နေရတဲ့အချိန်မှာ ဆေးပညာရှင်တွေနဲ့ လူထုကို စိုးရိမ်လာစေတာက ဗိုင်းရပ်စ်ရဲ့ မျိုးဗီဇပြောင်းလဲမှုပဲ။ ဒီရောဂါကို စဖြစ်စေခဲ့တဲ့ ဝူဟန်မြို့မှ ဗိုင်းရပ်စ်ကနေပြီး မျိုးကွဲတွေများစွာ ပေါ်ထွက်လာခဲ့ရာ အခုအချိန်မှာ ကူးစက်မှုအမြန်ဆုံးနဲ့ ထိခိုက်သေဆုံးမှု အများဆုံးဖြစ်လာစေတဲ့ မျိုးကွဲကတော့ ဒယ်လ်တာ (Delta) မျိုးစိတ်ဖြစ်လာတယ်။ ဒီနောက်မှာတော့ လမ်(ဘ်)ဒါ (Lambda) မျိုးစိတ်က စိုးရိမ်ဖွယ်ရာ ကူးစက်မှုအခြေအနေကို ဖြစ်လာစေတယ်။

WHO ကတော့ ကိုဗစ်-၁၉ ဗိုင်းရပ်စ်တွေနဲ့ပတ်သက်တဲ့ မျိုးကွဲတွေကို စိုးရိမ်ဖွယ်ရာမျိုးကွဲ (Variants of Concern) နဲ့ သတိထားရမယ့်မျိုးကွဲ (Variants of Interest) ဆိုပြီး အဓိကအားဖြင့် နှစ်မျိုးခွဲခြားထားတယ်။ ဒီအမျိုးအစားနှစ်မျိုးက ဘာကွာသလဲဆိုတော့ ကူးစက်မြန်မှု၊ ရောဂါပြင်းထန်မှုနဲ့ ကာကွယ်ရေး၊ ရောဂါရှာဖွေဖော်ထုတ်ရေးနဲ့ ကုသရေးနည်းလမ်းတွေအပေါ်ကို တုံ့ပြန်နိုင်တဲ့ ဗိုင်းရပ်စ်ရဲ့ စွမ်းဆောင်ရည်ပေါ်မူတည်ပြီး ကွဲပြားတာလို့ ဆိုတယ်။

ဒီအထဲက စိုးရိမ်ဖွယ်ရာမျိုးကွဲ (Variants of Concern) စာရင်းထဲမှာ အယ်လ်ဖာ (Alpha)၊ ဘီတာ (Beta)၊ ဂမ်မာ (Gamma)နဲ့ ဒယ်လ်တာ (Delta) ဆိုတဲ့ မျိုးစိတ်တွေပါဝင်တယ်။ သတိထားရမယ့်မျိုးကွဲ (Variants of Interest) စာရင်းထဲမှာတော့ အီတာ (Eta)၊ လိုတာ (Lota)၊ ကပ်ပါ (Kappa)နဲ့ လမ်(ဘ်)ဒါ (Lambda) တို့ ပါဝင်ကြတယ်။ အခုအချိန်မှာ အချို့နိုင်ငံတွေမှာ တွေ့နေရတဲ့ အပ်(ပ်)ဆီလွန် (Epsilon) မျိုးစိတ်ကိုတော့ ရှေ့ဆက်စောင့်ကြည့်ရမယ့် စာရင်းထဲမှာ ထည့်ထားတာ တွေ့ရတယ်။

ဒီနေရာမှာ မေးစရာတစ်ခုပေါ်လာတာက ဗိုင်းရပ်စ်မျိုးကွဲတွေဟာ ဒီလိုပဲ ဆက်ပေါ်နေမလား၊ ထပ်ပေါ်လာတဲ့ မျိုးကွဲတွေကရော လူသားတွေကို ဘယ်လောက်ထိ ကူးစက်၊ သေဆုံးမှုတွေ ဖြစ်လာစေနိုင်သလဲဆိုတာပဲ။ အဲဒါနဲ့ ပတ်သက်ရင် အနာဂတ်မှာ ဖြစ်လာနိုင်တဲ့ဖြစ်နိုင်ခြေတွေကို အောက်ပါအတိုင်းတွေ့ရမှာ ဖြစ်တယ်။

**ဖြစ်နိုင်ခြေ (၁)**

အခုတွေ့နေတဲ့ မျိုးကွဲထက် လူတွေကို ပိုမိုကူးစက်မြန်ပြီး အသက်အန္တရာယ်ဖြစ်စေနိုင်တဲ့ မျိုးစိတ်အဖြစ် ပြောင်းလဲသွားလိမ့်မယ်။ ဥပမာအားဖြင့် သေဆုံးနှုန်း (၁၀ ရာခိုင်နှုန်း) ရှိတဲ့ SARS-CoV ဗိုင်းရပ်စ်လိုမျိုးနဲ့ သေဆုံးနှုန်း (၃၅ ရာခိုင်နှုန်း)ရှိတဲ့ MERS-CoV ဗိုင်းရပ်စ်လိုမျိုး မျိုးဗီဇပြောင်းလဲသွားလိမ့်မယ်လို့ ဆိုလိုတာပါ။

ဒီလိုမျိုး ပုံစံပြောင်းလဲသွားဖို့အတွက် နည်းလမ်းနှစ်သွယ်ရှိတယ်။ ပထမနည်းလမ်းကတော့ SARS-CoV-2 ရဲ့ မျိုးပွားမှုနှုန်း၊ လူသားဆဲလ်တွေရဲ့ ဗိုင်းရပ်စ်အပေါ် အာရုံခံနိုင်မှုနဲ့ ဗိုင်းရပ်စ်ရဲ့ ပဋိဇီဝဆေး (Antiviral) တွေအပေါ် တုံ့ပြန်နိုင်စွမ်းတွေကိုဖြစ်စေတဲ့ မျိုးဗီဇတစ်ခုခုက ပြောင်းလဲသွားတာ (Point Mutation) ဒါမှမဟုတ် အခြားဗိုင်းရပ်စ်မျိုးဗီဇတွေနဲ့ ပေါင်းစပ်ပြီး ပုံစံပြောင်းသွားတာမျိုးကြောင့် ဖြစ်သွားနိုင်တယ်။

ဒုတိယနည်းလမ်းကတော့ အပေါ်မှာပြောထားတဲ့ စိုးရိမ်ဖွယ်ရာ မျိုးကွဲ (Variants of Concern) ထဲက ဗိုင်းရပ်စ်နှစ်မျိုး ဒါမှမဟုတ် သတိပြုရမယ့် မျိုးကွဲ (Variants of Interest) ထဲက ဗိုင်းရပ်စ်နှစ်မျိုးပေါင်းစပ်ပြီး မျိုးစိတ်သစ်တစ်ခု ဖြစ်လာတာမျိုးပါ။ အထူးသဖြင့် ကာကွယ်ဆေးတွေမှာ အများအားဖြင့် သုံးနေတဲ့ ဗိုင်းရပ်စ်ရဲ့ (Spike Protein) ဖြစ်တဲ့ အချွန်အတက်တွေကိုဖြစ်စေတဲ့ မျိုးဗီဇကို အကြီးအကျယ် ပြောင်းလဲမှုဖြစ်စေတာမျိုးပါ။ ဒီလိုဖြစ်လာရင် လူတွေရဲ့မွေးရာပါ ကိုယ်ခံအား (Innate Immunity) ကို ထိုးဖောက်နိုင်စွမ်း ပိုရှိလာပြီး မျိုးပွားမှု ပိုမြန်တာ၊ ပိုကူးစက်မြန်တာ၊ ပိုသေတာတွေကို ဖြစ်လာစေနိုင်တယ်လို့ဆိုတယ်။

**ဖြစ်နိုင်ခြေ (၂)**

ဒုတိယဖြစ်နိုင်ခြေကတော့ ကာကွယ်ဆေးတွေကို မမှုတော့တဲ့ မျိုးကွဲတစ်ခု ပေါ်လာတာပါ။ ဒီလိုဖြစ်ဖို့အတွက် နည်းလမ်းသုံးသွယ်ရှိတယ်လို့ ဆိုတယ်။

ပထမနည်းလမ်းက Antigenic Shift လို့ပြောကြတဲ့ ဗိုင်းရပ်စ်ရဲ့ မျိုးဗီဇထဲမှာ ကြီးမားတဲ့ ရုတ်ခြည်းပြောင်းလဲမှု ဖြစ်သွားစေတာပါ။ အထူးသဖြင့် အခြားကိုရိုနာဗိုင်းရပ်စ်တွေဖြစ်တဲ့ MERS ဗိုင်းရပ်စ်လိုမျိုး၊ လူတွေမှာ ဖြစ်ပွားလေ့ရှိနေတဲ့ CoVs တစ်မျိုးမျိုးဆီက (Spike Protein) ဆိုတဲ့ အချွန်အတက်တွေကို အခုလက်ရှိမျိုးစိတ်ထဲကို ထိုးသွင်းခြင်းဖြင့် မျိုးဗီဇပြောင်းလဲသွားစေတာပါ။

ဒုတိယနည်းလမ်းကတော့ အခုလက်ရှိမျိုးစိတ်တွေက လူကတစ်ဆင့် တိရစ္ဆာန်ဆီ ပြန်လည်ကူးစက်ပြီး အဲဒီတိရစ္ဆာန်ဆီမှာ ဆင့်ကဲပြောင်းလဲမှု ထပ်မံဖြစ်ပွားစေတာပါ။ အဲဒီကမှတစ်ဆင့် လူတွေဆီကို ပြန်ကူးစက်စေတဲ့နည်းပါ။



တတိယနည်းလမ်းကတော့ (Antigenic Drift) ဆိုတဲ့ ဗိုင်းရပ်စ်ရဲ့ မျိုးဗီဇက ဖြည်းညင်းစွာ ပြောင်းလဲသွားတဲ့နည်းပါ။ မျိုးဗီဇပြောင်းလဲမှုတွေက တဖြည်းဖြည်းနဲ့များလာပြီး နောက်ဆုံးမှာ ကာကွယ်ဆေးတွေ မတိုးတော့တဲ့အထိ ပုံစံပြောင်းသွားနိုင်တဲ့နည်းပါ။

**ဖြစ်နိုင်ခြေ (၃)**

တတိယမြောက် ဖြစ်နိုင်ခြေကတော့ ပဋိဇီဝဆေးမတိုးတဲ့ ဗိုင်းရပ်စ်မျိုးစိတ်အဖြစ်ပြောင်းလဲသွားတာပါ။ အကယ်၍ ပဋိဇီဝဆေး တစ်မျိုးတည်းကိုပဲ သုံးမယ်ဆိုရင် ဆေးမတိုးတဲ့ ဗိုင်းရပ်စ်မျိုးစိတ်ဖြစ်လာနိုင်ခြေ အတော်လေးကို မြင့်မားလာစေနိုင်တယ်လို့ ဆိုကြတယ်။

**ဖြစ်နိုင်ခြေ (၄)**

စတုတ္ထမြောက် ဖြစ်နိုင်ခြေကတော့ ဗိုင်းရပ်စ်ဟာ ဆင့်ကဲပြောင်းလဲလာရင်းနဲ့ နောက်ဆုံးမှာ ရောဂါပြင်းထန်မှု (Virulence) အားနည်းတဲ့ ဗိုင်းရပ်စ်တစ်မျိုးအဖြစ် ပြောင်းလဲသွားတာမျိုးပါ။ ဆိုလိုတာက နောက်ဆုံးမှာ လူတွေမှာ ဖြစ်လေ့ရှိနေတဲ့ ရာသီတုပ်ကွေး ဗိုင်းရပ်စ်ပုံစံမျိုး ဖြစ်သွားတာပါ။

၂၀၁၉ ခုနှစ် နိုဝင်ဘာလ ကိုဗစ်ကို စတင်တွေ့ရှိခဲ့တဲ့အချိန်ကစရင် အခုအချိန် မှာ လူပေါင်း သန်း ၂၀၀ ကျော်ကို ကူးစက်ခဲ့ပြီးဖြစ်တယ်။ တစ်နည်းအားဖြင့်ပြောရရင် ဗိုင်းရပ်စ်ဟာ အကြိမ်ပေါင်း သန်း ၂၀၀ လောက် ပုံတူကူးခဲ့ပြီး (Replication) ဖြစ်တယ်လို့ ဆိုရမှာဖြစ်တယ်။ ပြီးတော့ ဒီဗိုင်းရပ်စ်ဟာ RNA ဗိုင်းရပ်စ်ဖြစ်တဲ့အတွက် ပုံတူပွားတဲ့အချိန်တိုင်းမှာ အခြား DNA ဗိုင်းရပ်စ်တွေထက်ပိုပြီး မှားနိုင်ခြေ ပိုများလေ့ရှိတယ်။ ဒီတော့ အကြိမ်ပေါင်းများစွာပုံတူကူးခံရလေ ပိုပြီးမှားနိုင်လေ ဖြစ်တယ်။ ပိုမှားလာတာနဲ့အမျှ ဗိုင်းရပ်စ်မျိုးကွဲတွေ ထပ်ထွက်လာနိုင်တဲ့ အခွင့်အလမ်း ပိုများလာလေ ဖြစ်လိမ့်မယ်။

ဒီလိုမျိုးကွဲတွေ အများကြီးဖြစ်လာတဲ့အခါမှာ ဘယ်မျိုးကွဲက လွှမ်းမိုးသွားမလဲဆိုတော့ ကူးစက်မှုပိုမြန်တဲ့ မျိုးစိတ်တွေက အခြားမျိုးစိတ်တွေအပေါ်ကို လျင်လျင်မြန်မြန်ပဲ လွှမ်းမိုးသွားမှာဖြစ်တယ်။ ဒါကြောင့် အခုချိန်မှာ ဒယ်လ်တာဗိုင်းရပ်စ်က အခြားမျိုးစိတ်တွေထက် ရှေ့ပိုရောက်လာတာ ဖြစ်တယ်။ အဲဒီလိုပဲ ဒယ်လ်တာလိုမျိုး ဒါမှမဟုတ် ဒယ်လ်တာထက် ကူးစက်မှု ပိုမြန်တဲ့အခြားမျိုးစိတ်တွေ ထွက်လာရင်လည်း အခုလိုရှေ့တန်းရောက်လာဦးမှာဖြစ်တယ်။

ဒီတော့ ရေတိုမှာ ဘာဖြစ်လာနိုင်လဲဆိုရင် ကူးစက်မှုတွေ ဆက်ရှိနေသေးတဲ့အတွက် မျိုးကွဲတွေကတော့ ထပ်ထွက်နေဦးမှာဖြစ်တယ်။ အဲဒီထဲကနေပြီး ကူးစက်မှုပိုမြန်ပြီး ပိုပြင်းထန်တဲ့ မျိုးစိတ်တွေလည်း ထပ်ထွက်လာနိုင်တယ်။ ဒါပေမယ့်ကောင်းတဲ့သတင်းတစ်ခုကတော့ ကာကွယ်ဆေးတွေကို ၁၀၀ ရာခိုင်နှုန်းကျော်လွှားနိုင်တဲ့ မျိုးစိတ်တစ်ခုကတော့ လတ်တလော ထွက်လာသေးမှာမဟုတ်သေးဘူး။ တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် ကာကွယ်ဆေးထိုးခြင်းဟာ ရောဂါပြင်းထန်မှုနဲ့ သေဆုံးမှုကို သိသိသာသာ လျော့နည်းနေစေဦးမှာဖြစ်တယ်။

အဲဒီလိုပဲ အခြားရာသီတုပ်ကွေးတွေလိုမျိုး လူတွေကြားမှာ ပျံ့နှံ့နေပြီး လက္ခဏာမပြင်းထန်တဲ့ ပုံစံမျိုးနဲ့ ဗိုင်းရပ်စ်ဟာ ပုံစံပြောင်းရင်း တဖြည်းဖြည်း အားနည်းလာပြီး နောက်ဆုံးမှာ မျိုးသုဉ်းသွားဖို့ကလည်း အခုနှစ်အနည်းငယ် အတွင်းမှာတော့ ဖြစ်နိုင်ခြေ နည်းနေပါသေးတယ်လို့ ဆိုရမှာဖြစ်တယ်။

ဒီနေရာမှာ သိပ္ပံပညာရှင်တွေက ဗိုင်းရပ်စ်ရဲ့ မျိုးဗီဇပြောင်းလဲမှုကို စောင့်ကြည့်တဲ့ (Genomic Surveillance)၊ ကာကွယ်ဆေးအသစ်တွေ၊ ပဋိဇီဝဆေးအသစ်တွေတီထွင်တာ စတာတွေကို ဆောင်ရွက်နေကြပါတယ်။ မြန်မာ့တပ်မတော်အနေနဲ့လည်း နိုင်ငံအတွင်းမှာ ပျံ့နှံ့နေတဲ့ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ရဲ့ မျိုးဗီဇပြောင်းလဲမှုကို တပ်မတော်ဆေးသုတေသနတပ်မှာ မျိုးဗီဇပညာရှင်တွေက အချိန်နဲ့တစ်ပြေးညီ စောင့်ကြည့်လျက်ရှိပါတယ်။ ထွက်ရှိလာတဲ့ ကိုဗစ်မျိုးကွဲတွေနဲ့ပတ်သက်ပြီး ဆက်လက်ဆောင်ရွက်ရမယ့် ကာကွယ်ရေး၊ ရောဂါရှာဖွေဖော်ထုတ်ရေးနဲ့ ကုသရေးဆိုင်ရာ နည်းလမ်းတွေကို သက်ဆိုင်ရာပညာရှင်တွေနဲ့ ညှိနှိုင်းတိုင်ပင်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလိုပဲ သာမန်ပြည်သူတွေအနေနဲ့လည်း ဒီလိုဗိုင်းရပ်စ်မျိုးကွဲတွေ ထပ်မထွက်လာအောင် ဆောင်ရွက်နိုင်တဲ့ နည်းလမ်းတွေရှိပါတယ်။ အဲဒါတွေက ဘာတွေလဲဆိုရင်

- ◆ နှာခေါင်းစည်းတပ်တာ၊
- ◆ လက်မကြာခဏဆေးတာ၊
- ◆ ခပ်ခွာခွာနေထိုင်တာ၊
- ◆ ကာကွယ်ဆေးထိုးတာ

စတာတွေကို ဆက်လက်လုပ်ဆောင်နေဖို့ပါ။ ဒါမှသာ ကူးစက်မှုကွင်းဆက် (Transmission Chain) ကိုဖြတ်တောက်နိုင်ပြီး ဗိုင်းရပ်စ်တွေရဲ့ ပုံတူကူးမှု (Replication Process) ကို တတ်နိုင်သမျှ နည်းစေမှာဖြစ်တယ်။

ဒီကပ်ရောဂါက ဘာနဲ့တူလာသလဲဆိုရင် ဗိုင်းရပ်စ်နဲ့ လူသားတွေရဲ့ ရှင်သန်ရေးတိုက်ပွဲတစ်ခုလို ဖြစ်လာပါပြီ။ ဇီဝဗေဒမှာ သီအိုရီတစ်ခုရှိတယ်။ သဘာဝရဲ့ရွေးချယ်မှု (Natural Selection) ပါ။ ဘယ်သူတွေကို သဘာဝက ရွေးချယ်မလဲဆိုရင် (Survival of the Fitness) လို့ဆိုတဲ့ အသန်စွမ်းဆုံး မျိုးစိတ်တွေကိုသာ ရွေးချယ်သွားမှာ ဖြစ်တယ်လို့ ဆိုတယ်။ ဒီတော့ မေးစရာမေးခွန်းတစ်ခုက ကျွန်တော်တို့ဟာ ရှင်သန်ကျန်ရစ်နေဖို့ လုံလောက်တဲ့ ကြံ့ခိုင်မှုရှိပါရဲ့လား (Are we strong enough to survive?) ဆိုတာပါပဲ။ ။

**"စိုးရိမ်ဖွယ်ရာ မျိုးကွဲ (Variants of Concern) ထဲက ဗိုင်းရပ်စ်နှစ်မျိုး ဒါမှမဟုတ် သတိပြုရမယ့် မျိုးကွဲ (Variants of Interest) ထဲက ဗိုင်းရပ်စ် နှစ်မျိုးပေါင်းစပ်ပြီး မျိုးစိတ်သစ်တစ်ခု ဖြစ်လာတာမျိုးပါ။ အထူးသဖြင့် ကာကွယ်ဆေးတွေမှာ အများအားဖြင့် သုံးနေတဲ့ ဗိုင်းရပ်စ်ရဲ့ (Spike Protein) ဖြစ်တဲ့ အချွန်အတက်တွေကိုဖြစ်စေတဲ့ မျိုးဗီဇကို အကြီးအကျယ် ပြောင်းလဲမှုဖြစ်စေတာမျိုးပါ။ ဒီလိုဖြစ်လာရင် လူတွေရဲ့မွေးရာပါ ကိုယ်ခံအား (Innate Immunity) ကို ထိုးဖောက်နိုင်စွမ်းပိုရှိလာပြီး မျိုးပွားမှု ပိုမြန်တာ၊ ပိုကူးစက်မြန်တာ၊ ပိုသေတာတွေကို ဖြစ်လာစေနိုင်တယ်လို့ဆို"**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ရှာငံမြို့နယ်၌ ထောက်ပံ့ငွေနှင့် အစားအသောက်များပေးအပ်

တောင်ကြီး ဩဂုတ် ၁၄

**ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့တွင် ဩဂုတ် ၁၃ ရက် မွန်းလွဲ ၂ နာရီခွဲက ရွာငံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ရွာငံမြို့ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များနှင့် တွေ့ဆုံသည်။**



### ထောက်ပံ့ငွေပေးအပ်

တွေ့ဆုံပွဲတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ ထောက်ပံ့ငွေကျပ် ၁၀ သိန်း၊ နှာခေါင်းစည်း အခု ၁၀၀၀ ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းနှင့် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး လှဦးတို့က ပေးအပ်ရာ ရွာငံမြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ကော်မတီမှ လက်ခံရယူပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့သည် ရွာငံမြို့ ပြည်သူ့ဆေးရုံ၌ ကိုဗစ်-၁၉ ရောဂါကုသရေးစင်တာတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ကျဝန်ထမ်းများအား ထောက်ပံ့ငွေကျပ် ငါးသိန်း၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ ရေသန့်တို့ကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်တို့က ပေးအပ်ရာ တာဝန်ကျဝန်ထမ်းများက လက်ခံရယူသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့သည် ရွာငံမြို့ အနန္တဇိနသမ္ဗုဒ္ဓစေတီတော် တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုရာ ကျောင်းထိုင်ဆရာတော်ဦးပညာစောအား ဖူးမြော်ကန်တော့၍ အလှူငွေကျပ်သိန်း ၂၀ နှင့် ဘိလပ်မြေအိတ် ၂၀၀ လှူဒါန်းပြီး စေတီတော်တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုကာ ဆီမီး၊ ရေချမ်း၊ ပန်း ဆက်ကပ်ပူဇော်ပြီး ရွာငံမြို့နယ်သို့အဝင် ဆင်နက်ချောင်း၌ ဖွင့်လှစ်ထားသော ကိုဗစ်-၁၉ ရောဂါ စစ်ဆေးရေးဂိတ်သို့ သွားရောက်ကာ တာဝန်ကျဝန်ထမ်းများအား ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ ရေသန့်နှင့် ထောက်ပံ့ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်သည်။ **(ယာပုံ)**

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် နီလင်းအောင်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးဆေးရုံဝင်းရှိ ကလေးကုသဆောင်တွင် ကိုဗစ်-၁၉ ရောဂါကုသရေးစင်တာထားရှိမည့်နေရာ၊ အောက်ဆီဂျင်ထုတ်လုပ်သည့် စက်ရုံနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသည့် အောက်ဆီဂျင် လီတာ ၄၀ အိုးတို့ကို လှည့်လည်ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်းနှင့် အဆိုပါဆေးကုသဆောင်တွင် လူနာများကိုအပေါ်ထပ်တွင် ၃၇ ဦး၊ အောက်ထပ်တွင် ၂၃ ဦး စုစုပေါင်း ၆၀ ထားရှိကုသနိုင်ပြီး အောက်ထပ်တွင် အောက်ဆီဂျင်ပိုက်လိုင်းမှ အောက်ဆီဂျင်တိုင်လေးခု အပေါ်ထပ်တွင် ကိုးခုရှိပြီး အောက်ဆီဂျင်စက်ရုံမှ လီတာ ၄၀ အိုး တစ်ရက်ကို အိုး ၅၀ ထုတ်လုပ်နိုင်ကြောင်း သိရသည်။

### ကာကွယ်ဆေးထိုးနှံ

ယင်းနောက် တောင်ကြီးမြို့ မိုးလုံလေလုံအားကစားရုံ၌ တောင်ကြီးမြို့ပေါ်ရှိ အသက်(၆၅) နှစ်နှင့်အထက် အဘိုး၊ အဘွားများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **မောင်မောင်သန်း (တောင်ကြီး)**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကနီမြို့အတွင်းရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးမှု ကြည့်ရှုအားပေး

မုံရွာ ဩဂုတ် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုး၊ သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်းနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၃ ရက်က ယင်းမာပင်ခရိုင် ကနီမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိရာ ကနီမြို့ပေါ်ရှိ ရဟန်း၊ သံဃာ၊ သီလရှင်များနှင့် ဝန်ထမ်းများ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီး ဘိုးဘွားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး အားပေးစကားပြောကြားကာ(**အပေါ်ပုံ**) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးနေမှု လုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်း ပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကနီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ကိုဗစ်-၁၉ ကာကွယ်ရေး ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကနီ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီနှင့် လူမှုရေး အသင်းအဖွဲ့များနှင့် လုံခြုံရေး အဖွဲ့များသို့ အောက်ဆီဂျင်များ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် လှူဒါန်းငွေများအား တာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။

ကနီမြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့်အရေးပေါ် တုံ့ပြန်ရေးကော်မတီနှင့် လူမှုရေး အသင်းအဖွဲ့များသို့ အောက်ဆီဂျင် လီတာ ၄၀ဆံ့ ၁၀ လုံး၊ အောက်ဆီဂျင် Concentrater ငါးလုံး၊ နှာခေါင်းစည်း အခု ၅၀၀၀ ၊ PPE ဝတ်စုံ ၂၀၀ ၊ လက်သန့်ဆေးရည် ဖာ၂၀ ၊ Mask-95 တစ်ဖာ၊ Face Shield တစ်ဖာ၊ PPE မျက်မှန် တစ်ဖာ၊ Flow Meter ၁၀ ခု၊ ကော်ဖီမစ်၊ ကြက်ဥနှင့် ခေါက်ဆွဲခြောက်များနှင့် အလှူငွေ ၁၅ သိန်းတို့ အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မောင်တောမြို့၌ အောက်ဆီဂျင်စက်ရုံ အမြန်ပြီးစီးရေး ကြိုးစားဆောင်ရွက်

**မောင်တော ဩဂုတ် ၁၄**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ယခုအခါ ကိုဗစ်-၁၉ ပိုးတွေ့ရှိသူများပြားလျက်ရှိပြီး အတည်ပြုလူနာအချို့နှင့် နာမကျန်းလူနာများအတွက် အောက်ဆီဂျင်ပေးထားရသည့် အခြေအနေများကြောင့် အောက်ဆီဂျင်ပြတ်လတ်မှုမရှိစေရေးအတွက် မောင်တောမြို့နေ ပြည်သူများနှင့် စေတနာရှင်အလှူရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ဆီဂျင်စက်ရုံကို ပြည်သူ့ဆေးရုံဝင်းအတွင်း တည်ဆောက်လျက်ရှိကြောင်း **(ယာပုံ)** မြို့နယ်အောက်ဆီဂျင်ဖြစ်မြောက်ရေးကော်မတီထံမှ သိရသည်။

အဆိုပါ တည်ဆောက်မည့် အောက်ဆီဂျင်စက်ရုံမှာ သတ်မှတ်ထားသော မြေကွက် ပေ (၄၀x ၅၀)တွင် အမြင့် ၅ ပေ မြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ရာ ၎င်းမြေကွက်ပေါ်တွင် ပေ (၃၀ x ၃၀) တစ်ထပ် အဆောက်အအုံ မြန်ဆန်ကောင်းမွန်စွာ ပြီးစီးနိုင်ရေးအတွက် အောက်ဆီဂျင်စက်ရုံ ဖြစ်မြောက်ရေးကော်မတီမှ ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုအခါ အောက်ဆီဂျင်စက်နှင့် ဆက်စပ်ပစ္စည်းများကိုလည်း မှာယူထားပြီးဖြစ်ရာ စက်တန်ဖိုးမှာ ငွေကျပ် ၆၀၈၇၅၀၀၀ ဖြစ်ပြီး အောက်ဆီဂျင် ဆလင်ဒါအိုးကြီး အလုံး ၁၅၀ နှင့် ဆက်စပ်ပစ္စည်းများကို သယ်ဆောင်လာသည့် သင်္ဘောမှာ ၂၀၂၁ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိမည်ဖြစ်ကြောင်းသိရသည်။အောက်ဆီဂျင်စက်ရုံအတွက် ငွေကျပ်သိန်း ၁၄၀ တန်ဖိုးရှိ မီးစက် (100)Kva နှင့် ဆက်စပ်ပစ္စည်းများကို ဝယ်ယူဆောင်ရွက်ထားပြီးဖြစ်ရာ မောင်တောမြို့ ပြည်သူ့ဆေးရုံသို့ ငွေကျပ်သိန်း ၁၀၀ ကျော် တန်ဖိုးရှိ Xnuo 10L အမျိုးအစား အိမ်သုံးအောက်ဆီဂျင်စက် ငါးလုံးကိုလည်း လှူဒါန်းထားပြီးဖြစ်ကြောင်း သိရသည်။

မောင်တော မြို့နယ်တွင် အောက်ဆီဂျင်စက်ရုံ တည်ဆောက်ရေးအတွက် ၂၀၂၁ ခုနှစ် ဩဂုတ် ၁၁ ရက်အထိ အလှူရှင်များ၏ လှူဒါန်းရရှိငွေမှာ ငွေကျပ် ၂၃၇၀၂၂၅၀၀ ကို ရရှိထားပြီးဖြစ်ကြောင်း၊ အောက်ဆီဂျင်စက်ရုံလည်ပတ်လာပါက လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၈၀ မှ ၁၂၀ အထိ ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားကြောင်း မောင်တောမြို့နယ် အောက်ဆီဂျင်စက်ရုံဖြစ်မြောက်ရေး ကော်မတီထံမှ သိရသည်။

**သက်လွင်စိုး ခရိုင်(ပြန်/ဆက်)**



# ကိုဗစ်-၁၉ ရောဂါနဲ့ နောက်တစ်ဆင့်မြှင့်တင်ရတော့မယ့် တိုင်းရင်းဆေးအခန်းကဏ္ဍ

## ထက်မြတ်

*(ယမန်နေ့မှအဆက်)*

### တရုတ်နိုင်ငံရဲ့တိုင်းရင်းဆေး

တရုတ်အစိုးရက နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ပျံ့နှံ့ချိန်မှာ အဲဒီရောဂါကို ကုသဖို့အတွက် ဆေးဝါးကို တိုင်းရင်းဆေးတွေထဲကနေ အသုံးပြုဖို့ လမ်းညွှန်တိုက်တွန်းခဲ့ပါတယ်။

အစိုးရရဲ့ လမ်းညွှန်တိုက်တွန်းချက်ကြောင့်ပဲ များမကြာမီအချိန်အတွင်းမှာ ကိုဗစ်-၁၉ ရောဂါကို ကုသနိုင်တဲ့ တိုင်းရင်းဆေးတွေ အလျှိုလျှိုထွက်ပေါ်လာတာကို တွေ့ရပါတယ်။

အခုဆိုရင် အစိုးရကိုယ်၌က တိုင်းရင်းဆေးအသုံးပြုပြီး ကိုဗစ်-၁၉ ရောဂါကုသရေးအတွက် စံပြုကုထုံး သုံးမျိုးကို တရားဝင်အသိအမှတ်ပြု ပြဋ္ဌာန်းပေးထားပါတယ်။

အဲဒီကုထုံးသုံးမျိုးကတော့ လျန်းဟွာကျင်းဝေဆေးတောင့်၊ ကျင်းဟွာချင်းကန်ဆေးလုံးနဲ့ ရွှေးပီကျင်းထိုးဆေးတို့ပဲဖြစ်ပါတယ်။ အဲဒီဆေးသုံးမျိုးထဲကမှ တစ်မျိုးချင်းစီရဲ့အကြောင်းကို ဆက်လက်တင်ပြပါရစေ။

### လျန်းဟွာကျင်းဝေဆေးတောင့်

လျန်းဟွာကျင်းဝေ ဆေးတောင့် (Lianhua Qingwen Capsule) ဟာ ပျားရည်စုပ်ပန်းနဲ့ ဒေါနချိုပန်းတို့ကို အဓိကပါဝင်ပစ္စည်းအဖြစ် ထည့်သွင်းအသုံးပြုထားတာပါ။ ဒီဆေးကို ထုတ်လုပ်သူကတော့ လွန်ခဲ့တဲ့ ၁၇ နှစ်ကတည်းက ဈေးကွက်ထဲမှာ နေရာရထားပြီးဖြစ်တဲ့ ရှီကျားကျွောင်းယီလင်း ကုမ္ပဏီဖြစ်ပါတယ်။

ဒီဆေးကိုတော့ ဆေးရုံ ၂၃ ခုမှာ တက်ရောက်ကုသမှုခံယူနေတဲ့ ကိုဗစ်-၁၉ လူနာ ၂၈၄ ဦးနဲ့ လက်တွေ့စမ်းသပ်ခဲ့တာဖြစ်ပါတယ်။ လက်တွေ့စမ်းသပ်မှုရဲ့ ရလဒ်ကတော့ လူနာတွေထဲက ၈၃ ဒသမ ၈ ရာခိုင်နှုန်းဟာ အဆုတ်ခေတ်မှန်ရိုက်ရာမှာ တိုးတက်ကောင်းမွန်လာတဲ့လက္ခဏာတွေကို တွေ့ရပါတယ်။ ၇၈ ဒသမ ၉ ရာခိုင်နှုန်းကတော့ ပကတိနီးပါး နေပြန်ကောင်းလာပါတယ်။

ဒီဆေးမှာပါဝင်တဲ့ အမယ်တွေထဲကမှ တရုတ်ဆီးသီးအစေ့၊ ပျားရည်စုပ်ပန်းစတာတွေက ခန္ဓာကိုယ်တွင်းမှာ ကိုဗစ်-၁၉ ရောဂါပိုး ပြန့်ပွားမှုကို တားမြစ်ပေးနိုင်ပါတယ်။ ဒ့ါအပြင် ကိုယ်တွင်းအင်္ဂါတွေ ရောင်ရမ်းမှုကို ဖြစ်စေတဲ့ ဆိုက်တိုကင်း ထုတ်လုပ်မှုကိုလည်း လျော့ကျစေနိုင်တယ်လို့ သုတေသနမှာ တွေ့ရှိထားပါတယ်။

### ကျင်းဟွာချင်းကန်ဆေးလုံး

ကျင်းဟွာချင်းကန် ဆေးလုံး (Jinhua Qinggan Granule) ကတော့ လျန်းဟွာကျင်းဝေ ဆေးတောင့်နဲ့ အခြေခံပါဝင်ပစ္စည်းရော၊ ထိရောက်မှုအာနိသင်ရော အတူတူနီးပါး ဖြစ်ပါတယ်။ အဓိကကွာခြားချက်ကတော့ ဆေးတောင့်နဲ့ ဆေးလုံးပုံစံသာကွဲသွားတာပါ။ သူ့ကို ထုတ်လုပ်ထားသူက ကျိရွှေချန်း ဆေးဝါးစက်ရုံဖြစ်ပါတယ်။

ဒီဆေးကို ဝူဟာန်နဲ့ ပေကျင်းမြို့မှာရှိတဲ့ ကိုဗစ်-၁၉ လူနာ ၁၀၂ ဦးနဲ့ စမ်းသပ်ခဲ့တာပါ။ စမ်းသပ်မှုတွေအရဆိုရင် ရောဂါပြင်းထန်မှုမရှိတဲ့ လူနာတွေ၊ ရောဂါအသင့်အတင့်သာ ပြင်းထန်တဲ့လူနာတွေမှာ သူတို့အတွက်ရောဂါ ဒီထက်ပြင်းထန်လာနိုင်ခြေကို ၆၆ ရာခိုင်နှုန်းအထိ လျှော့ချပေးလိုက်နိုင်တာ တွေ့ရတယ်လို့ ဆိုပါတယ်။

ဒ့ါအပြင် ကိုယ်ခံအားစနစ်လုပ်ဆောင်ချက်တွေအပေါ် သက်ရောက်မှုရှိတဲ့ သွေးဖြူဥ၊ သွေးကလာပ်စည်းအဖြူနဲ့ ပြန်ရည်ကလာပ်စည်း အရေအတွက်တွေ သိသာစွာ မြင့်တက်လာတာကိုလည်း တွေ့ရပါတယ်။

### ရွှေးပီကျင်းထိုးဆေး

ရွှေးပီကျင်းထိုးဆေး (Xuebijing Injection) ကတော့ ကိုဗစ်-၁၉ ရောဂါကို ပြင်းထန်စွာ ခံစားရသူတွေအတွက် အဓိကရည်ရွယ်ပါတယ်။ သူ့ကို ဆေးရုံ ၃၂ ခုမှာရှိတဲ့ လူနာ ၁၅၆ ဦးနဲ့စမ်းသပ်ခဲ့တာဖြစ်ပြီး အဲဒီလူနာတွေအားလုံးကလည်း သေရေးရှင်ရေးတမျှဖြစ်ကာ သေမင်းနဲ့ စစ်ခင်းနေရသူတွေ ဖြစ်ပါတယ်။

စမ်းသပ်မှုရဲ့ရလဒ်ကလည်း အလွန်ကောင်းမွန်ပြီး အရေးပေါ်လူနာတွေအနေနဲ့ အထူးကြပ်မတ် ကုသမှုခံယူရတဲ့ ကြာမြင့်ချိန်ကို ကောင်းစွာလျှော့ချပေးနိုင်တာတွေ့ရပါတယ်။

အခုတော့ အဲဒီဆေးဟာ ကိုဗစ်-၁၉ ရောဂါဖြစ်လို့ စိုးရိမ်ရတဲ့လူနာတွေ၊ ကိုယ်တွင်းအင်္ဂါတွေ အလုပ်မလုပ်မှုကြောင့် ခန္ဓာကိုယ်ရောင်ရမ်းမှုဖြစ်နေတဲ့ လူနာတွေမှာ အသုံးပြုလို့ရပြီဖြစ်ကြောင်း တရုတ်အစိုးရက ခွင့်ပြုလိုက်ပါပြီ။

### မြန်မာ့ဆေးခါးကြီး

ကိုဗစ်-၁၉ ရောဂါကို ကုသရေးအတွက် ထိုင်းနိုင်ငံက အသုံးပြုနေတဲ့ တိုင်းရင်းဆေးက ဆေးခါးကြီးကို အဓိကထား ဖော်စပ်ထားတယ်ဆိုတာ သိခဲ့ရပြီးပါပြီ။ ဒီတော့ ဆေးခါးကြီးဆိုတာဘာလဲ။ မြန်မာနိုင်ငံမှာရော ဆေးခါးကြီးအပင်တွေ မရှိဘူးလားဆိုပြီး မေးခွန်းတွေ မေးလာနိုင်ပါတယ်။

တကယ်တော့ မြန်မာနိုင်ငံထဲက လူကြီးသူမတွေဟာ ဆေးခါးကြီးဆိုတာကို ကောင်းကောင်းသိကြပါတယ်။ အခုခေတ် လူငယ်အများစုကသာ အနောက်တိုင်း ဆေးတွေရဲ့ လွှမ်းမိုးမှုကြောင့် ဆေးခါးကြီးဆိုတာကို မေ့လျော့လာကြတဲ့ သဘောရှိပါတယ်။ ဒါကြောင့် ဆေးခါးကြီးအကြောင်းကို အနည်းငယ် ရှင်းပြလိုပါသေးတယ်။



ဆေးခါးကြီးကို ငရုတ်ခါးလို့လည်း ခေါ်ပါတယ်။ သူ့ရဲ့ ပုံသဏ္ဍာန်က တစ်နှစ်ခံ အပင်ပျော့အပင်ငယ်မျိုးဖြစ်ပြီး သုံးပေအထိ အမြင့်ရှိတတ်ပါတယ်။ ပင်စည်ကပြောင်ချောပြီး လေးထောင့်ပုံစံရှိကာ အရွက်တွေကလည်း ဆိုင်ပြီးထွက်တဲ့ အပင်မျိုးဖြစ်ပါတယ်။ သူ့ရဲ့ အရွက်လေးတွေက လုံ့သွားပုံစံပါ။ အရွက်ရဲ့ထိပ်ပိုင်းနဲ့အရင်းပိုင်းတွေကတော့ ချွန်တယ်၊ ဒါမှမဟုတ် သွယ်ပါတယ်။ အရွက်ရဲ့ အနားတွေကညီပြီး အရွက်ပြားကပြောင်ချောကာ အရွက်ကြောကထင်ရှားပါတယ်။

သူက အပွင့်လည်း ပွင့်ပါတယ်။ အပွင့်ရဲ့ပုံစံက ခေါင်းလောင်းပုံသဏ္ဍာန်ရှိပြီး သေးငယ်ကာ အဖြူရောင်ပေါ်မှာ ခရမ်းရောင်၊ပန်းရောင်အပြောက်ကလေးများလည်း ရှိပါတယ်။ အပွင့်ပွင့်ချိန်ကတော့ တပေါင်းလနဲ့ တန်ခူးလပါ။

သူ့ရဲ့ အသီးလေးတွေဟာဆိုရင်လည်း သေးငယ်ပြီး အထဲမှာအခန်းနှစ်ခန်း ပါပါတယ်။ အသီးနုစဉ်မှာ အမွေးအနည်းငယ်ရှိပြီး ရင့်သွားရင်တော့ ပြောင်ချောပါတယ်။ အသီးသီးချိန်ကတော့ ဝါဆိုလနဲ့ ဝါခေါင်လပါ။ အခုလို မိုးများတဲ့ ရာသီပေ့ါ။

ပေါက်ရောက်လေ့ရှိတဲ့ နေရာဒေသတွေကတော့ မြန်မာပြည်အောက်ပိုင်းမှာ အများဆုံး ပေါက်ပါတယ်။ သဘာဝအလျောက်ကို ပေါက်တာပါ။ သိတတ်နားလည်တဲ့ လူကြီးသူမတချို့ကလည်း အဲဒီအပင်တွေကို ဆေးဝါးအလို့ငှာ ခြံစည်းရိုးမှာ စိုက်ထားလေ့ရှိပါတယ်။

သူ့ကို အသုံးပြုလို့ရတဲ့ အပိုင်းက ပဥ္စငါးပါးလုံး အသုံးပြုနိုင်ပါတယ်။ ပဥ္စငါးပါးဆိုတာ အပင်တစ်ပင်ရဲ့ အမြစ်၊ အခေါက်၊ အရွက်၊ အပွင့်၊ အသီးတို့ကို ခေါ်တာပါ။ သူ့ရဲ့အရသာက အေးပြီးခါးသက်တဲ့ အရသာရှိပါတယ်။ အာနိသင်တွေကတော့ သလိပ်နဲ့ သည်းခြေကိုနိုင်တယ်။ အဆီမရှိ လေကို ပျက်စေတတ်တယ်။ ဝမ်းမီးကို တောက်စေတယ်။ အဖျားကို ပယ်ဖျောက်စေတယ်။ ကလေးများအတွက် အထူးကောင်းတယ်လို့ မြန်မာ့ဆေးကျမ်းတွေမှာ ဖော်ပြထားပါတယ်။

အသုံးပြုပုံအနေနဲ့ကတော့ သူ့ရဲ့ အရွက်ကိုဆိုရင် အဖျားဖြတ်ဆေး၊ အဆိပ်ဖြေဆေး၊ သည်းခြေဆေး၊ လျှာပွတ်ဆေးတို့မှာ ထည့်သွင်းအသုံးပြုနိုင်ပါတယ်။ ပဥ္စငါးပါးလုံးကိုတော့ အဖျားကျဆေး၊ အားတိုးဆေး၊ လေကြေဆေး အဖြစ် ဖော်စပ်အသုံးပြုကြလေ့ရှိပါတယ်။ အရည်ကို ကျိုသောက်မယ်ဆိုရင်တော့ ခေါင်းကိုက်ခြင်း၊ အစာမကြေခြင်း၊ ဝမ်းသက်ခြင်း၊ ဝမ်းကိုက်ခြင်း၊ လေထိုးခြင်းနဲ့ အဖျားရောဂါကို ပျောက်ကင်းစေပါတယ်။

ဆေးခါးကြီးအရည်ထဲကို ဆီးဖြူ ဖန်ခါး၊ သစ်ဆိမ့် သုံးမျိုးလုံးကို အမှုန့်ပြုပြီး ထည့်သောက်မယ်ဆိုရင်တော့ သွေးဖျဉ်း၊ လေဖျဉ်း၊ နူနာ၊ ခေါင်းကိုက်၊ ဇက်ထိုးနဲ့ မူးဝေတဲ့ ရောဂါတွေ ပျောက်တယ်လို့လည်း ဆိုပါတယ်။

ဒါတွေက မြန်မာ့ဆေးကျမ်းထဲမှာ ဖော်ပြထားတဲ့ အချက်တွေပါ။ ရှေးယခင်ကတည်းက မြန်မာ့တိုင်းရင်းဆေးဆရာကြီးတွေရဲ့ နည်းပညာပြည့်စုံမှုမရှိတဲ့ကြားထဲက လုပ်ဆောင်ခဲ့တဲ့ သုတေသနတွေမှာတောင်မှ ဒီလောက်အထိ ပြည့်စုံနေရင် ဒီဘက်ခေတ်နည်းပညာ တိုးတက်ထွန်းကားလာတဲ့ အချိန်မှာ သုတေသနတွေကို အရင်ထက်ပိုပြီး စေ့စေ့ငုငုလုပ်ဆောင်နိုင်မှာပါ။

ယခင်မြန်မာ့တိုင်းရင်းဆေး ဆရာကြီးတွေရဲ့ သုတေသနတွေကို ကြည့်ခြင်းအားဖြင့်လည်း မြန်မာနိုင်ငံရဲ့ တိုင်းရင်းဆေးဟာ အဆင့်အတန်းမနိမ့်ဘူးဆိုတာကိုမြင်မိပြီး တကယ်ကို ဂုဏ်ယူမိပါတယ်။ ကျွန်တော်တို့ လိုအပ်နေတာက ရှေးလူကြီးတွေ ချမှတ်ခဲ့တဲ့ အုတ်မြစ်ကို အခြေခံလို့ မြန်မာ့တိုင်းရင်းဆေးအခန်းကဏ္ဍကို တစ်ဆင့်ပြီး တစ်ဆင့် တိုးမြှင့်သွားဖို့ဖြစ်ပါတယ်။

### တိုက်တွန်းချက်

အထက်မှာ ဖော်ပြခဲ့တဲ့ ထိုင်းနိုင်ငံတို့၊ တရုတ်နိုင်ငံတို့က ထုတ်တဲ့ဆေးဝါးတွေက သူတို့ပြည်တွင်းမှာ သာမက ပြည်ပကိုပါ တင်ပို့နိုင်နေပြီဖြစ်တဲ့ တိုင်းရင်းဆေးဝါးတွေ ဖြစ်ပါတယ်။ သူတို့လိုပဲ သက်ဆိုင်ရာ နိုင်ငံအသီးသီးမှာ အစွမ်းထက်တဲ့ တိုင်းရင်းဆေးဝါးတွေရှိနေမှာပါ။

တချို့ကပြောကြတာ ရှိပါတယ်။ တိုင်းရင်းဆေးတွေက ဘေးထွက်ဆိုးကျိုးတွေ ရှိတယ်။ ငါတို့ကတော့ အနောက်တိုင်းဆေးတွေကိုပဲ ယုံကြည်တယ်ဆိုပြီးတော့ပါ။

တကယ်က ကိုယ့်ရဲ့တိုင်းရင်းဆေးဖြစ်စေ၊ တခြားနိုင်ငံက တင်သွင်းတဲ့ အနောက်တိုင်းဆေးဖြစ်စေ ဆေးမှန်သမျှဟာ ဘေးထွက်ဆိုးကျိုးရှိစမြဲပါ။ ဘေးထွက်ဆိုးကျိုးနည်းတာနဲ့ များတာပဲ ကွာပါတယ်။

ဘေးထွက်ဆိုးကျိုး အနည်းဆုံးဖြစ်စေဖို့ဆိုရင် သုတေသနတွေကို အရှိန်အဟုန်မြှင့်ပြီး လုပ်ရပါမယ်။ ဥပမာအားဖြင့် ထိရောက်မှုရှိတဲ့ ဆေးပမာဏ အတိအကျကို ထုတ်လုပ်ပေးနိုင်ခြင်း၊ လိုအပ်တဲ့ ပါဝင်ပစ္စည်းအရေအတွက်ကို ပြန်လည်ချိန်ညှိခြင်းတို့ လုပ်ဆောင်လိုက်ပြီဆိုရင် ဘေးထွက်ဆိုးကျိုး အနည်းဆုံး ဖြစ်လာမယ်လို့ ယူဆရပါတယ်။

ဒီနေရာမှာ တစ်ခုလောက်မေတ္တာရပ်ခံချင်တာက အထက်မှာ ဖော်ပြခဲ့တဲ့ ဆေးတွေအားလုံးဟာ ကိုယ့်သဘောနဲ့ ကိုယ် အသုံးပြုရတာ မဟုတ်ဘဲ ကျွမ်းကျင်သူတွေရဲ့ လမ်းညွှန်ချက်အတိုင်း အသုံးပြုရတာ ဖြစ်တယ်ဆိုတဲ့ အချက်ကို သတိချပ်ကြစေဖို့ပါ။ နောက်တစ်ချက်က ထိုင်းနိုင်ငံနဲ့ တရုတ်နိုင်ငံထုတ် တိုင်းရင်းဆေးတွေအကြောင်းကို ဖော်ပြသွားတာဟာ အဲဒီဆေးတွေကို ဝယ်ယူအသုံးပြုစေချင်လို့ ကြော်ငြာပေးတဲ့ သဘောလည်း လုံးဝမဟုတ်ရပါဘူး။

သူများနိုင်ငံမှာတော့ ဒီလိုမျိုးတွေ တီထွင်စမ်းသပ်အသုံးပြုကာ တိုင်းရင်းဆေးရဲ့ အခန်းကဏ္ဍကို မြှင့်တင်နေပြီဆိုတဲ့ အကြောင်းရယ်၊ ကိုယ့်နိုင်ငံမှာလည်း အလားတူပဲ ပြည်ပက ထုတ်တဲ့ အနောက်တိုင်းဆေးတွေကို မျှော်တလင့်လင့်လုပ်နေရမယ့် အစား ကိုယ့်တိုင်းရင်းဆေးကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ထုတ်လုပ်ပြီး တိုင်းရင်းဆေး အခန်းကဏ္ဍကို မြှင့်တင်နိုင်ကြစေဖို့ရယ်ကိုသာ အဓိကရည်ရွယ်ပြီး ဖော်ပြလိုခြင်းဖြစ်ပါတယ်။

နောက်ထပ် သတိချပ်စေလိုတဲ့ အချက်ကတော့ ကျွန်တော်အစပိုင်းက ပြောခဲ့သလိုမျိုးပဲ အနောက်တိုင်းဆေးဝါးများသည် ကိုယ့်နိုင်ငံအတွက်သာ အနောက်တိုင်း ဆေးဝါးဖြစ်ပေမယ့် ဆေးထုတ်လုပ်တဲ့ နိုင်ငံအတွက်တော့ တိုင်းရင်းဆေးတွေ ဖြစ်တယ်ဆိုတာကို မမေ့ကြစေဖို့ပါပဲ။

တိုင်းရင်းဆေးဆိုတာ အင်မတန်မှ အဖိုးတန်လှတဲ့ ဆေးတွေဖြစ်ပါတယ်။ လမ်းဘေးမှာ အလေ့ကျပေါက်နေတဲ့ အပင်တွေက လူသားတွေ အပါအဝင် သတ္တဝါတွေအားလုံးအတွက် အလွန်အသုံးဝင်တယ်ဆိုတာ သာမန်လူတွေကတော့ မသိနိုင်ပါဘူး။ ဒါပေမယ့် တိုင်းရင်းဆေးပညာရှင်တွေကတော့ ဒီအပင်က ဘာအတွက် အသုံးဝင်တယ်။ ဘယ်ရောဂါအတွက် ဘယ်အပင်က သင့်လျော်တယ်ဆိုတာကို ကောင်းကောင်းကြီး သိရှိကြမှာပါ။

သိရှိကြတဲ့အတိုင်းလည်း သုတေသနတွေ အခုထက် များများလုပ်ပြီး ထိရောက်မှုရှိတဲ့ ဆေးအာနိသင်တွေကို ထုပ်ပိုးမှုပုံစံအသစ်၊ စွဲမက်ဖွယ်ကောင်းတဲ့ အသွင်အပြင်နဲ့ ထုတ်လုပ်ပေးနိုင်ကြရင်ဖြင့် ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ တိုင်းရင်းဆေးအခန်းကဏ္ဍဟာ တစ်ဖန်ပြန်လည်ထွန်းလင်းလာမှာ ဖြစ်ပါတယ်။

နောက်တစ်ခုက တစ်ကမ္ဘာလုံးကပ်ရောဂါဖြစ်နေတဲ့ အခုအချိန်ဟာ မြန်မာ့တိုင်းရင်းဆေး အခန်းကဏ္ဍကို နောက်ထပ်တစ်ဆင့် တိုးမြှင့်ဖို့အတွက် အချိန်ကောင်းဖြစ်တာကြောင့် ဒီအခွင့်အရေးကို အမိအရစွဲကိုင်အသုံးချနိုင်ကြစေဖို့ စိတ်ရင်းစေတနာ အမှန်ဖြင့် အကြံပြု တိုက်တွန်းလိုက်ရပါတယ် ခင်ဗျာ။ ။

✻ ကျွန်တော်တို့ လိုအပ်နေတာက ရှေးလူကြီးတွေ ချမှတ်ခဲ့တဲ့ အုတ်မြစ်ကို အခြေခံလို့ မြန်မာ့တိုင်းရင်းဆေးအခန်းကဏ္ဍ ကို တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်သွားဖို့ဖြစ်ပါတယ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၅-၈-၂၀၂၁ တနင်္ဂနွေနေ့

**MRTV HD**

- **၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ ေမာရ္ဟသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ
- **၀၉:၁၅** နဝင်္ဂဥပေါ်သထသီလ
- **၀၉:၃၅** MRTV Travelogue
- **၁၀:၁၅** 'ဝဿာန်မိုးရာသီ' တေးသီချင်းများ ဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ်
- **၁၁:၄၅** အသိပညာနှင့်အမှန်တရား
- **၁၂:၃၀** This Week's Special Interest
- **၁၃:၃၀** MRTV National News
- **၁၄:၀၀** မြန်မာ့ဂန္ထဝင်ရုပ်ရှင် **'ဝိလာရှိကာစိုင်းငေဒါ'** (ကျော်ဟိန်း၊ နေအောင်၊ နွဲ့နွဲ့မူ)
- **၁၆:၃၅** ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ
- **၁၇:၁၅** ထူးခြားစုံလင် အာရုပစိပိတ်အစီအစဉ်
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၁၀** သုတဝေဖြာသိရှိဝေဟာ
- **၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အမှန်တရားရဲ့လျှို့ဝှက်ချက်'** (အပိုင်း-၁၄)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ
- **၂၁:၂၅** ဟိုတုန်းကကက်ဆက်ဇာတ်လမ်းများ **'ကျွန်မနာမည်မကြေးမုံ'**

**mitv**

- **07:01** News
- **07:27** Myanmar Social & Charitable Association (Ep-1) Mingalar Byuhar
- **07:52** Gardener: Rose Plantation
- **08:00** Hand Down Arts Heritage
- **08:33** Today Myanmar
- **08:45** Products of Myanmar - Shin Ma Taung Thanakhar
- **09:01** Let's Taste Delicious Insects: Red Ant Spaghetti & Crickets, Soy Chips & Fragrant Root Curry
- **09:27** Mahar Thakya Atula Man Aung - Nga Htat Kyee
- **09:43** Myanmar Traditional Thatched Roofs: Nipa Palm
- **10:26** Discovering Tribes: Enn (Their Life and Customs)
- **11:00** Myanmar Designer Studio: Yone Yone
- **11:18** Applied Myanmar Traditional Martial Art (Part-2)
- **11:49** Ecotourism: Bat Cave and Chatthin Wildlife Sanctuary

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ငါးချဉ်ဟင်းရည်နှင့်ရိုးရာအထောင်း

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၉)

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၇)

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ကျွန်တော်တို့ရွာ

**ချင်း (လိုင်ဇို) (၁၁:၀၀ မှ ၁၂:၀၀)**
ကြက်ဥနှင့်ကျန်းမာရေး

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
စံထားထိုက်တဲ့သူမ

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ကြက်ဟင်းခါးသီးအစွမ်း

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
သျှစ်သောင်းပုထိုးတော်ကြီး

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ဘီးမုန့်ပြုလုပ်နည်း

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
နေကြာစိုက်ပျိုးခြင်း(အပိုင်း-၂)

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
တစ်ပိုင်တစ်နိုင်စပျစ်စိုက်ခင်းဆီ

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၇)
- **၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'အငွေ'**
- **၁၁:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၈)

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀) နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဘုန်းကြီးကျောင်းနှင့် သီလရှင်ကျောင်းများအား ဆွမ်းဆန်တော်၊ ဆီ၊ ပဲများ ဆက်ကပ်လှူဒါန်း



နေပြည်တော် ဩဂုတ် ၁၄

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်ရှိ ဘုန်းကြီးကျောင်းနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီနှင့် ပဲများကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သက်စိုး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး ဦးရန်လင်းအောင်၊ တိုင်းဒေသကြီး သာသနာရေးမှူးတို့က ထားဝယ်မြို့ စန္ဒသိင်္ဂီသီလရှင်ကျောင်း၊ လောင်းလုံးမြို့ ကျောင်းကြီးကျောင်း၊ သရက်ချောင်းမြို့နယ် မော်ရှည်ကုန်း ကျောင်းတို့ကို ဆွမ်းဆန်တော် ၁၅ အိတ်၊ ဆီ ၁၉ ဒသမ ၅၀ ပိဿာ၊ ပဲ ၃၉ ပိဿာတို့ကို သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၁၄

နေပြည်တော်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မိုး/ဇလ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၄ - ၈ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၂၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၂၇၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၂၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၂၇၅၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၇၀ | ကျပ် | ၉၈၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၈၀ | ကျပ် | ၉၉၀ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၂၀ | ကျပ် | ၁၀၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၅၀ | ကျပ် | ၁၀၈၀ | ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၃၆ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၁၄ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉ . ၄၉၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၉၄ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၈၉ . ၅၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၅၄ . ၆၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၂ . ၂၀၇ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၃ | ၂၇၀၀၀ |
| MTSH | ၃၃၀၀ | ၃၃၀၀ | ၂၅၁၂ | ၈၂၈၉၆၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၈ | ၆၃၂၀၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၄ | ၂၀၈၀၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၅၀၅၀၆ | ၁၃၆၆၂၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၅၀၀၀ | ၁၆ | ၇၉၉၀၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

- စာတည်းမှူးချုပ် - အောင်နိုင်ဦး
- ခေတ္တစာတည်းမှူး - မြင့်စိုး
- သတင်းထောက်မှူး - ခင်ရတနာ
- စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
- ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
- အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
- အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
- ဓာတ်ပုံ သတင်းထောက် - တင်စိုး
- သုတေသန - အိအိခင်နှင့် အဖွဲ့
- စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
- စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
- အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
- ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
- ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News Presented by NPE www.mdn.gov.mm

ဇာတ်တော်ကြီးဆယ်ဘွဲ့

# နာရဒဇာတ်တော်

မြတ်မင်းလှိုင်

**ရှေးလွန်လေပြီးသောအခါ ဝိဒေဟရာဇ်တိုင်း မိထိလာပြည်၌ မင်းကျင့်တရားဆယ်ပါးနှင့်ပြည့်စုံကာ တရားကိုစောင့်သော အင်္ဂတိမင်းသည် မင်းပြုလေသည်။ ထိုမင်း၏သမီးတော် ရုစာဒေဝီသည် လွန်စွာအဆင်းလှ၍ ရှုဖွယ်တင့်တယ် ကြည်ညိုဖွယ်သဏ္ဌာန် ကြန်အင်လက္ခဏာနှင့် ပြည့်စုံ၏။ ထို့အပြင် ကမ္ဘာတစ်သိန်းကာလပတ်လုံး တောင်းသောဆုအထူးနှင့်လည်း ပြည့်စုံ၏။ ရုစာဒေဝီ မင်းသမီးသည် တောင်ညာနန်းစံ အဂ္ဂသီမိဖုရားကြီး၏ တစ်ဦးတည်းသော သမီးကညာ ဖြစ်ပေသည်။ မင်းကြီးတွင် အခြားသားတော် သမီးတော် တစ်ဦးတစ်ယောက်မျှ မရှိသဖြင့် သမီးတော် ရုစာဒေဝီကို အထိန်းတော်နှင့်တကွ မှူးမတ်သမီးငါးရာတို့ ခြံရံခစားစေလျက် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ထက်၌ နေစေ၏။**




မင်းကြီးသည် ရုစာဒေဝီ မင်းသမီးအား သဇင်၊ စကား၊ ခယား၊ အစရှိသော အထူးထူးသော ပန်းတို့ဖြင့် ပြည့်သော ရွှေတံဆံကျင်နှစ်ဆယ့်ငါးခုနှင့် အဖိုးထိုက်လှပြီး သိမ်မွေ့နူးညံ့လှသော အဝတ်တန်ဆာတို့ကို နေ့စဉ်နေ့တိုင်း ပေးသနား၏။ ထို့အပြင် အလှူပေးနိုင်ရန် လခွဲတစ်ကြိမ် ဥစ္စာတစ်ထောင်ကိုလည်း ပေးလေသည်။

အင်္ဂတိမင်းကြီး၏ အမှုကြီးငယ်တို့ကို ဆုံးဖြတ်ပေးသော အမတ်သုံးဦးမှာ ဝိဇယအမတ်၊ သုနာမအမတ်နှင့် အလာတအမတ်တို့ ဖြစ်ကြသည်။ မင်းကြီးသည် တစ်ခုသော တန်ဆောင်မုန်းလပြည့်နေ့တွင် အမတ်ပေါင်း ခြံရံလျက် ခြသေ့်ခံသော လေသာနန်းတံခါးကို ဖွင့်လျက် ပြာသာဒ်အထက်၌ ပျော်စံတော်မူလေသည်။ ထိုအခိုက် ဖြူသောရောင်ခြည်ဖြင့် ထွန်းလင်းတောက်ပသော လပြည့်ဝန်းကို မင်းကြီးမြင်တော်မူလေသည်။ ထိုအခါ မင်းကြီးသည် အရှေ့မျက်နှာမှတက်၍ ထွန်းပသော လပြည့်ဝန်းရှိသော ယခုညသည် အလွန်မွေ့လျော်ဖွယ်ရှိသဖြင့် မည်သို့သော မွေ့လျော်ခြင်း ပြုသင့်သနည်းဟု အမတ်တို့ကို မေးမြန်းလေသည်။

ထိုအမတ်တို့တွင် စစ်သူကြီးဖြစ်သော အလာတအမတ်ကြီးက များစွာသော စစ်အင်္ဂါလေးပါးမှူးမတ်ဗိုလ်ခြေတို့ဖြင့် စုဝေးတိုင်ပင်ကာ စစ်ထိုး၍ အောင်ပွဲယူသင့်ကြောင်း လျှောက်ထား၏။ သုနာမ အမတ်ကြီးက လပြည့်နေ့သည် မြတ်သော ဥပုသ်နေ့ဖြစ်၍ စစ်ထိုးခြင်းမပြုဘဲ၊ မြတ်သော ခဲဖွယ်ဘောဇဉ် အဖျော်စသည်တို့ကို သောက်စား၍ ကခြင်း၊ သီခြင်း အစရှိသော အထူးထူးသော ကာမဂုဏ်တို့ဖြင့် မွေ့လျော်တော်မူသင့်ကြောင်း လျှောက်ထားလေသည်။ ဝိဇယအမတ်ကြီးက မင်းကြီးသည် ကာမဂုဏ်တို့ဖြင့် နေ့တိုင်းစံပျော် မွေ့လျော်နေသည်ဖြစ်၍ ယခုကဲ့သို့လပြည့်နေ့တွင် အကြားအမြင် ဗဟုသုတနှင့် ပြည့်စုံသော၊ အကျိုးစီးပွားကို သိတတ်သော ရဟန်းတို့ထံ ချဉ်းကပ်ခြင်းဖြင့် ယုံမှားမှုတို့ကို ပယ်ဖျောက်သင့်ကြောင်း လျှောက်ထားလေသည်။

အင်္ဂတိမင်းကြီးသည် ဝိဇယအမတ်ကြီးလျှောက်ထားသော စကားကို နှစ်သက်တော်မူကြောင်းဆို၏။ ထိုအခါ အလာတအမတ်ကြီးက ဗဟုသုတနှင့် ပြည့်စုံသော ရသေ့ရဟန်းတို့အား ဆည်းကပ်လိုလျှင် မိဂဒါဝုန်တော၌ အဝတ်မဝတ်သော တက္ကတွန်း ဆရာထံသို့ဆည်းကပ်သင့်ကြောင်း လျှောက်ထားလေသည်။ ထိုတက္ကတွန်းမှာ ကဿပအမျိုးအနွယ်ဖြစ်ပြီး အကြားအမြင်များ၍ ပညာရှိဟူ၍ သမုတ်ထားကြောင်း၊ အဆန်းတကြယ်နာပျော်ဖွယ်သော စကားကိုလည်းပြောဆိုတတ်ကြောင်း လျှောက်တင်ပြန်သည်။ ထိုသို့ တက္ကတွန်းဆရာကို ဆည်းကပ်၍ ယုံမှားခြင်းကို ပယ်ဖျောက်ပါရန် လျှောက်တင်လေသည်။

မင်းကြီးလည်း အလာတအမတ်ကြီး ညွှန်ပြသော ကဿပတက္ကတွန်းဆရာသို့ချဉ်းကပ်တော်မူမည်ဟု ဆိုကာ မြင်းရထားကို ပြင်စေသည်။ အလုံးစုံ စီရင်ပြီးသောအခါ အင်္ဂတိမင်းကြီးသည် မှူးမတ်ဗိုလ်ပါ အပေါင်းတို့ခြံရံလျက် မြင်းရထားစီးကာ ကဿပတက္ကတွန်း ဆရာထံသို့ သွားလေသည်။ မင်းကြီးသည် ကဿပတက္ကတွန်း ဆရာ၏နေရာသို့ ရောက်လျှင်သင့်တင့်အပ်သော မင်းနေရာ၌ နေပြီးလျှင် နှုတ်ဆက်စကား ပြောဆိုလေသည်။

ထို့နောက်မင်းကြီးက တရားကိုအလိုရှိသောကြောင့် လူအပေါင်းတို့သည် မိဘ၊ ဆရာ၊ သားမယား၊ အသက်အရွယ်ကြီးသောသူ၊ ရဟန်းပုဏ္ဏား၊ မှူးမတ်ဗိုလ်ပါတို့နှင့်တကွ မြို့ရွာနိဂုံး ဇနပုဒ်ပြည်ထဲရေးတို့ကို မည်သို့ကျင့်ရပါမည်နည်း၊ မည်သည့်အကျင့်ကို ကျင့်ခြင်းဖြင့် နတ်ပြည်သို့ ရောက်ပါမည်နည်း၊ မည်သည့်တရားပျက်ခြင်းကြောင့် အောက်အဝီစိငရဲသို့ ကျရောက်မည်နည်းဟု မေးလေသည်။

ဤမေးခွန်းများသည် အလွန်သိမ်မွေ့နက်နဲခက်ခဲ၍ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကဘုရားလောင်းတို့သာ ဖြေစွမ်းနိုင်သောမေးခွန်းဖြစ်လေသည်။ တစ်စုံတစ်ခုသော တရားကိုမသိဘဲ ဥစ္ဆေဒဒိဋ္ဌိအယူရှိသော ကဿပတက္ကတွန်းသည် မိမိ၏အယူအမှားကိုသာ ဖြေကြားလေသည်။ ကဿပတက္ကတွန်းက တရားကျင့်သူသည်ကောင်းကျိုးမကောင်းကျိုးကို မရရှိနိုင်၊ တမလွန်ဘဝဟူသည်လည်း မရှိ၊ အမိအဘဆရာဟူ၍လည်း မရှိ၊ ခပ်သိမ်းသော သတ္တဝါတို့သည် အတူတူပင် ဖြစ်၏။ အသက်ကြီးသောသူကို အရိုအသေအလေးအမြတ်ပြုရန်မရှိ၊ အားလုံးအမျိုးလည်းမရှိ၊ အလှူပေးခြင်းသည် အကျိုးမရနိုင်၊ လှူလသည်အစိုးမရ၊ သူမိုက်တို့သည် အလှူပေးကြ၍ ပညာရှိတို့က လက်ခံရယူစားသုံးကြသည်။ မီး၊ မြေ၊ ရေ၊ လေ၊ ချမ်းသာ၊ ဆင်းရဲ၊ အသက်ဟူသော ခုနစ်ပါးသာလျှင်မြဲကြသည်။ ခပ်သိမ်းသောသူတို့သည် ၈၄ ကမ္ဘာ မစေ့ရောက်မီ ကိုယ်နှုတ်နှလုံးစောင့်ထိန်း၍ ကောင်းမှုပြုသော်လည်း မစင်ကြယ်နိုင်၊ ၈၄ ကမ္ဘာပြည့်မှသာ စင်ကြယ်ကုန်သည်ဟူ၍ ဖြေကြားလေသည်။

ထိုအခါ စစ်သူကြီး အလာတအမတ်က ကဿပတက္ကတွန်း၏ စကားသည် မှန်ကန်ကြောင်း။ မိမိသည်ရှေးဘဝက ဗာရာဏသီပြည်၌ ပိင်္ဂလအမည်ရှိသော နွားသတ်သမား ဖြစ်ခဲ့ဖူးပြီး နွား၊ ကျွဲ၊ ဝက်၊ ဆိတ်တို့ကို သတ်၍မကောင်းမှုများပြုခဲ့သော်လည်း ငရဲသို့မလားဘဲ မိထိလာပြည်၌ စစ်သူကြီးအမျိုး၌ ပဋိသန္ဓေယူ၍ အလာတအမတ်ကြီးဟု ယခုထင်ရှားစွာ ဖြစ်လာခဲ့သည်ဟု ထောက်ခံ တင်လျှောက်လေသည်။

ထိုအချိန်တွင် ကျွန်ယောကျ်ားဆင်းရဲသော ဗီဇကသည် ကဿပတက္ကတွန်းထံ၌ ဆည်းကပ်လျက်ရှိသည်။ ထိုသူသည် ကဿပတက္ကတွန်းနှင့် အလာတအမတ်တို့ ပြောဆိုကြသော စကားကိုကြားလျှင် ရှိုက်ကြီးတငင်ငိုကြွေးလေသည်။ မင်းကြီးမြင်၍ မေးလေလျှင် ဗီဇကသူဆင်းရဲက မိမိသည် ရှေးဘဝက သာကေတပြည်၌ သီလသီတင်း၌ မွေ့လျော်သော သူဌေးကြီးဘဝ ဖြစ်ခဲ့ဖူးကြောင်း၊ သူဌေးအဖြစ်မှ စုတေခဲ့ရာ ယခုမိထိလာပြည် အိုးထိန်းသည် ကျွန်မ၏ဝမ်း၌ ပဋိသန္ဓေနေ၍ ဗီဇကဟု ဆင်းရဲစွာဖြစ်လာရကြောင်း၊ ယခုဘဝ၌ဆင်းရဲသော်လည်း ဥပုသ်သီတင်းဆောက်တည်ခြင်း၊ အလှူဒါနပြုခြင်း၊ သူတစ်ပါးကို ညှဉ်းဆဲခြင်းမှ ရှောင်ကြဉ်ကာ သူတစ်ပါးဥစ္စာခိုးခြင်း စသောမကောင်းမှုတို့ကို တစ်ကြိမ်တစ်ခါမျှ မပြုခဲ့သော်လည်း အလာတအမတ်ကြီး ပြောဆိုသည့်အတိုင်း အကျိုးမရှိဖြစ်ရတော့မည်။ ကဿပတက္ကတွန်း ပြောကြားချက်အရ နတ်ပြည်သို့ရောက်မည့်လမ်းကို မမြင်၍ငိုမိကြောင်း လျှောက်တင်လေသည်။

ထိုဗီဇကသည် ကဿပဘုရားရှင်လက်ထက်၌ မထင်မရှား ယောကျ်ားတစ်ဦး ဖြစ်သည်။ တစ်ခါတွင် ၎င်းနွားပျောက်သဖြင့် တောအရပ်၌ နွားကိုရှာဖွေနေစဉ် ရဟန်းတစ်ပါးနှင့် တွေ့ဆုံရလေသည်။ ရဟန်းမှာလည်း တောအရပ်၌ခရီးမှား၍ တလည်လည်ဖြစ်နေသဖြင့်

## ဘားအံမြို့၌ ကိုဗစ်-၁၉ ကာလအတွင်း သီလရှင်ကျောင်းများ အခက်အခဲမရှိစေရန် ဆန်၊ ဆီ၊ ပဲများ ဆက်ကပ်လှူဒါန်း



**ဘားအံ ဩဂုတ် ၁၄**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း သီတင်းသုံးနေထိုင်သည့် သီလရှင် ဆရာလေးများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာလအတွင်း ဆွမ်း၊ ဆန်များ အခက်အခဲမရှိစေရန်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆန်၊ ဆီ၊ ပဲများ ဆက်ကပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းက သုခဝတီသီလရှင်စာသင်တိုက်နှင့် ခေမာသီရိ သီလရှင် စာသင်တိုက်တို့တွင် ဆက်ကပ်လှူဒါန်းသည်။ (ဝဲပုံ)

ထိုသို့ ဆက်ကပ်လှူဒါန်းရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဘားအံမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်ဇော်နှင့် ဝန်ထမ်းများက သုခဝတီသီလရှင်စာသင်တိုက်ရှိ သီလရှင်များအတွက် ဆန် ခြောက်အိတ်၊ ပဲ ပိဿာ ၃၀ နှင့် ခေမာသီရိသီလရှင် စာသင်တိုက်ရှိ သီလရှင်များအတွက် ဆန် ၁၀ အိတ်၊ ဆီ ၁၁ ဒသမ ၂၅ ပိဿာ၊ ပဲ ပိဿာ ၃၀ တို့ကို ဆက်ကပ်လှူဒါန်းပေးကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

ထိုဗီဇကနှင့်တွေ့၍ လမ်းခရီးကိုမေး၏။ ထိုဗီဇကသည် နွားရှာမရ၍ စိတ်ပင်ပန်းနေသဖြင့် မဖြေဘဲနေလေသည်။ ရဟန်းကထပ်မံမေးပြန်သော ထိုဗီဇကသည် စိတ်တိုအမျက်ထွက်ကာ ကျွန်မသား၊ ရဟန်းဟု နှုတ်ကြမ်းဆို၍ ဝစီကံဖြင့်ပြစ်မှားခဲ့ဖူးသည်။ ထိုယောကျ်ားသည် သံသရာ၌လည်ပတ်နေရာတွင် ပြုခဲ့ဖူးသော ကောင်းမှုများကြောင့် သာကေတမြို့တွင် သူဌေးဖြစ်ခဲ့၏။ ထိုအချိန်တွင် ကုသိုလ်ကောင်းမှုများ ပြုခဲ့သည်မှန်သော်လည်း ပြုခဲ့သောကောင်းမှုကုသိုလ်များ၏ အကျိုးကို မခံစားရမီ နွားပျောက်ရှာစဉ်က ရဟန်းအား ဝစီကံပြစ်မှားသော အပြစ်ကို ယခုခံရကာ ဗီဇကဆင်းရဲသားဖြစ်နေရသည်ကြောင့် ကောင်းမှု၏အကျိုးကို မရရှိနိုင်ဟု ထင်မှတ်မှားကာ ပြောဆိုခြင်းဖြစ်ပေသည်။

ဗီဇက၏စကားကို မင်းကြီးကြားလျှင် မိမိသည် ရှေးကမြို့တံခါးလေးမျက်နှာ မြို့လယ်တို့၌ အလှူအတန်းများ ပြုခဲ့၍ ကာမဂုဏ်၌ မွေ့လျော်စံပျော်ရခြင်း ယုတ်လျော့ခဲ့သည်။ ယနေ့မှစပြီး ကာမဂုဏ်ချမ်းသာကိုသာ ခံစားတော့မည်ဖြစ်ကြောင်း ကဿပတက္ကတွန်းအား ပြောကြားကာ နန်းတော်သို့ပြန်လေသည်။

မင်းကြီးသည် နောက်တစ်နေ့ မိုးသောက်သောအခါ ဝိဇယအမတ်၊ သုနာမအမတ်၊ အလာတအမတ်အစရှိသော အမတ်ကြီးတို့နှင့်တကွ အမတ်ငယ်များ၊ မင်းပရိသတ်များကို စည်းဝေးစေပြီး စန္ဒကအမည်ရှိသော နန်းတော်၌ အထူးထူးသော ကာမဂုဏ်တို့ကို စီရင်စေ၏။ တိုင်းရေးပြည်ရာ ကိစ္စအဝဝတို့ကို အမတ်ကြီးသုံးဦးတို့ကသာ စီရင်ခန့်ခွဲကြဟု မှာကြားပြီး တစ်စုံတစ်ခုသော အမှုကိုမျှ နားထောင်ခြင်းမပြုဘဲ ကြောင့်ကြမဲ့စွာ ကာမဂုဏ်၌သာ မွေ့လျော်လေသည်။ ထို့အပြင် မြို့တံခါး လေးမျက်နှာတို့၌ရှိသော အလှူဇရပ်တို့ကိုလည်း ဖျက်စေသည်။ မိမိနှစ်သက်သည်ရှိသော် သူတစ်ပါးတို့၏ မယား၊ မိဘစောင့်ရှောက်မှုရှိ သမီးပျို စသည်တို့ကို အနိုင်အထက် သိမ်းယူလေသည်။ မင်းကြီးသည် ကဿပတက္ကတွန်း၏ မှားသောအယူကို ယူ၍ မပြုအပ်သည်တို့ကို ပြုနေခြင်းသည် တစ်ပြည်လုံး၊ မကျေမနပ်ဖြင့် အုတ်အုတ်ကျက်ကျက် ဖြစ်ကြလေသည်။

ထိုသို့ ပြည်သူအများ ပြောဆိုသံများကို ရုစာဒေဝီ မင်းသမီး၏ အထိန်းတော်သည် ကြားသိရ၍ မင်းသမီးအား ခမည်းတော်သည် ကဿပတက္ကတွန်း၏အယူမှားကို မှတ်ယူကာမပြုသင့်သူများပြုနေသည်များကို အပြည့်အစုံလျှောက်ထားလေသည်။ မင်းသမီးသည် ယခုဘဝသို့ မရောက်မီ နတ်သမီးဖြစ်ခဲ့စဉ်ကပင် လွန်ခဲ့ပြီးသော ခုနစ်ဘဝနှင့် နောက်ဖြစ်မည့် ခုနစ်ဘဝပေါင်း တစ်ဆယ့်လေးဘဝကို သိရှိသူဖြစ်သည်။ ထို့ကြောင့် မိမိ၏ရှေးဘဝက အဖြစ်ကိုပြ၍ မင်းကြီးအား လွဲမှားသည့် မိစ္ဆာအယူကိုပယ်၍ မှန်ကန်သောအယူကိုသာ မြင်စေရန်အတွက် အကြံရရှိလေသည်။ သို့သော် မင်းသမီးသည် လခွဲတစ်ကြိမ်သာ ခမည်းတော်ထံပါးသို့ ဝင်ရောက်ခစားလေ့ရှိသဖြင့် အချိန်ပြည့်သည်အထိ စောင့်ဆိုင်းနေရလေသည်။

တန်ဆောင်မုန်းလမကွယ်မီ အဖိတ်နေ့သို့ ရောက်သောအခါ ရုစာမင်းသမီးသည် နတ်တို့၏ အဝတ်တန်ဆာနှင့်တူသော အထူးထူးသော အဝတ်တန်ဆာ ရတနာတို့ကို ဝတ်ဆင်လျက် အခြွေအရံ ရွှေဖော်ငါးရာတို့ ခြံရံလျက် ခမည်းတော်စံရာ စန္ဒကပြာသာဒ်သို့ သွားလေ၏။ မင်းသမီးသည် ပေးလှူမြဲဖြစ်သော ရသေ့၊ ပုဏ္ဏား၊ ဖုန်းတောင်းယာစကာတို့အား ပေးလှူစွန့်ကြဲရန်အတွက် ပေးမြဲဖြစ်သော ဥစ္စာတစ်ထောင်ကို ပေးတော်မူရန် ခမည်းတော်အား လျှောက်ထားလေသည်။

ထိုအခါ မင်းကြီးသည် ပေးလှူစွန့်ကြဲခြင်းသည် အကျိုးမရှိ၊ ဥစ္စာများစွာကို အချည်းအနှီးဖျက်ဆီးသကဲ့သို့ဖြစ်ကြောင်း၊ ဥပုသ်စောင့်ကာ ထမင်းအဖျော် မသုံးဆောင်မစားသောက်ဘဲနေခြင်းမှာ ကောင်းမှုမဖြစ်နိုင်၊ ဗီဇကဟူသောကျွန်သည် ကဿပတက္ကတွန်း၏ ဤတရားကို နာရ၍ ရှိုက်ကြီးတငင်ငိုကြွေး၏။ ချစ်သမီးသည်လည်း နေလွဲသောအခါ

အကြင်သူသည် သူတော်ကောင်းနှင့်သာ ပေါင်းဖက်ရာ၏။ သူယုတ်နှင့် ပေါင်းဖက်ပါက ထိုသူယုတ်၏ အကျင့်တို့သည် ကပ်ငြိလေ၏။ ငါးပုပ်ကို သမန်းမြက်နှင့်ထုပ်၍ သမန်းမြက်တွင် အပုပ်နံ့တို့ စွဲကပ်နေသကဲ့သို့ သူယုတ်နှင့် ပေါင်းဖက်သူသည်လည်း ထိုသူယုတ်၏ အကျင့်တို့သည် ကပ်ငြိလေသဖြင့် ငရဲသို့သာ လားရတတ်သည်။ သူတော်ကောင်းသည် နတ်ပြည်သို့ ရောက်စေတတ်၏

ခဲဖွယ်ဘောစဉ်ကို မစားဘဲ မနေသင့်၊ တမလွန်လောကဟူ၍ မရှိသဖြင့် ကာမဂုဏ်ချမ်းသာကို ခံစားလော့၊ ဆင်းရဲခံမနေသင့်ကြောင်း ပြောဆိုလေသည်။ ထိုအခါ ရုစာမင်းသမီးသည် ခမည်းတော်အား သူမိုက်နှင့်ပေါင်းဖက်ဆည်းကပ်သူသည် မိုက်သောအဖြစ်သို့သာ ရောက်ရှိသည်ကို ရှေး၌လည်း ကြားဖူးပြီး မျက်မှောက်၌လည်း မြင်ရ၍ ထိုစကားသည် မှန်၏။ ခမည်းတော်သည် ပညာအဆင်အခြင်နှင့် ပြည့်စုံသော်လည်း မိုက်မဲသော အလာတအမတ်နှင့် ဗီဇကတို့ကဲ့သို့ အတုယူမှားကာ တက္ကတွန်းသို့ဆည်းကပ်ခြင်းမှာ မှားလေပြီ၊ မကောင်းမှုကို အကြိမ်ကြိမ်ပြု၍ မကောင်းမှုများလာကာ ငရဲ၌နစ်ရတတ်သည်။ အလာတအမတ်သည် ရှေးကပြုခဲ့သော ကောင်းမှုကုသိုလ်ကြောင့် ယခုဤဘဝကို ရရှိခဲ့ခြင်းဖြစ်ပြီး ထိုကောင်းမှုကုန်ချိန်တွင် မကောင်းမှု၌သာ မွေ့လျော်သော အလာတအမတ်သည် အပယ်သို့ ရောက်ရမည်သာဖြစ်သည်ဟု ပြောကြားလေသည်။

ဗီဇကသည်လည်း ပြုခဲ့ဖူးသော ကောင်းမှုတို့ကြောင့် နတ်ပြည်သို့သာ ရောက်ရှိမည်။ သို့သော်ဗီဇကသည် မကောင်းမှုပြုခဲ့သော အကျိုးဆက်ကြောင့် ယခုအခါ ကျွန်အဖြစ်သို့ ရောက်ရှိနေရသည်။ ဗီဇကသည် တက္ကတွန်းကို မှီဝဲဆည်းကပ်ခြင်းမပြုပါက ထိုမကောင်းမှုအကျိုးကုန်သည်နှင့် ကောင်းမှု၌ မွေ့လျော်သော အကျိုးကြောင့် သုဂတိသို့ လားရလိမ့်မည်ဖြစ်သည်။ အကြင်သူသည် သူတော်ကောင်းနှင့်သာ ပေါင်းဖက်ရာ၏။ သူယုတ်နှင့် ပေါင်းဖက်ပါက ထိုသူယုတ်၏ အကျင့်တို့သည် ကပ်ငြိလေ၏။ ငါးပုပ်ကို သမန်းမြက်နှင့်ထုပ်၍ သမန်းမြက်တွင် အပုပ်နံ့တို့ စွဲကပ်နေသကဲ့သို့ သူယုတ်နှင့် ပေါင်းဖက်သူသည်လည်း ထိုသူယုတ်၏ အကျင့်တို့သည် ကပ်ငြိလေသဖြင့် ငရဲသို့သာ လားရတတ်သည်။ သူတော်ကောင်းသည် နတ်ပြည်သို့ ရောက်စေတတ်၏ စသည်ဖြင့် တရားဟောပြောလေသည်။

(ဆက်လက်ဖော်ပြပါမည်)

## နုမှာငါးရာ၊ ရင့်မှာတစ်ကျိပ်

ပါဠိစကား 'ဇာတက'ကို 'ဇာတ်' ဟူ၍ မြန်မာမှုပြုကြသည်။ 'ဇာတ်'၏ အနက်အဓိပ္ပာယ်မှာ 'အဖြစ်' 'ဘဝ'ဟူ၍ ဖြစ်သည်။ ဗုဒ္ဓဘုရားရှင်သည် ပါရမီဖြည့်စဉ်ကာလ မိမိ၏ အတိတ်ဘဝဇာတ်ကြောင်းများကို ပါဠိဂါထာများဖြင့် ဟောကြားခဲ့ရာ ဂါထာတစ်ရာကျော်မှ တစ်ထောင်ကျော်အထိ ဟောကြားခဲ့သော မဟာနိပါတ်ဟု ခေါ်သည့် ဇာတ်ကြီးဆယ်ဘွဲ့ရှိသည်။ ဇာတ်ကြီးဆယ်ဘွဲ့သည် ဗုဒ္ဓအလောင်းတော် ဘုရားဖြစ်ခါနီး ပါရမီရင့်ကျက်လာပြီဖြစ်သည့် နောက်ဆုံးဘဝများဖြစ်သည်။ ဗုဒ္ဓအလောင်းတော်ဖြည့်ကျင့်ခဲ့သည့် ပါရမီများကို ပြဆိုသော တေမိ၊ ဇနက၊ သုဝဏ္ဏသာမ၊ နေမိ၊ မဟောသဓ၊ ဘူရိဒတ်၊ စန္ဒကုမာရ၊ နာရဒ၊ ဝိဓူရ၊ ဝေဿန္တရာ ဇာတ်တော်ကြီးများကို 'တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စံ၊ နာ၊ ဝိ၊ ဝေ' ဟု မြန်မာတို့က အတိုမှတ်ကြသည်။

ဗုဒ္ဓကျမ်းစာများတွင် နိကာယ်ငါးရပ်ဝင် ခုဒ္ဒကနိကာယ်၌ ပါဝင်သည့် ဇာတ်ဝတ္ထုပေါင်း ၅၄၇ ဇာတ်ရှိရာ အလွယ်တကူအားဖြင့် ၅၅၀ ဇာတ်တော်များဟု ခေါ်ဝေါ်ကြခြင်း ဖြစ်သည်။ ဇာတ်တော်ကြီးဆယ်ဘွဲ့မှ လွဲ၍ ကျန်ဇာတ်တော်များမှာ ပါရမီနုစဉ်က အကြောင်းအရာများဖြစ်ပြီး ပါဠိဂါထာ တစ်ဂါထာ၊ နှစ်ဂါထာတို့ဖြင့် ဟောကြားခဲ့ခြင်းဖြစ်သည်။ 'နုမှာငါးရာ၊ ရင့်မှာတစ်ကျိပ်' ဆိုသည်မှာ ဗုဒ္ဓအလောင်းတော်ပါရမီဖြည့်ကျင့်ခဲ့စဉ်က ဇာတ်ဝတ္ထုအကြောင်းများပင်ဖြစ်ပြီး မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့အတွေးအမြင်တို့တွင် တစ်သားတည်း ပျော်ဝင်နေသည့် ဩဇာကြီးမားသော စာပေများလည်းဖြစ်သည်။

ဇာတ်တော်ကြီးဆယ်ဘွဲ့နှင့် ငါးရာ့ငါးဆယ်ဇာတက ဝတ္ထု အကျဉ်းချုပ်များကို ရှေးကရဟန်းပညာရှိ ဆရာတော်ကြီးများရေးသားတော်မူခဲ့သည့် မူရင်းစာအုပ်များကိုမှီငြမ်း၍ ဆရာမြတ်မင်းလှိုင်က ရေးသားခဲ့ပြီး လွန်ခဲ့သည့်နှစ် ၂၀ ကာလက နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက်မှ အပတ်စဉ်ထုတ်ဝေသည့် Junior Leader စာစောင်တွင် ဖော်ပြခဲ့ဖူးရာ အဆိုပါ ဇာတ်ဝတ္ထုများအား အပတ်စဉ် လပြည့်၊ လကွယ်၊ ဥပုသ်စသည့် နေ့ရက်များတွင် ဖော်ပြသွားပါမည်ဟု စာဖတ်ပရိသတ်အား အစီရင်ခံအပ်ပါကြောင်း။ ။

## ရခိုင်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆန်၊ ဆီ၊ ပဲများလှူဒါန်း



**စစ်တွေ ဩဂုတ် ၁၄**

ကိုဗစ်-၁၉ ရောဂါကာလအတွင်း ရခိုင်ပြည်နယ်အတွင်းရှိ ဆွမ်းအခက်အခဲရှိသော ဘုန်းတော်ကြီးကျောင်းများသို့ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆန်၊ ဆီ၊ ပဲစသည့် ပစ္စည်းသုံးမျိုးကို ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ဩဂုတ် ၁၁ ရက်က နယ်စပ်ရေးရာဝန်ကြီးဌာနမှ လှူဒါန်းသော ပစ္စည်းများအား ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သူရနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ရခိုင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်နိုင်နှင့် ဝန်ထမ်းများက စစ်တွေမြို့ရှိ ကျားရုပ် ပရိယတ္တိစာသင်တိုက်ရှိ သံဃာများသို့ ဆန် ၁၂ အိတ်၊ ပဲ ၃၇ ပိဿာနှင့် ဆီ ၁၈ ဒသမ ၇ ပိဿာတို့ကို သွားရောက် ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ဩဂုတ် ၁၀ ရက်ကလည်း သံတွဲခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ဝင်းဗိုလ်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက သံတွဲမြို့ဓမ္မဂုဏ်ရည် ပရိယတ္တိစာသင်တိုက်ရှိ ဆရာတော် သံဃာတော်များသို့ ဆန် ၁၀ အိတ်၊ ဆီ ၁၁ ပိဿာနှင့် ပဲ ၂၂ ပိဿာတို့ကို ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **တင်ထွန်း (မြန်/ဆက်)**

ဗုဒ္ဓ အဆုံးအမဖြင့် အောင်မြင်ခြင်း

# မာတာပိတု ဥပဋ္ဌာနံ

## မိဘကို လုပ်ကျွေးပြုစုရခြင်းသည် မင်္ဂလာမည်၏။

ကျော်ကျော်လှိုင်

ဗုဒ္ဓမြတ်စွာဘုရားက မိဘကို လုပ်ကျွေးပြုစုရခြင်းသည် မင်္ဂလာမည်၏ဟု ဟောခဲ့ပါသည်။ မိဘသည် အနန္တော အနန္တဂိုဏ်းဝင်ဖြစ်ပါသည်။ မိဘတိုင်းကို သားသမီးတိုင်းက လုပ်ကျွေးပြုစုသင့်ပါသည်။ သားသမီးတို့က လုပ်ကျွေးပြုစုချင်သော်လည်း ပြုစုခွင့်မရသည့် အခြေအနေများလည်း ရှိပါသည်။ မိဘများကို လုပ်ကျွေးပြုစုလိုသည့်အချိန်တွင် မိဘများက လူ့လောကတွင် မရှိတော့ခြင်း၊ မိဘနှင့် ဝေးကွာသည့်အရပ်တွင် နေထိုင်၍ လုပ်ကျွေးပြုစုခွင့်မရခြင်းတို့ ဖြစ်တတ်ပါသည်။ လုပ်ကျွေးပြုစုခွင့် ရသော်လည်း မိဘကိုလုပ်ကျွေးပြုစုခြင်း မလုပ်သူတွေလည်းရှိသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့ရပါသည်။

**❋ မိမိက ငယ်သေးသည်။ မိမိက မပြည့်စုံသေး၊ မိမိက အဝေးရောက်နေသည် စသည့်အကြောင်းပြချက်များဖြင့် မိဘများကို ကျွေးမွေးပြုစု စောင့်ရှောက်ခြင်းကို မပျက်ကွက်သင့်ပါ။ မိဘများကို ကျွေးမွေးပြုစု စောင့်ရှောက်သူသည် မင်္ဂလာတရားတော်နှင့်အညီ ချမ်းသာအောင်မြင်ခြင်းသုခကို ရရှိပါမည်**

### မွေးမိဘ

ကျွန်တော့်ဘဝတွင် ကျွန်တော်တတ်နိုင်သည့်အချိန်၊ လုပ်ကျွေးပြုစုလိုသည့်အချိန်တွင် ကျွန်တော့်အဖေ ကွယ်လွန်ခဲ့ပါပြီ။ အဖေသည် စည်းကမ်းအလွန်ကြီးပါသည်။ သားသမီးများကို မကြာခဏ ကြိမ်ဖြင့် ရိုက်နှက်ဆုံးမလေ့ရှိသဖြင့် အဖေ့ကို ကျွန်တော်အမြဲ ဆန့်ကျင်ပါသည်။ ရိုက်နှက်ဆုံးမသည့်အတွက် ကျွန်တော်တို့ မချစ်မှာကိုလည်း အဖေ့ မစိုးရိမ်ပါ။ ဆောင်ရွက်စရာ ရှိသည့် အဖေ့ဝတ္တရား၊ အဖေ့တာဝန်အတိုင်း ကျွန်တော်တို့ကို လိမ္မာရေးခြားရှိအောင်သာ ဆိုဆုံးမခဲ့ပါသည်။ အဖေ၏ ဆိုဆုံးမမှုများကြောင့် လက်ရှိအခြေအနေကို ကျွန်တော် ရောက်ရှိနေခြင်းဖြစ်ပါသည်။ အဖေ့ကို စိတ်ပါလက်ပါ ကန်တော့ခွင့်ရချင်ပါသည်။ မရနိုင်တော့ပါ။ အဖေ့ကို ကျွေးမွေးပြုစု လိုပါသည်။ နိုင်ငံခြားသို့ အလည်အပတ်ပို့လိုပါသည်။ အဖေကြိုက်နှစ်သက်သည့် ပစ္စည်းများကို ဝယ်ပေးလိုပါသည်။ လုပ်ခွင့် မရတော့ပါ။ ကံကောင်းသည့်အချက်က ကျွန်တော့်အမေသည် ယခုတိုင် အသက်ရှင်ဆဲဖြစ်ပါသည်။ အမေ့အသက် ၉၀ ကျော်ပါပြီ။ အမေ့ကို စိတ်ကြိုက်ပြုစုခွင့်ရ၍ ဝမ်းသာမိပါသည်။ မိဘများ အသက်ထင်ရှားရှိချိန်တွင် မိဘများကို အကောင်းဆုံး ပြုစုစောင့်ရှောက်ရပါမည်။

မိဘများက သားသမီးများကို ပခုံးလက်နှစ်သစ်အရွယ်ကစ၍ မျှော်လင့်ချက်မထားဘဲ ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့ကြပါသည်။ မိမိတို့ အသက်ကြီးလာသည့်အခါ မိမိတို့သားသမီးများက "ပြန်လည် ကျွေးမွေးပြုစုစောင့်ရှောက်ပါ့မလား၊ သားသမီးတွေဆီက ဘာပြန်ရမလဲ" ဆိုသည်ကို မိဘများက မည်သည့် မေးခွန်းမှ မထုတ်ခဲ့ပါ။ မိဘများက မည်သည့်မျှော်လင့်ချက်မျှ မထားဘဲ သားသမီးများကိုပြုစုစောင့်ရှောက်ခဲ့ခြင်း ဖြစ်သည်ကို မမေ့သင့်ပါ။ မိဘများကို လိုလေသေးမရှိအောင် ကျွေးမွေးပြုစု စောင့်ရှောက်ဖို့ အခြေအနေမပေးသေးလျှင် အနည်းဆုံးမိဘကို စိတ်ချမ်းသာအောင် ထားစေလိုပါသည်။ မိဘမကြိုက်သည့်အလုပ်ကို ရှောင်ကြဉ်ခြင်းသည် မိဘကို စောင့်ရှောက်ခြင်းပင်ဖြစ်ပါသည်။ မိဘတိုင်းသည် သားသမီးများကြောင့် ဂုဏ်တက်ချင်ကြပါသည်။ မိမိသားသမီးက ပညာတော်သည်၊ အားကစား ထူးချွန်သည်၊ အနုပညာပါရမီရှိသည် ... စသဖြင့် ဂုဏ်ယူလိုကြပါသည်။ လူငယ်များအနေဖြင့် မိဘကို ချစ်လျှင်၊ မိဘကိုစိတ်ချမ်းသာအောင်ထားလိုလျှင် မိမိကိုယ်မိမိ ထူးချွန်အောင် ကြိုးစားရပါမည်။

ချမ်းသာကြွယ်ဝသည့် မိဘများက သားသမီးကို လိုလေသေးမရှိထားနိုင်သော်လည်း ဆင်းရဲသည့် မိဘများက ချို့တဲ့စွာ သားသမီးများကို ကျွေးမွေးပြုစုစောင့်ရှောက်နေသည်များလည်း ရှိပါသည်။ ဆင်းရဲနွမ်းပါးသည့် သားသမီးတချို့က မိဘက ဆင်းရဲသည်၊ ပညာမတတ်၊ ဂုဏ်ငယ်ရသည် ... စသည့် အယူအဆများနှင့် မိဘကို ရှေ့တန်းမတင်သူများကိုလည်း ဝမ်းနည်းဖွယ်ရာတွေ့နေရပါသည်။ မိဘက ပညာမတတ်သည်ဖြစ်စေ၊ ချို့တဲ့သည်ဖြစ်စေ၊ ဂုဏ်ငယ်သည်ဖြစ်စေ၊ မိမိကို ငယ်စဉ်ကတည်းက ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့သည့် ကျေးဇူးကို မမေ့သင့်ပါ။ ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့သည့် မိဘကျေးဇူးသည် အလွန်ကြီးပါသည်။ ဗုဒ္ဓဘုရားရှင်ပင် အမေ့နို့တစ်လုံးဖိုးသာ ကျေအောင် ကျေးဇူးဆပ်နိုင်သည်ဟု ဆိုကြပါသည်။ မိဘက မည်သည့်အခြေအနေပင်ဖြစ်စေ မိဘကို ခြွင်းချက်မရှိ ချစ်ရန်၊ မိဘကို စိတ်ချမ်းသာအောင်ထားရန်၊ မိဘကို ကျွေးမွေးပြုစု စောင့်ရှောက်ရန်သည် သား၊ သမီးတို့၏ တာဝန်ဖြစ်ပါသည်။ ဤတာဝန်ကိုကျေမှ မင်္ဂလာတရားတော်နှင့်အညီ ချမ်းသာအောင်မြင်သူဖြစ်ပါမည်။

### ကျွေးမိဘ

မွေးမိဘ မရှိတော့သည့်အတွက် မိဘနေရာကနေပြီး ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့သည့် မိဘများလည်း ရှိပါသည်။ ဝမ်းနှင့် လွယ်မမွေးခဲ့သော်လည်း မိဘအရင်းကဲ့သို့ လူတစ်လုံး သူတစ်လုံး ဖြစ်အောင် ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့သည် ကျွေးမိဘများ၏ ကျေးဇူးကိုလည်း သိတတ်ပြီး ပြန်လည်ကျွေးမွေးပြုစု စောင့်ရှောက်ရန် လိုပါသည်။ နောင်တစ်ချိန်တွင် ဗုဒ္ဓဘုရားရှင်ဖြစ်လာမည့် သိဒ္ဓတ္ထမင်းသားကို ဖွားမြင်ပြီးနောက် မိခင်မယ်တော်မာယာ နတ်ရွာစံခဲ့ပါသည်။ သိဒ္ဓတ္ထမင်းသားကို လူလားမြောက်အောင် မယ်တော်မာယာ၏ ညီမတော် မိထွေးတော် ဂေါတမီက ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့ပါသည်။ သိဒ္ဓတ္ထမင်းသား တောထွက်၊ တရားကျင့်ကာ သဗ္ဗညုတဉာဏ်ရရှိပြီး ဘုရားအဖြစ်ရောက်တော်မူသည့်အခါ မိထွေးတော် ဂေါတမီကို ကျေးဇူးဆပ်သည့်အနေဖြင့် ဘိက္ခုနီ သာသနာတော်ကို ခွင့်ပြုခဲ့ပါသည်။

အဲပယ် (Apple) ၏ ဖခင်ကြီးဟု တင်စားခေါ်ကြသည့် အဲပယ် (Apple) ကုမ္ပဏီကို တည်ထောင်ခဲ့သည့် စတီးဗ်ဂျော့ (Steve Jobs) ကို မွေးစကတည်းက မိဘအရင်း မဟုတ်သည့် လင်မယားမောင်နှံက မွေးစားခဲ့ပါသည်။ စတီးဗ်ဂျော့သည် မွေးစားမိဘနှစ်ပါးကို မွေးစားမိဘမှန်းသိသော်လည်း အလွန်ချစ်ပါသည်။ မိဘများက "မွေးစားထားတာပါ" ဟုဆိုလျှင် အလွန်စိတ်ဆိုးပါသည်။ "ဒီမိဘတွေက ကျွန်တော့် မိဘ ၁၀၀၀% ပါ" ဟု စတီးဗ်ဂျော့က ပြောလေ့ရှိပါသည်။ စတီးဗ်ဂျော့ ချမ်းသာအောင်မြင်လာသည့်အခါလည်း မွေးစားမိဘ နှစ်ပါးကို ကောင်းစွာပြုစု စောင့်ရှောက်ခဲ့ပါသည်။

ယနေ့ကမ္ဘာကြီးသည် သိပ္ပံပညာများ ထွန်းကားမှုကြောင့် လူသားများ၏ နေ့စဉ်ဘဝသည် အစစအရာရာ အဆင်ပြေလာသည်။ တစ်ချိန်က အင်္ဂလန်မှာ ရောက်နေသည့်သားနှင့် ရန်ကုန်က မိဘ ဆက်သွယ်ချင်လျှင် စာရေးပြီး ဆက်သွယ်ရပါသည်။ ငွေကုန်ကြေးကျခံ၍ တယ်လီဖုန်း ခေါ်ဆိုရပါသည်။ ယနေ့နည်းပညာများ တိုးတက်လာမှုကြောင့် ဗိုင်ဘာ (Viber)၊ ဝီချတ် (WeChat)၊ ဖေ့စ်ဘွတ်ခ်မက်ဆင်ဂျာ (Facebook Messenger) များသုံးကာ တယ်လီဖုန်း ပြော၍ရပါသည်။ ဗီဒီယိုသုံး၍တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ စကားပြောနိုင်ပါသည်။ ငွေကြေးကုန်ကျမှုလည်း နည်းပါသည်။ အကြောင်းရင်းကို စစ်လျှင် မိဘများက သားသမီးများကို လူလားမြောက်အောင် ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့၍ ဖြစ်ပါသည်။ သတ္တလောကကြီးကို ကြည့်သည့်အခါ မိဘက သားသမီးကို ငယ်စဉ်ကတည်းက ကျွေးမွေး ပြုစုစောင့်ရှောက်ပြီး လူတစ်လုံး သူတစ်လုံးဖြစ်အောင် လုပ်ပေးသည်မှာ လူပဲရှိပါသည်။ တိရစ္ဆာန်များသည် သားသမီးများကို ငယ်စဉ်အခါမှာ ကျွေးမွေးပြုစုစောင့်ရှောက်သော်လည်း အရွယ်ရောက်လာသည်နှင့် မိဘကထားပစ်ခဲ့သည်ကို တွေ့ရပါသည်။ လူသားလျှင် သားသမီးများ မည်သည့်အရွယ်ပင် ဖြစ်စေ မိဘများက အမြဲသင်ကြားဆုံးမလေ့ရှိပါသည်။ ဤအကျိုးဆက်ကြောင့် နည်းပညာများ ထွန်းကားလာခြင်း ဖြစ်ပါသည်။

မိဘက သားသမီးကို ကျွေးမွေးပြုစု စောင့်ရှောက်ခြင်းသည် လူ့တာဝန်တစ်ခုဖြစ်သကဲ့သို့ သားသမီးများမှလည်း မိဘကိုကျွေးမွေးပြုစုစောင့်ရှောက်မှသာ လူသားတာဝန်ကျေပါလိမ့်မည်။ မိဘကို ကျွေးမွေးပြုစုစောင့်ရှောက်ခြင်း မလုပ်သူ၊ မိဘကို မချစ်သူသည် တခြားသူကိုလည်း ချစ်မည် မဟုတ်ပါ။ ကျေးဇူးတရားကိုလည်း သိတတ်မည် မဟုတ်ပါ။

### အဇာတသတ်

မိဘ၏ ကျေးဇူးကို မသိတတ်သည့်အတွက် ဒုက္ခရောက်ခဲ့ရသည့် ပုံပြင်များ၊ စာများ၊ နိပါတ်တော်များ အမြောက်အမြားရှိပါသည်။ အဇာတသတ်ဆိုလျှင် ဒေဝဒတ်နှင့် လူပေါင်းမှားကာ နန်းကိုလိုချင်သည့်အတွက် ဖခင်ကြီးကို ထောင်သွင်း အကျဉ်းချပါသည်။ မသေသေအောင် ဖခင်ခြေထောက်ကိုခွဲပြီး ဆားသိပ်ပါသည်။ သို့သော် သားမွေးလာသည့်အချိန်တွင် သားကို ချစ်လွန်းသည့်အတွက် "သားကို ကျွန်တော် ချစ်သလို၊ အဖေက ကျွန်တော့်ကို ချစ်သလား"ဟု အဇာတသတ်က မိခင်ကို မေးပါသည်။ မိခင်က အဇာတသတ်ကို "သင်ငယ်စဉ်က လက်မှာ ခူနာ ပေါက်တယ်၊ နာလွန်း၍ သင်ငိုတယ်။ သင့်ဖခင်က သက်သာအောင် ပါးစပ်နှင့် ငုံထားသည့်အချိန် ပြည်ပေါက်သွားသော်လည်း သင်နိုးမှာစိုး၍ ထွေးမထုတ်ဘဲ မျိုချခဲ့တယ်" ပြောသည့်အခါ အဇာတသတ် နောင်တကြီးစွာ ရခဲ့ပါသည်။

မိမိက အသက်ငယ်သေးသည်၊ အသက်ကြီးအရွယ်ရောက်လျှင် မိဘကျေးဇူးဆပ်မည်ဟု မစောင့်စေလိုပါ။ ငယ်စဉ်ကတည်းက လူအများ ချီးမွမ်းခံရသူဖြစ်အောင် ပြုမူနေထိုင်ပါ။ အသက်ငယ်သည့် ကလေးများကလည်း မိဘကို လုပ်ကျွေးပြုစုစောင့်ရှောက်သည့် အလုပ်ကို ကြီးမှလုပ်မည်ဟု စိတ်ထားကို ပြင်စေလိုပါသည်။ ငယ်ငယ်ကတည်းက မိမိကို လူအများ ချီးမွမ်းအောင်နေပါ။ အကျင့်စာရိတ္တကောင်းသူ၊ အပြောအဆိုယဉ်ကျေးသိမ်မွေ့သူ၊ လူအများကို ကူညီသူဖြစ်လျှင် လူအများက ချစ်ခင်ကြပါလိမ့်မည်။ လူတွေက ချီးမွမ်းပြောဆိုကြပါမည်။ လူအများ ချီးမွမ်းပြောဆိုတာခံရသည့်အခါ မိဘများ ဂုဏ်တက်ရပါသည်။ ဝမ်းသာပီတိ ဖြစ်ကြရပါသည်။ မိဘများကို စိတ်ချမ်းသာအောင်ထားခြင်းသည် မိဘများကို အကောင်းဆုံး ပြုစုစောင့်ရှောက်ခြင်း ဖြစ်ပါသည်။

### သုဝဏ္ဏသာမ

မိဘများကို ပြုစုစောင့်ရှောက်သူသည် အန္တရာယ်ကင်းဘေးရှင်း၍ သူတော်ကောင်းများ၏ စောင့်ရှောက်ခြင်းကိုလည်း ရပါသည်။ ဇာတ်ကြီးဆယ်ဘွဲ့တွင် ပါဝင်သော သုဝဏ္ဏသာမဇာတ်ကိုကြည့်လျှင် သုဝဏ္ဏသာမသည် မျက်မမြင် မိဘနှစ်ပါးကို လုပ်ကျွေးပြုစုစောင့်ရှောက်နေသည့် သားရတနာဖြစ်ပါသည်။ မြားမှန်၍ သေလုဆဲဆဲတွင် မိဘကျေးဇူးကို သိတတ်သူဖြစ်၍ သိကြားမင်းက အသက်ကို ကယ်ရပါသည်။

*စာမျက်နှာ ၂၃ သို့*

ဗုဒ္ဓအဆုံးအမဖြင့် အောင်မြင်ခြင်းစာအုပ်ပါ အကြောင်းအရာများသည် မင်္ဂလာတရားတော် ၃၈ ပါးအနက်မှ ၃၁ ပါးကို ခေတ်အမြင်ဖြင့် စာရေးသူက တစ်ပါးချင်းလေ့လာပြီး ဘဝအတွေ့အကြုံများပါ ပေါင်းစပ်ရေးသားထားခြင်း ဖြစ်ပါသည်။ စာဖတ်သူပရိသတ်များအနေဖြင့် မင်္ဂလာတရားတော်နှင့်အညီ လောကီအကျိုး၊ လောကုတ္တရာအကျိုးများ ရရှိဆင်ခြင်နိုင်စေရန် စေတနာမွန်ဖြင့် ထုတ်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။

**စာတည်းအဖွဲ့**

# ဗန်းမော်မြို့ ကမ်းသာဦးဆိပ်ကမ်းမှ ဧရာဝတီမြစ်အတွင်းသို့ ငါးသားပေါက် ငါးမျိုးစိုက်ထည့်

**နေပြည်တော် ဩဂုတ် ၁၄**

ကချင်ပြည်နယ် ဗန်းမော်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ရေရှည်စဉ်ဆက်မပြတ် ငါးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ ငါးရိက္ခာဖူလုံစေရန် ငါးသယံဇာတများ တိုးပွားလာစေရန်နှင့် ကျေးလက်နေပြည်သူများ ငါးများကို ပိုမိုဖမ်းယူစားသုံးနိုင်စေရန် ရည်ရွယ်၍ ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းကို ယနေ့နံနက် ၈ နာရီတွင် ဗန်းမော်မြို့ ကမ်းသာဦးဆိပ်ကမ်းတွင် ကျင်းပခဲ့သည်။

အဆိုပါ ငါးလွှတ်ပွဲအခမ်းအနားသို့ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ လူမှုရေးရာဝန်ကြီးဌာနဝန်ကြီး ဦးကျော်မင်းခိုင်၊ တိုင်းရင်းသားရေးရာ ဝန်ကြီးဌာနဝန်ကြီး ဦးဝင်းရဲထွန်းနှင့် ဗန်းမော်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်လွင်၊ ဗိုလ်မှူးကြီး အောင်ကျော်သူ၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်ငါးမျိုးစိုက်ကြီးကြပ်ကွပ်ကဲရေးကော်မတီအဖွဲ့များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ထွန်းတိုး မြို့နယ်ငါးမျိုးစိုက်ကြီးကြပ်ကွပ်ကဲရေးကော်မတီအဖွဲ့တို့သည် ဗန်းမော်မြို့ ကမ်းသာဦးဆိပ်ကမ်းမှ ဧရာဝတီမြစ်အတွင်းသို့ ၂ လက်မအရွယ်ရှိ ငါးမြစ်ချင်း သားပေါက်ကောင်ရေ (၆၀၀၀၀) နှင့် ငါးခုံးမကြီးသားပေါက်ကောင်ရေ(၂၀၀၀၀) စုစုပေါင်းကောင်ရေ(၈၀၀၀၀) တို့အား ငါးမျိုးစိုက် ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




*စာမျက်နှာ ၂၂ မှ*

မိဘများကို ပြုစုစောင့်ရှောက်ခြင်းကြောင့် ရရှိမည့် အကျိုးတရားသည် အလွန်များပါသည်။

မိဘများ အသက်ထင်ရှားရှိစဉ်တွင် မိဘများကို အကောင်းဆုံး၊ အတတ်နိုင်ဆုံး ကျွေးမွေးပြုစု စောင့်ရှောက်စေလိုပါသည်။ နောင်တမရစေလိုပါ။ လောကတွင် နောင်တနှစ်မျိုးရှိပါသည်။ မလုပ်သင့် မလုပ်ထိုက်တာကို လုပ်မိခဲ့လျှင် နောင်တရပါသည်။ လုပ်သင့်လုပ်ထိုက်သည်ကို မလုပ်ခဲ့လျှင်လည်း နောင်တရပါလိမ့်မည်။ မိဘကို လုပ်ကျွေးပြုစုခြင်းသည် လုပ်သင့်လုပ်ထိုက်သည့်အလုပ်ဖြစ်ပါသည်။ မိဘကို လုပ်ကျွေးပြုစုခြင်းကို မလုပ်ခဲ့လျှင် တစ်ချိန်မှာ နောင်တရပါလိမ့်မည်။ မိဘကွယ်လွန်သွားသည့် အချိန်မှ နောင်တနှင့် ကျန်ခဲ့မယ်ဆိုလျှင် ဘဝတွင် စိတ်ချမ်းသာမှုကို ရရန်ခက်ပါမည်။ စိတ်ချမ်းသာမှု မရှိသူသည် အောင်မြင်မှုနှင့်လည်း ဝေးရပါမည်။

နိဂုံးချုပ်အနေဖြင့် မိမိက ငယ်သေးသည်။ မိမိက မပြည့်စုံသေး၊ မိမိက အဝေးရောက်နေသည် စသည့်အကြောင်းပြချက်များဖြင့် မိဘများကို ကျွေးမွေးပြုစုစောင့်ရှောက်ခြင်းကို မပျက်ကွက်သင့်ပါ။ မိဘများကို ကျွေးမွေးပြုစုစောင့်ရှောက်သူသည် မင်္ဂလာတရားတော်နှင့်အညီ ချမ်းသာအောင်မြင်ခြင်းသုခကို ရရှိပါမည်။

**"မှတ်သားစရာ"**

**မွေးမိဘနှင့် မိဘအရင်းကဲ့သို့ ကျွေးမွေးစောင့်ရှောက်ခဲ့သူများကို အချိန်မဆိုင်းဘဲ တတ်နိုင်သည့်နည်းဖြင့် ကျေးဇူးဆပ်ရပါမည်။**

ကျမ်းကိုး

၁။ ဇာတ်ကြီးဆယ်ဘွဲ့။

၂။ ၂၁ ရာစုတစ်လွှား လူသားအကျိုးပြု၍ ချမ်းသာအောင်မြင်လာသူများ။ ကျော်ကျော်လှိုင်။

# "ကိုဗစ်- ၁၉ ကာကွယ်ရေး၊ ပြည်သူအားလုံး ပါဝင်ပေး" ခေါင်းစဉ်နှင့် " ကိုဗစ်-၁၉ ကပ်ရောဂါ၊ လက်တွဲညီညာ တိုက်ဖျက်ပါ " ခေါင်းစဉ်များဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

**နေပြည်တော် ဩဂုတ် ၁၄**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် ပြည်သူများ ပိုမိုပူးပေါင်းလာစေရန်အတွက်လည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ပြည်သူများအသိပညာပေး လုပ်ငန်းများကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်စေရေးနှင့် စနစ်တကျ မှတ်တမ်းတင်နိုင်ရေးအတွက်လည်းကောင်း **"ကိုဗစ်- ၁၉ ကာကွယ်ရေး၊ ပြည်သူအားလုံး ပါဝင်ပေး"** ခေါင်းစဉ်နှင့် **"ကိုဗစ်-၁၉ ကပ်ရောဂါ၊ လက်တွဲညီညာ တိုက်ဖျက်ပါ"** ခေါင်းစဉ်များဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ပြန်ကြားရေးဝန်ကြီးဌာနက ဖိတ်ခေါ်ထားကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ဝါသနာရှင်အဆင့်ပြိုင်ပွဲနှင့် ပညာရှင်အဆင့်ပြိုင်ပွဲဟူ၍ ပြိုင်ပွဲအမျိုးအစား နှစ်မျိုး ကျင်းပမည်ဖြစ်သည်။ ဝါသနာရှင်အဆင့်ပြိုင်ပွဲကို **"ကိုဗစ်- ၁၉ ကာကွယ်ရေး၊ ပြည်သူအားလုံး ပါဝင်ပေး"** ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ဓာတ်ပုံပညာကို ဝါသနာအရ ရိုက်ကူးနေကြသူများ၊ ပြည်တွင်း/ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိသူများ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။ ပညာရှင်အဆင့် ပြိုင်ပွဲကို **"ကိုဗစ်-၁၉ ကပ်ရောဂါ၊ လက်တွဲညီညာ တိုက်ဖျက်ပါ"** ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ပြည်တွင်း/ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသူ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

ပြိုင်ပွဲသို့ ကိုဗစ်-၁၉ ရောဂါ ဆိုးကျိုးများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာလုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနေမှုများ၊ အသိပညာပေးဆောင်ရွက်နေမှုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပရဟိတအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများက ပါဝင်ကူညီ ဆောင်ရွက်ပေးနေမှုများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုများ စသည့်အကြောင်းအရာများဖြင့် ဖော်ညွှန်းရိုက်ကူးယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာ ဖြစ်ရမည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲဝင် ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်ပါသည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသည့် ဓာတ်ပုံများ၊ ပြည်တွင်းပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင် ဓာတ်ပုံများကို အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုများတွင် အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူအမည်၊ နိုင်ငံသားစိစစ်ရေးအမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံအကြောင်းအရာ၊ ရိုက်ကူးသည့်နေရာဒေသတို့ကို ဓာတ်ပုံများ၏နောက်ကျောတွင် သီးခြားစက္ကူဖြင့် ရေးကပ်၍ ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၃၀-၉-၂၀၂၁ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး (ထုတ်လုပ်)၊ ထုတ်လုပ်ရေးဌာနခွဲ ( ရန်ကုန် ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ်-၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၃၇၁၃၄၂၊ ၀၁-၈၂၀၁၉၃၆ ) သို့ ဆက်သွယ်ပေးပို့ကြရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြစ်ကြီးနားမြို့တွင် ငါး၊ ပုစွန်များ အရောင်းအဝယ်ပါး၍ ဈေးနှုန်းကျဆင်း

**မြစ်ကြီးနား ဩဂုတ် ၁၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ဒေသတွင်း စားသုံးလျက်ရှိသည့် ငါး၊ ပုစွန်များသည် ကိုဗစ်-၁၉ ကာလအတွင်း ကမ်းနီးလှေငယ်များမှ ပုံမှန်ရောက်ရှိလျက်ရှိကာ လက်ရှိအချိန်တွင် ယခင်ကထက် ငါးရောင်းချသူနှင့် ဝယ်ယူသူများ နည်းပါးခဲ့၍ ဈေးနှုန်းလည်း အနည်းငယ်ကျဆင်းခဲ့ကြောင်း ငါးရောင်းချသူများထံမှ သိရသည်။

"အရင်က ပလာတူးငါးတစ်ခြင်းကို ငွေကျပ် ၃၀၀၀၀ ရပါတယ်။ အခုက ငွေကျပ် ၂၀၀၀၀ ပဲရတယ်။ ငွေကျပ် ၁၀၀၀၀ ဈေးကျသွားပါတယ်။ တခြားငါးတွေလည်း ဈေးကျပါတယ်။ အခုရောင်းချနေတဲ့ ငါးတွေက ငါးမျိုးစုံပါပဲ။ ကိုဗစ်ကာလဖြစ်တဲ့အတွက် ရောင်းတဲ့သူရော ဝယ်တဲ့သူပါ နည်းသွားပါတယ်။ ကိုဗစ်ကာလဖြစ်လို့ အားလုံးက ကျပ်တည်းကြတဲ့အတွက် ဈေးလျှော့ပြီး ရောင်းနေရပါတယ်" ဟု ငါးရောင်းချသူ ဒေါ်စန်းစန်းဌေးက ပြောသည်။

မြိတ်မြို့တွင် ဒေသတွင်း ပြည်သူများ စားသုံးလျက်ရှိသည့် ငါးများကို မြိတ်တောင်ကျေးရွာရှိ ငါးလေလံဈေးတွင် ကမ်းနီးငါးဖမ်းလှေများမှ ဖမ်းယူရရှိသည့် ငါးရရှိမှုအပေါ်မူတည်၍ ငါးဈေးသို့ရောက်ရှိကာ ငါးများကို သတ်မှတ်အချိန်တွင် အရောင်းအဝယ်ပြုလုပ်ကြပြီး မြိတ်မြို့ပေါ်ရှိ ဈေးများနှင့် ပျံကျဈေးများ၌ ရောင်းချလျက်ရှိကြသော်လည်း လာရောက်ရောင်းချသူနှင့် ဝယ်ယူသူ သုံးပုံ တစ်ပုံခန့် ကျဆင်းနေကြောင်း ငါးရောင်းချသူများထံမှ သိရသည်။

ငါးလုပ်ငန်းဦးစီးဌာနမှ ကိုဗစ်ကာလ ပြန်လည်ဦးမော့လာစေရေး၊ ငါးစားသုံးမှုနှင့် ရေလုပ်သားများ၏ အလုပ်အကိုင် အခွင့်အလမ်းရရှိစေရေးအတွက် ငါးဖမ်းရာသီပိတ်အချိန်ထက်စောပြီး ဖြေလျှော့ပေးကြောင်း၊ ရာသီပိတ်ကာလထက်စော၍ လုပ်ငန်းအမျိုးအစားတစ်ခုချင်းအလိုက် ငါးဖမ်းလှေ ၅၀ ရာခိုင်နှုန်းကို ဖြေလျှော့၍ ငါးဖမ်းဆီးခွင့် ပြန်လည်ခွင့်ပြုပေးထားကြောင်း မြို့နယ်ငါးလုပ်ငန်းဦးစီး ဌာနမှူး ဦးရန်ကင်းက ပြောသည်။

"ငါးအရောင်းအဝယ်အနေနဲ့ ကိုဗစ်ကာလဖြစ်နေလို့ နံနက် ၁၁ နာရီမှာ အရောင်းအဝယ်ပြုလုပ်ကြပြီး ဈေးတွေနဲ့ ပျံကျဈေးတွေမှာ ပြန်ပြီးအချိန်ပိုင်းနဲ့ ရောင်းချကြပါတယ်။ နယ်တွေဘက် အရောင်းအဝယ် သိပ်မရှိတော့ဘဲ မြို့တွင်းစားသုံးမှုပဲရှိတော့ အရောင်းအဝယ်ပါးပါတယ်။ ငါးဈေးလည်းအနည်းငယ် ကျသွားပါတယ်။ တချို့ဆိုရင် နားနေကြပါတယ်" ဟု ငါးဈေးမှ တာဝန်ရှိသူ ဦးကျော်ခိုင်က ပြောသည်။

ပြည်သူများစားသုံးလျက်ရှိသည့် ငါးများကို ယခင်က ငါးဈေးတွင် နေ့လယ်ပိုင်း၌ အရောင်းအဝယ်ပြုလုပ်ကြ၍ မြို့တွင်းစားသုံးသူများအတွက် ဈေးကြီးများနှင့် ပျံကျဈေးများတွင် ရောင်းချလျက်ရှိကြပြီး ကျေးရွာများနှင့် တခြားဒေသများသို့ ဆိုင်ကယ်၊ မော်တော်ယာဉ်များဖြင့် လိုက်လံရောင်းချကြကြောင်း၊ လက်ရှိအချိန်တွင် ကိုဗစ်ကာလဖြစ်သောကြောင့် အသွားအလာအခက်အခဲဖြစ်၍ ငါးရောင်းချသူ ဝယ်ယူသူများ ယခင်ကထက် နည်းပါးခဲ့၍ ငါးဈေးနှုန်းလည်း အနည်းငယ် ကျဆင်းသွားခြင်းဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

# ကလေးမြို့နယ်၌ အကြမ်းဖက်သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲ၍ မီးရှို့ဖျက်ဆီးခဲ့သောတံတားကို သွားရောက်မီးငြှိမ်းသတ်ပြီး ပြန်လည်ထွက်ခွာလာသည့် မီးသတ်ယာဉ် မိုင်းဆွဲတိုက်ခိုက်ခံရ

နေပြည်တော် ဩဂုတ် ၁၄

**စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ အကြမ်းဖက်သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲ၍ မီးရှို့ဖျက်ဆီးခဲ့သည့်တံတားကို သွားရောက်မီးငြှိမ်းသတ်ပြီး ပြန်လည်ထွက်ခွာလာသည့် မီးသတ်ယာဉ်ကို အကြမ်းဖက်သောင်းကျန်းသူများက ထပ်မံမိုင်းဆွဲ တိုက်ခိုက်ခဲ့ကြောင်း သိရသည်။**



အကြမ်းဖက်သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲ၍ မီးရှို့ဖျက်ဆီးခဲ့သည့်တံတား။

**မိုင်းထောင်ဖောက်ခွဲ**

ဖြစ်စဉ်မှာ ကလေးမြို့နယ် ဆည်တော်ကျေးရွာနှင့် ကြာအင်းကျေးရွာအကြားရှိ ကလေး-နတ်ချောင်း ကားလမ်းပေါ်၌ ဒေသခံပြည်သူများ စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တည်ဆောက်ထားသည့် တံတားအမှတ် (၂/၁၁၇) ဘေလီကွန်ကရစ်တံတားကို ဩဂုတ် ၁၂ ရက် ညနေ ၅ နာရီ မိနစ် ၄၀ တွင် အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲခဲ့ရာ လူနှင့် တိရစ္ဆာန်ထိခိုက်မှုမရှိဘဲ ကလေးမြို့သို့ အဝင်ဘက် တံတားချဉ်းကပ်လမ်း၏ ယာဘက်ခြမ်းရှိ မြေသားများ ချိုင့်ဝင်နိမ့်ကျသွားခဲ့သည်။

ထို့အပြင် ဩဂုတ် ၁၃ ရက် နံနက် ၇ နာရီ ၃၅ မိနစ်တွင် အဆိုပါတံတားရှိ သစ်သားကြမ်းခင်းများကို အကြမ်းဖက်သောင်းကျန်းသူများက ထပ်မံ၍ မီးရှို့ဖျက်ဆီးခဲ့သဖြင့် မီးလောင်မှုဖြစ်ပွားလျက်ရှိကြောင်း သတင်းအရ ကလေးမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးငြှိမ်းသတ်ယာဉ်တစ်စီးဖြင့် သွားရောက်မီးငြှိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် တံတားကြမ်းခင်းများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။

**လက်လုပ်မိုင်း ခုနစ်လုံးတွေ့**

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များသည် ကလေးမြို့သို့ပြန်လည်ထွက်ခွာလာခဲ့ရာ ဇင်းကလင်းကျေးရွာနှင့် ချင်းဆိုင်ကျေးရွာအကြားရှိ သံလမ်းကူးအနီးအရောက်၌ အကြမ်းဖက်သောင်းကျန်းသူများက လမ်း၏ ဝဲ/ယာတို့မှ လက်လုပ်ဆွဲမိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိသော်လည်း မီးသတ်ယာဉ်၏ နောက်ဘီးတစ်လုံး ကွဲကာ၊ တစ်လုံးပြုတ်ထွက်ခဲ့ပြီး ယာဉ်အတွင်းရှိ ရေစုပ်စက်ပျက်စီးသွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ တံတားအမှတ် (၂/၁၁၇)အနီး ကားလမ်းဘေး၌ အကြမ်းဖက်သူများ ထောင်ထားပြီး မပေါက်ကွဲသေးသည့် နှစ်ပင်လိမ် ဝိုင်ယာကြိုးဖြင့် ချိတ်ဆက်ထားသည့် လက်လုပ်မိုင်းခုနစ်လုံး တွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ် သိမ်းဆည်းခဲ့သည်။



အကြမ်းဖက်သောင်းကျန်းသူများ မိုင်းဆွဲတိုက်ခိုက်သည့် မီးသတ်ယာဉ်။

**အကြမ်းဖက်လုပ်ရပ်မုန်းတီး**

အများပြည်သူ လူထု၏ အသက်အိုးအိမ် စည်းစိမ်များအပေါ် မီးဘေးအပါအဝင် အခြားသဘာဝဘေးအန္တရာယ် တစ်မျိုးမျိုး ကျရောက်လာပါက အချိန်အခါနေရာဒေသမရွေး အရေးပေါ် ကူညီကယ်ဆယ်မှုများ ဆောင်ရွက်ပေးလျက်ရှိသည့် မီးသတ်တပ်ဖွဲ့ဝင်များအပေါ် အစွန်းရောက် အကြမ်းဖက်ဝါဒကို အခြေခံကာ မိုင်းထောင်ဖောက်ခွဲ တိုက်ခိုက်ခဲ့ခြင်းသည် အကျိုးမဲ့ လုပ်ရပ်တစ်ခုဖြစ်ပြီး ထိုသို့ တိုက်ခိုက်ခြင်းသည် ဒေသခံ ပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအား လွန်စွာထိခိုက်စေမှုများသာ ဖြစ်ပေါ်စေသည့်အတွက် အေးချမ်းစွာနေထိုင်လိုသူ ဒေသခံ ပြည်သူလူထုများ အနေဖြင့် လက်နက်ကိုင်အကြမ်းဖက် သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များအပေါ် ရွံရှာမုန်းတီးမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အေးချမ်းစွာနေထိုင်သော ပြည်သူအချို့ကို လက်နက်ကိုင် အကြမ်းဖက်သူများက အကြောင်းမဲ့ရက်စက်စွာ လုပ်ကြံသတ်ဖြတ်

နေပြည်တော် ဩဂုတ် ၁၄

**တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်အချို့တွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူ့ဝန်ထမ်းများနှင့် အေးချမ်းစွာနေထိုင်နေကြသော ပြည်သူအချို့အား လူထုအတွင်း အကြောက်တရားများ လွှမ်းမိုးလာစေရန် လက်နက်ကိုင်အကြမ်းဖက်သူများက သေနတ်များ၊ တုတ်/ဓားများအသုံးပြုကာ အကြောင်းမဲ့ ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။**

ထိုသို့ အကြမ်းဖက် လုပ်ဆောင်ရာတွင် ဩဂုတ် ၁၃ ရက် မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် ကယားပြည်နယ် လွိုင်ကော်မြို့ မင်္ဂလာရပ်ကွက် မူကြိုကျောင်းဝင်းအတွင်းရှိ “ငြိမ်းချမ်းရေး” လျှပ်စစ်ပစ္စည်း ပြုပြင်ရေးဆိုင်၌ အမျိုးသားဒီမိုကရေစီအင်အားစု ပါတီ(NDF)ဥက္ကဋ္ဌ ဦးဟန်သာ (ဘ) ဦးစံရွှေမှာ ဓားထိုးခံရ၍ သေဆုံးခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါဆိုင်သို့ အကြမ်းဖက်သူ အမျိုးသားလေးဦးက ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာပြီး ဦးဟန်သာကို ဒလန်ဟုစွပ်စွဲကာ အမျိုးသားနှစ်ဦးက အသင့်ပါလာသော ဓားမြှောင်ဖြင့် ဝိုင်းဝန်းထိုးနှက်ခဲ့ရာ ဦးဟန်သာတွင် လည်ပင်း၊ ဝမ်းဗိုက်နှင့် ဝဲတံတောင်တို့တွင် ထိုးသွင်း/ပြတ်ရှ ဒဏ်ရာများ ရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ကြောင်း သိရသည်။

အလားတူ ည ၈ နာရီ မိနစ် ၅၀ တွင် မွန်ပြည်နယ် ရေးမြို့နယ် ရွာသစ်ကျေးရွာ၌ အမျိုးသား တစ်ဦး သေနတ်ဖြင့် ပစ်ခတ်ခံရ၍ ဒဏ်ရာရရှိခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ ကျေးရွာနေ မောင်ထိန်(ဘ) ဦးပန်းစိန်သည် ၎င်း၏နေအိမ်ရှေ့တွင် စတီးသံပန်းသံတံခါးလုပ်ငန်း လုပ်ကိုင်နေစဉ် ဆိုင်ကယ်စီးနင်းလာသည့် အကြမ်းဖက်သူ အမျိုးသားတစ်ဦး (စိစစ်ဆဲ)က သေနတ်ဖြင့် သုံးချက်ပစ်ခတ်ကာ လမိုင်းမြို့ဘက်သို့ မောင်းနှင်ထွက်ပြေးသွားခဲ့သဖြင့် မောင်ထိန်တွင် ဝဲ/ယာပေါင်တွင် ကျည်ထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း တွေ့ရှိရသဖြင့် ဆေးဝါးကုသနိုင်ရေး လမိုင်းပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

အထက်ပါ ဖြစ်စဉ်များတွင် အေးချမ်းစွာနေထိုင်နေကြသော ပြည်သူလူထုများကို အကြောင်းမဲ့ ရက်စက်စွာ လုပ်ကြံသတ်ဖြတ်မှု ကျူးလွန်ခဲ့သည့် အကြမ်းဖက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အပြစ်ပေး အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဟိုပုံးမြို့မဈေးကို ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု မရှိစေရေးအတွက် ယာယီဆက်လက်ပိတ်ထားမည်

ဟိုပုံး ဩဂုတ် ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ကြိုတင်ကာကွယ်ရေးအတွက် မြို့မဈေးကို ဩဂုတ် ၁၅ ရက်မှ ဩဂုတ် ၂၁ ရက်အထိ ယာယီဆက်လက်ပိတ်ထားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးဌာနမှ သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများပြားလာသဖြင့် ဟိုပုံးမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းများဆောင်ရွက်ရန်အတွက် မြို့နယ် ကိုဗစ်-၁၉ စောင့်ကြည့်ထိန်းချုပ်ရေးကော်မတီ၏ ဩဂုတ် ၁၃ ရက်တွင် ကျင်းပသည့် အစည်းအဝေးဆုံးဖြတ်ချက်အရ ဟိုပုံးမြို့မဈေးအား ဩဂုတ် ၁၅ ရက်မှ ၂၁ ရက်အထိ ယာယီပိတ်ထားမည်ဖြစ်ကြောင်းနှင့် ဟိုပုံးမြို့မဈေးအား ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားနေစဉ်ကာလအတွင်း ဇူလိုင် ၂၂ ရက်မှစ၍ ယာယီပိတ်ထားခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးဌာနမှ သိရသည်။

ဟိုပုံးမြို့နယ်တွင် ဩဂုတ် ၁၄ ရက်အထိ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာ ၃၀၅ ဦးရှိပြီဖြစ်၍ သေဆုံးသူ ခုနစ်ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

ဟိုပုံးခရိုင်(ပြန်/ဆက်)

# ဘဝနတ်ထံပျံလွန်တော်မူ



**နေပြည်တော် ဩဂုတ် ၁၄**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ခြောက်ထပ်ကြီး ဘုရားကြီးကျောင်းတိုက် ဦးစီးပဓာန နာယက၊ နိုင်ငံတော်သြဝါဒစရိယ၊ ရွှေတိဂုံစေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ သြဝါဒစရိယ ဆရာတော် ဘဒ္ဒန္တနန္ဒောဘာသ(အဘိဓဇမဟာရဋ္ဌဂုရု)၊ မဟာထေရ်မြတ်ကြီးသည် သက်တော် (၁၀၀)နှစ်၊ သိက္ခာတော် (၈၀)ဝါအရ ၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း(၇)ရက်၊ (၁၄-၈-၂၀၂၁)၊ စနေနေ့၊ နံနက်(၁၀ ၁၀)နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။ **သတင်းစဉ်**

### နိုင်ငံတော်သြဝါဒစရိယ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ခြောက်ထပ်ကြီးဘုရားကြီး ကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တနန္ဒောဘာသ(အဘိဓဇမဟာရဋ္ဌဂုရု)၏ ထေရုပ္ပတ္တိအကျဉ်း

#### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ညောင်ကြပ်ပင်ရွာတွင် ခမည်းတော် ဦးရွှေတောင်၊ မယ်တော် ဒေါ်ငြိမ်းတို့မှ ၁၂၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်၊ စနေနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

#### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၉၉-ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်နေ့တွင် ရန်ကုန်မြို့၊ အင်းလျားဝေဠုဝန်ကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးနှင့် ရန်ကုန်မြို့၊ အလုံရပ်နေ ဒေါ်စံပွင့် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၀၃-ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ ဆိတ်ဖြူမြို့၊ ကိုးထောင့်တောရကျောင်း ခဏ္ဍသိမ်၌ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ရတနာပုံဆန်စက်ပိုင်ရှင် ဒေါ်ဆောင်ပုံနှင့်သား ဦးစောဦးတို့၏ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

#### ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်သည် မန္တလေးမြို့၊ အနောက်ပြင်ထီးလင်းတိုက် ဒေါ်ဆင်အုဋ္ဌကျောင်းစာချဆရာတော် ဘဒ္ဒန္တဇောတိက၊ ဆင်ဖြူကျွန်းမြို့၊ မဟာဝိသုတာရာမတိုက် ဘဒ္ဒန္တပညာသီဟ၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက် ဘဒ္ဒန္တပညာ၊ ရန်ကုန်မြို့၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက် ဆရာတော် ဘဒ္ဒန္တကောဏ္ဍည၊ ဘဒ္ဒန္တနန္ဒဝံသ၊ ကျိုက္ကလားပါဠိဆရာတော်၊ မန္တလေးမြို့၊ ခင်မကန်တိုက်၊ စံကျောင်းဆရာတော်၊ မိုးကောင်းတိုက်၊ ညောင်ရမ်းဆရာတော်၊ တောင်သမန်တိုက် စာချအကျော်ဘဒ္ဒန္တကေသဝ စသော ဆရာတော်တို့ထံမှ ပရိယတ္တိစာပေများကိုသင်ယူဆည်းပူးတော်မူခဲ့ပြီးသာသနဓဇဓမ္မာစရိယဘွဲ့ကို ပါဠိဘာသာဖြင့် ရရှိအောင်မြင်တော်မူခဲ့ပါသည်။

#### သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ခြောက်ထပ်ကြီးဘုရားကြီးတိုက် စာသင်သားရဟန်း / သာမဏေများအား စာပေကျမ်းဂန်များ သင်ကြားပို့ချပြုစုတော်မူခဲ့ခြင်း၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး၌ ပဋိသမ္ဘိဒါမဂ်ပါဠိတော် ဘာဏကအဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ ရွှေတိဂုံစေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ သြဝါဒစရိယအဖြစ်လည်းကောင်း၊ စေတိယင်္ဂဏစာမေးပွဲ ကြီးကြပ်ရေးအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ တိပိဋကစရ တိပိဋကကောဝိဒရွေးချယ်ရေးအဖွဲ့၏ သြဝါဒစရိယအဖြစ် ဆောင်ရွက်ခဲ့ခြင်းနှင့် ယနေ့အထိ နိုင်ငံတော်သြဝါဒစရိယ စသော သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

#### ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတလဒ္ဓလဒ္ဓနဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ်၊ ခမာ၊ ဇာဂရိယဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၁၄ ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

#### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက် တော်မူရင်း သက်တော်(၁၀၀)နှစ်၊ သိက္ခာတော်(၈၀)ဝါအရ ၁၃၈၃-ခုနှစ်၊ ဝါခေါင်လဆန်း(၇)ရက်၊ (၁၄-၈-၂၀၂၁)၊ စနေနေ့၊ နံနက် (၁၀ ၁၀)နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။

---

# ဘဝနတ်ထံ ပျံလွန်တော်မူ

**နေပြည်တော် ဩဂုတ် ၁၄**

ရန်ကုန်တိုင်းဒေသကြီး သံဃနာယကဥက္ကဋ္ဌ (ဝေဠုဝန်) ဆရာတော် ဘဒ္ဒန္တ ထေရဝံသ(ဓမ္မာစရိယ)၊ တွံတေးမြို့နယ်၊ အလတ်ချောင်းရွာမကြီးကျေးရွာကျောင်းတိုက် ဦးစီးပဓာနနာယက သက်တော် (၇၀)၊ ဝါတော် (၅၀) သည် ဩဂုတ် ၁၀ ရက်(အင်္ဂါနေ့) ည ၉ နာရီ ၅၅ မိနစ်က ဘဝနတ်ထံပျံလွန်တော်မူခဲ့ရာ အန္တိမစျာပနပူဇော်ပွဲအခမ်းအနားကို ဩဂုတ် ၁၆ ရက်၊ မွန်းလွဲ ၂ နာရီတွင် ကိုဗစ်-၁၉ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်း စျာပနကော်မတီမှ သိရှိရသည်။

**ကိုကြီးတင်**

---

## ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် စေတနာရှင်အလှူရှင်များက ကျန်းမာရေး အထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများ လာရောက်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၄**

ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် စေတနာရှင် အလှူရှင်များက ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ အောက်ဆီဂျင်အိုးများနှင့် အလှူငွေများ လာရောက်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ အေးချမ်းသာယာခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အဆိုပါမြို့နယ် ဓမ္မပါလကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏသီရိနှင့် တပည့်ဒါယကာ၊ ဒါယိကာမများမှ အလှူငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းရာ မြို့နယ်ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းက လည်းကောင်း၊ ငပုတောမြို့ မြို့နယ်ပြည်သူ့ဆေးရုံနှင့် ကျုံကူးတိုက်နယ်ဆေးရုံများ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၁၀ လုံးကို နိုင်ငံတော်သမ္မတ(ငြိမ်း)ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း မိသားစုကိုယ်စား တာဝန်ရှိသူတစ်ဦးကလည်းကောင်း လာရောက်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# ဘဝနတ်ထံပျံလွန်တော်မူ



**နေပြည်တော် ဩဂုတ် ၁၄**

ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ဇရပ်ကြီးမြို့၊ နှင်းယွန်းဇေတဝန်ကျောင်းတိုက် ဦးစီးပဓာန နာယက၊ နိုင်ငံတော်သြဝါဒစရိယဆရာတော် ဘဒ္ဒန္တကုလနန္ဒက (အဂ္ဂမဟာပဏ္ဍိတ)၊ မဟာထေရ်မြတ်ကြီးသည် သက်တော် (၉၃)နှစ်၊ သိက္ခာတော် (၇၃)ဝါအရ ၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်၊ (၁၃-၈-၂၀၂၁)၊ သောကြာနေ့၊ နံနက်(၁၀ ၁၅)နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် (၁၄-၈-၂၀၂၁)ရက်၊ စနေနေ့တွင် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အန္တိမ အဂ္ဂိစျာပနကျင်းပခဲ့ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။ **သတင်းစဉ်**

### နိုင်ငံတော်သြဝါဒစရိယ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ဇရပ်ကြီးမြို့၊ နှင်းယွန်းဇေတဝန်ကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော်ဘဒ္ဒန္တကုလနန္ဒက (အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း

#### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ဇရပ်ကြီးမြို့တွင် ခမည်းတော် ဦးဟန်စီ၊ မယ်တော် ဒေါ်တင်လှ တို့မှ ၁၂၉၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

#### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၀၅-ခုနှစ်၊ ကဆုန်လဆန်း ၅ ရက် နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ဇရပ်ကြီးမြို့၊ နှင်းယွန်းဇေတဝန်ကျောင်း ဆရာတော် ဘဒ္ဒန္တကောသလ္လ ကို ဥပဇ္ဈာယ်ပြု၍ ဒေါ်စိန်၏ ပစ္စယာနုဂ္ဂဟကိုခံယူလျက် ရှင်သာမဏေအဖြစ်သို့ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၀၉-ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်နေ့တွင် ဘိုကလေးမြို့၊ သီရိမင်္ဂလာစံကျောင်း ခဏ္ဍသိမ်၌ ဆရာတော် ဘဒ္ဒန္တစိတ္တရ ကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်မြို့နေ ဦးသင်၊ ဒေါ်ကြင်နုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

#### ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်သည် ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ဇရပ်ကြီးမြို့၊ နှင်းယွန်းဇေတဝန်ကျောင်း ဆရာတော် ဘဒ္ဒန္တကောသလ္လ၊ မြင်းခြံမြို့၊ ကိုးဆောင်တိုက်ဆရာတော် ဘဒ္ဒန္တသောဘိတနှင့် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တအာစာရ စသော ဆရာတော်တို့ထံမှ ပရိယတ္တိ စာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပါသည်။

#### သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် သံဃအဖွဲ့အစည်းအဆင့်ဆင့်တွင် တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း ဆောင်ရွက်တော်မူခဲ့ခြင်း၊ နှင်းယွန်း ဇေတဝန်ကျောင်းတိုက်၌ စာသင်သားရဟန်း/ သာမဏေများအား စာပေကျမ်းဂန်များ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ ထန်းတပင်မြို့နယ်၊ ပါဠိပထမပြန်စာမေးပွဲ၏ နာယကအဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် နိုင်ငံတော်သြဝါဒစရိယ စသော သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

#### ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ခမာ၊ ဇာဂရိယဂုဏ် စသည်တို့နှင့်ပြည့်စုံတော် မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၁၉၉၁ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

#### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၉၃)နှစ်၊ သိက္ခာတော်(၇၃)ဝါအရ ၁၃၈၃-ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်၊ (၁၃-၈-၂၀၂၁)၊ သောကြာနေ့၊ နံနက် (၁၀ ၁၅) နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် (၁၄-၈-၂၀၂၁) ရက်၊ စနေနေ့တွင် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အန္တိမအဂ္ဂိစျာပနကျင်းပခဲ့ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် ဩဂုတ် ၁၄

**တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသား ပြည်သူများနှင့် အကျဉ်းထောင်များ၌ ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား၊ အကျဉ်းသူများအား ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးနှင့်ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။**



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ အသက် ၆၅ နှစ်နှင့်အထက် ပြည်သူစုစုပေါင်း ၂၇၁၄ ဦးကို လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်နှင့် မိုင်းပျဉ်းမြို့နယ်များအတွင်းရှိ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၅၃၈ ဦးကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ သံဃာတော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၁၅၀ တို့ကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၁၇ မြို့နယ်မှ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ သံဃာတော်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူ စုစုပေါင်း ၃၃၄၂ ဦးတို့ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နှင့် တန့်ဆည်မြို့များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၁၁၄၁ ဦးတို့ကိုလည်းကောင်း**(ယာပုံ)**၊ မန္တလေးတိုင်းဒေသကြီး အတွင်း ခရိုင်ခုနစ်ခုရှိ မြို့နယ်များမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီး ဘိုးဘွားများနှင့် ပြည်သူစုစုပေါင်း ၈၁၀၇ ဦးတို့ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်အတွင်းရှိ အသက် ၆၅ နှစ်နှင့်အထက် သံဃာတော်များ၊ သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူ စုစုပေါင်း ၂၂၆ ဦးတို့ကိုလည်း ကောင်း တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် ပရဟိတအဖွဲ့များသို့ အောက်ဆီဂျင်အိုးများနှင့် ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ဆက်လက်ဖြန့်ဝေလှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၄**

တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များသို့ ပေးပို့လှူဒါန်းလျက်ရှိသည်။



ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်–၁၀၀၀) သို့ အောက်ဆီဂျင်အိုး အလုံး ၂၀ ကိုလည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းသို့ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံး ၃၀ နှင့် Flow Meter ၃၀ တို့ကို လည်းကောင်း **(အပေါ်ယာပုံ)**၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ငပုတောမြို့နှင့် ကြံခင်းမြို့များရှိ ပြည်သူ့ဆေးရုံများနှင့် ပရဟိတအသင်းများသို့ Oxygen Concen–trator နှစ်လုံး၊ Oxygen Flow Meter သုံးခု၊ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၃၃ လုံးတို့ကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးသို့ မိဘဂုဏ် အောက်ဆီဂျင်စက်ရုံမှ ထုတ်လုပ်သည့် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၁၀၅ လုံးကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ ဘူတာရပ်ကွက်ရှိ သုဂတိရှင်နာရေးကူညီမှုအသင်းရုံး၌Oxygen Plant စက်ရုံအတွက် အလှူငွေကျပ် သိန်း ၅၀၀၊ တောင်သာမြို့ အမှတ်(၆)ရပ်ကွက်ရှိ ဘိုးဘွားရိပ်သာ၌ Oxygen Plant စက်ရုံအတွက် အလှူငွေကျပ် သိန်း ၁၀၀ နှင့် မြင်းခြံမြို့ အမှတ်(၁၃) ရပ်ကွက် မင်းကျောင်းတိုက်ရှိ အာယုပါလကုသိုလ်ဖြစ် ဆေးခန်း၌ Oxygen Plant စက်ရုံတည်ဆောက်ရန်အတွက် အလှူငွေကျပ်သိန်း ၂၀၀ တို့ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့ ပြည်သူ့ဆေးရုံသို့ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၃၅ လုံး တို့ကိုလည်းကောင်း တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုကူညီရေး အဖွဲ့အစည်းများက သွားရောက်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောက်ဆီဂျင် လိုအပ်ချက်များ မရှိစေရေး အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ Oxygen Plant များကို တိုးမြှင့်တပ်ဆင် လည်ပတ်လျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးတွင် Oxygen Plant များကို တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး အတွင်းရှိ Oxygen Plant စက်ရုံမှ အောက်ဆီဂျင်ထုတ်လုပ်ဖြန့်ဖြူးပေးနေမှုများကို လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ ရွှေနတ်တောင်ရေသန့်စက်ရုံဝင်း အတွင်းရှိ ရွှေ့လျားအောက်ဆီဂျင် ထုတ်စက်ရုံ စတင်လည်ပတ်ထုတ်လုပ်မှုနှင့် Liquid အောက်ဆီဂျင်စက်ရုံ တည်ဆောက်မှုကို လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြောင်းပုလဲမြို့သစ်ရပ်ကွက်ရှိ Oxygen Plant စက်ရုံမြေနေရာသို့ စက်ရုံသုံးပစ္စည်းများ ရောက်ရှိလာမှုကို လည်းကောင်း၊ ရခိုင်ပြည်နယ် အမ်းမြို့ အေးရိပ်သာဘုန်းတော်ကြီးကျောင်း၌ အောက်ဆီဂျင်စက်ရုံ တည်ဆောက်နေမှုကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ ဘူတာရပ်ကွက်ရှိ သုဂတိရှင်နာရေးကူညီမှု အသင်းရုံး၊ တောင်သာမြို့ အမှတ်(၆)ရပ်ကွက်ရှိ ဘိုးဘွားရိပ်သာနှင့် မြင်းခြံမြို့ အမှတ်(၁၃)ရပ်ကွက် မင်းကျောင်းတိုက်ရှိ အာယုပါလကုသိုလ်ဖြစ် ဆေးခန်းတို့၌ Oxygen Plant စက်ရုံတည်ဆောက်နေမှုနှင့် စတင်ဖွင့်လှစ်လည်ပတ်နေမှုကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ အထွေထွေရောဂါကု ဆေးရုံကြီးအတွင်းရှိ Oxygen Plant စက်ရုံ တည်ဆောက်နေမှု အခြေအနေများကိုလည်းကောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၄**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ် ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဩဂုတ် ၁၄ ရက်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီ ၅၈ ခုမှ Flow meter ၆၀၀၀၊ Nasal Cannula ၂၀၀၀၊ Nasal tube ၄၀၀ ၊ Oximeter ၂၈၀၀ ၊ Oxygen anylist gauge သုံးခု၊ Oxygen Bag ၁၅၀ ၊ Oxygen Concentrator ၁၉၄၄ ခု၊ Oxygen Cylinder ၃၀ ၊ Oxygen Inhalator ၄၀၀ ၊ Oxygen Mask ၃၅၀၀ ၊ Oxygen Tube ၆၀၀ ၊ Regulator ၄၇၁၀ ၊ Spirometer ၁၂ ခု၊ Sprayer Head ၁၃၀၀၀၀၊ Tharmometer ၁၁၀၀ ၊ Sodium Injection 40 MG ၅၀၀၀ ၊ Lomo 40 Injection ၈၀၈၉၂ ခု၊ U–Tryp 100000 IU Injection ၂၃၄၄ ခု၊ ရန်ကုန်ဆိပ်ကမ်းများတွင် ကိုဗစ်–၁၉ ကာကွယ်ကုသဆေးနှင့် အခြားဆေးမျိုးစုံ ၄၈၂၇၆.၂၃ Kg၊ နယ်စပ်(မူဆယ်၊ မြဝတီ၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး)တွင် ကုမ္ပဏီ ၃၀ မှ Oxygen Cylinder ၇၄၉၈ ခု၊ Oxygen Concentrator ၁၁၅ ခု၊ Mask ၂၀၃၇၄ kg၊ Flow meter ၄၅၅၄ ခု၊ PPE ၃၇၈၀၀ ၊ Liquid Oxygen ၁၅၃၂၃ m³၊ Liquid Oxygen ၄၀.၄၇ တန်၊ Oxygen Mask ၂၀၀၀၀ ၊ Protective Goggle ၂၀၀၊ Disposable Cap ၁၅၀ kg ၊ Oximeter ၁၀၀၄ ခု၊ Oxygen Liquid Storage Tank သုံးစုံ၊ Oxygen Regulator ၇၀၀၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နေရပ်ပြန် မြန်မာရွှေ့ပြောင်းအလုပ်သမား ၃၁၄ ဦး တောင်ကြီးမြို့မှ နေရာဒေသအသီးသီးသို့ ပြန်လည်ဆက်လက်ထွက်ခွာ



**တောင်ကြီး ဩဂုတ် ၁၄**

လာအိုနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ပြီး နေရပ်ဒေသအသီးသီးသို့ ပြန်လည်ရောက်ရှိလာကြသည့်မြန်မာရွှေ့ပြောင်း အလုပ်သမားများသည် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ်သို့ ဩဂုတ် ၁၄ ရက် နံနက် ၄ နာရီတွင် တောင်ကြီးမြို့ သစ်တောရပ်ကွက် ပြည်ထောင်စုလမ်းရှိ တောင်ကြီး စီးပွားရေးဇုန် ကားကြီးကွင်းသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ အဖွဲ့များက ရွှေ့ပြောင်း အလုပ်သမားများအား ၁၂ ဘီးယာဉ် လေးစီးဖြင့် ရောက်ရှိလာသော နေရပ်ပြန် မြန်မာရွှေ့ပြောင်း အလုပ်သမား အမျိုးသား ၂၀၁ဦး၊ အမျိုးသမီး ၁၁၃ ဦး စုစုပေါင်း ၃၁၄ ဦးကို တာဝန်ရှိသူများက သစ်တောရပ်ကွက် ပြည်ထောင်စုလမ်းရှိ တောင်ကြီး စီးပွားရေးဇုန် ကားကြီးကွင်း မြို့အဝင်စစ်ဆေးရေးဂိတ်တွင် ကြိုဆိုခဲ့ကြသည်။

တောင်ကြီးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တောင်ကြီးမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး၊ ရှမ်းပြည်နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့တို့က ကြိုဆိုကြပြီး လိုအပ်သော ကျန်းမာရေးစစ်ဆေးခြင်း၊ အပူချိန်တိုင်းတာခြင်းများ ပြုလုပ်ပြီး ၎င်းတို့၏ နေရပ်ဒေသ အသီးသီးသို့ ဆက်လက်ထွက်ခွာနိုင်ရန် စီစဉ် ဆောင်ရွက်ပေးရာတွင် တောင်ကြီးခရိုင် အတွင်းရှိ ရပ်စောက်မြို့မှ ရွှေ့ပြောင်း အလုပ်သမားများကို ယာဉ်ငယ်လိုင်း တစ်စီးဖြင့် လည်းကောင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကယားပြည်နယ်များမှ နေထိုင်သူများကို နေရပ်ဒေသအသီးသီးသို့ ဒို့ညီနောင်ခရီးသည်တင် မော်တော်ယာဉ်လိုင်း ခုနစ်စီးဖြင့် တောင်ကြီးမြို့မှ ဆက်လက်ထွက်ခွာရန် ဆောင်ရွက်ပေးကြောင်း သိရသည်။ (ဝဲအပေါ်ပုံ)

**စိုင်းသန်းကျော်**
**(တောင်ကြီး)**

# အောက်ဆီဂျင်အိုးနှင့် Flow meter များ ခွဲခြားသယ်ဆောင်ခြင်းဖြင့် ပျက်စီးမှုကာကွယ်နိုင်

**မူဆယ် ဩဂုတ် ၁၄**

မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ် ဇွန်လဆန်းပိုင်းမှ စပြီး ကိုဗစ်-၁၉ ကူးစက်လူနာများကို အောက်ဆီဂျင်များဖြင့် တွဲဖက်ကုသရန် အရေးပေါ် လိုအပ်လျက်ရှိခဲ့သည်။

ထို လိုအပ်ချက်အရ တရုတ်နိုင်ငံမှ တင်သွင်းမှုသည် အများဆုံးဖြစ်ပြီး ယင်းတင်သွင်းမှုကို မူဆယ်နှင့် ချင်းရွှေဟော် ကုန်သွယ်ရေး လမ်းကြောင်းမှ အများဆုံး တင်သွင်းနိုင်ခဲ့သည်။

ယင်းသို့ တင်သွင်းရာတွင် ပြည်တွင်းလိုအပ်ချက်ကို အမြန်ဆုံး ဖြည့်ဆည်းနိုင်ရေးအတွက် လုပ်ငန်းရှင်များက အထူးအစီအစဉ်ဖြင့် အောက်ဆီဂျင် Cylinder အိုးနှင့် ဆက်စပ်သော (တွဲဖက်) ပစ္စည်းများကို တင်သွင်းနိုင်ရေး နှစ်နိုင်ငံ နယ်ခြားတာဝန်ရှိသူများနှင့် ညှိနှိုင်းပြီး ပြည်တွင်းသို့ အမြန်ဆုံး ရောက်ရှိရေး အဓိကထား ဆောင်ရွက်ခဲ့သည်။ သို့သော် ယခုအခါ ပြည်တွင်း လိုအပ်ချက် အတိုင်းအတာတစ်ခု အထိ ဖြည့်ဆည်းပြီး ဖြစ်သဖြင့် အောက်ဆီဂျင် Cylinder အိုးများနှင့် တွဲဖက်သော Flow meter box များ၊ PPE များ၊ နှာခေါင်းစည်းများ၊ လက်သန့်ဆေးရည် များ၊ လက်အိတ်၊ ခေါင်းစွပ်များကို ယာဉ်တစ်စီးဖြင့် ပူးတွဲတင်ပို့ခွင့်ကို ကန့်သတ်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရခြင်းမှာ အများပြည်သူအတွက် အကျိုးပြုကြောင်း၊ အချို့သော လုပ်ငန်းရှင်များ၏ တင်သွင်းမှုများသည် မူရင်းစက်ရုံမှ တချို့တစ်ဝက်ကို အောက်ဆီဂျင် Cylinder အိုးများတွင် အောက်ဆီဂျင်များဖြည့်ပြီး တင်သွင်းနေရခြင်းကြောင့် လည်းကောင်း၊ လမ်းခရီးတွင် တစ်စုံတစ်ခုကြောင့် ထိခိုက်မှုရှိပါက ဆက်စပ်ပစ္စည်းများပါ ဆုံးရှုံးနိုင်ခြင်း၊ နိုင်ငံတကာ ကုန်သွယ်မှုပစ္စည်း တင်သွင်း/တင်ပို့စံနှုန်းအရ တွဲလျက် တင်သွင်းခွင့် မပြုရခြင်းစသော အချက်များကြောင့် ဩဂုတ် ၁၀ ရက်မှ စတင်ပြီး တရုတ်နိုင်ငံဘက်မှ မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ နှင့် ဆက်စပ်ပစ္စည်း တင်ပို့တိုင်း နိုင်ငံတကာကုန်သွယ်မှုပစ္စည်း အမျိုးအစား တင်ဆောင်ခွင့် စံနှုန်း သတ်မှတ်ချက် အတိုင်း ဆောင်ရွက်ရန် ညွှန်ကြားချက်အရ ယခုအခါ အောက်ဆီဂျင် Cylinder အိုးများ တင်သွင်းရာတွင် သီးသန့်မော်တော်ယာဉ်ဖြင့် သယ်ဆောင်ခွင့် ပြုနေခြင်းဖြစ်ကြောင်း၊ မူဆယ် နမ့်ခမ်း ကုန်သည်ကြီးများ အသင်း အဖွဲ့ဝင် ဦးစိုင်းခင်မောင်က ပြောသည်။

ထို့ကြောင့် အောက်ဆီဂျင် Cylinder အိုးနှင့်တွဲဖက်ဆက်စပ်နေသော Flow meter များကိုလည်းကောင်း၊ PPE၊ နှာခေါင်းစည်းများ၊ ခေါင်းစွပ်၊ လက်အိတ်များကိုလည်းကောင်း၊ ဆက်စပ်ပစ္စည်းများကို ယာဉ်တစ်စီးတည်းတွဲပြီး တင်ဆောင်ခွင့်မပြုခြင်းမှာ လုပ်ငန်းရှင်များနှင့် အများပြည်သူများအတွက် ကောင်းကျိုးသာဖြစ်ကြောင်းနှင့် ဝိသမလောဘသားများ၊ သတင်းမီဒီယာကြီး တချို့၏ ကောလာဟလ သတင်းကို တင်ပြခြင်းဖြစ်ကြောင်း သိရသည်။

**အယ်လ်စိုး(မူဆယ်)**

# မိုးညှင်း၊ တမူး၊ မောင်တော၊နောင်ချိုနှင့် ဟိုပန်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၄**

မိုးညှင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၃ ရက် နံနက် ၁၀ နာရီခွဲတွင် မိုးညှင်းမြို့နယ် အင်ကြင်းကုန်းကျေးရွာ လမ်းဆုံတွင် မခင်မာလွင် မောင်းနှင်လာသည့် Air Wave အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၀၀၀ ကို ဖမ်းဆီးရမိသည်။



အလားတူယင်းနေ့ ညနေ ၃ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တမူးမြို့ တမူးမြို့မရပ်ကွက်၊ တမူး-နန်းဖာလုံသွား ကားလမ်းတွင် ငမ်ဇလက်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၈၀ ကို လည်းကောင်း၊ ထို့အတူ ဩဂုတ် ၁၃ ရက် ညနေ ၃ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မောင်တောမြို့ မြို့မတောင်ရပ်ကွက် သားငါးဈေး အနီးတွင် ဦးမောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၄၀၀၀ ကို လည်းကောင်း၊ မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင် မူးယစ်ဆေးဝါး တားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့ ပါဟက်ရပ်ကွက်အနီးတွင် သူရိန်ထွန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေး ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၂၀၀ ကို လည်းကောင်း၊ ညနေ ၆ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပန်မြို့နယ် ပန်ကောက်(“ဝ”)ကျေးရွာနေ မအီးဆာ၏ နေအိမ်သို့ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၇၆၀၀ နှင့် ဘိန်းဖြူ ၀ ဒသမ ၃၃ ကီလိုကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**လူမှုဝန်ထမ်းဦးစီးဌာန**
**စာမေးပွဲရက်ပြင်ဆင် ကြေညာခြင်း**
**၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်**
**(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်)**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနက (၂၉-၇-၂၀၂၁)ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင်ခေါ်ယူခဲ့သည့် ဝန်ထမ်းသစ်များခန့်ထားရေးအတွက် ရေးဖြေစာမေးပွဲကို (၂၄-၈-၂၀၂၁) ရက်နေ့တွင် ကျင်းပမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(င)၊ နည်းဥပဒေခွဲငယ်(၇)အရ ရေးဖြေအောင်မြင်သူများကို (၂၇-၈-၂၀၂၁)ရက်နေ့တွင် လူတွေ့စစ်ဆေးမည်ဖြစ်ကြောင်း ပြင်ဆင်အကြောင်းကြားပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

---

**အများသိစေရန် ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၇၊ မြေကွက်အမှတ်-၆၁၆(ခ)၊ မြေအကျယ်-အလျားပေ(၂၀)xအနံပေ(၆၀)၊ ဦးစိုးလွင်(အမည်ပေါက်)၊ ပါမစ်မြေအမျိုးအစားမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးအောင်ထူး ၁၂/ကမတ(နိုင်)၀၄၁၂၉၈ က ဆက်စပ်စာချုပ်များနှင့်တကွ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကာ ရောင်းချခဲ့ခြင်းအပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုင်းထွန်းကျော် ၁၃/လရန(နိုင်)၁၃၅၇၆၇ မှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါမြေကွက်အား ဦးစိုင်းထွန်းကျော် တစ်ဦးတည်းသာ ပိုင်ဆိုင်သူဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သိင်္ဂီအောင်(LL.B)၊ အထက်တန်းရှေ့နေ(စဉ်-၄၇၅၈၈)
အမှတ်(၃)၊ သမာဓိလမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၅၇၇၇၃၄၈

---

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း**

မော်လမြိုင်မြို့၊ မြေနီကုန်းရပ်ကွက်၊ ရန်အောင်လမ်းနေထိုင်သူ ဒေါ်အေးအေးနွယ် ၁၀/မလမ(နိုင်)၂၇၄၅၈၆မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်မ၏သား မောင်ဝင်းကိုကို ၁၀/မလမ(နိုင်)၂၇၀၁၈၂ သည် မိဘအပေါ်စိတ်ဆင်းရဲအရှက်တကွဲဖြစ်အောင် ခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်ကို ပြုလုပ်သဖြင့် ဤသတင်းစာကြော်ငြာပါသည့်ရက်စွဲမှစ၍ အမွေပြတ်စွန့်လွှတ်၍ နောက်နောင်တွင်လည်း ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအားလုံး တာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (မေးမြန်းစုံစမ်းခြင်းသည်းခံပါ)

ဒေါ်အေးအေးနွယ်
အမှတ် G/27၊ ရန်အောင်လမ်း၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

---

# ရေပူနှင့် မရမ်းချောင် စစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၄**

တရားမဝင်ကုန်စည်များ တားဆီး ထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ရက်တွင် စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး ၂၀၂၁ခုနှစ် ဩဂုတ် ၁၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၄ စီး၊ သွင်းကုန် ၁၇ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် အစီး ၁၀၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၁ခုနှစ် ဩဂုတ် ၁၃ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၅၈၅ သန်း တန်ဖိုးရှိ တရားဝင် စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ဆပ်ပြာမှုန့် (1x12) (45 Pkgs)ကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

**အပြင်ထွက်တိုင်း ပါးစပ်နှင့်**
**နှာခေါင်းစည်း(mask)ကို**
**စနစ်တကျ မပျက်မကွက်**
**တပ်ဆင်ပါ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁ ခု |
| ၄။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀ | ၄၅၅ ခန်း | ၁၂ ခန်း | ၄၄၃ ခန်း |
| ၅။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၈ တိုင် | ၄၂ တိုင် |
| ၆။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၆ ခု | ၆၀၆ ခု |
| ၇။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၃ တိုင် | ၁၆၇ တိုင် |
| ၈။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၁၅ တိုင် | ၇၅ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၀ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |
| ၁၂။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၄။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄ | ၂၁၈. ၁၄ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## မြန်မာ့သစ်လုပ်ငန်း
## ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန
## အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ ကျွန်းသစ်လုံး/သစ်မာသစ်လုံးများကို ONLINE စနစ်ဖြင့် အောက်ဖော်ပြပါအတိုင်း ရောင်းချမည်ဖြစ်သည်–

(က) **ရောင်းချမည့်ရက်နှင့်အချိန်** – ၁၈–၈–၂၀၂၂ ရက် နှင့် ၃၁–၈–၂၀၂၂ ရက်
နံနက် ၉:၃၀ နာရီ
ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
ရန်ကုန် (ကျွန်းသစ်လုံး) ၂၅၀၀ တန်ခန့်

**၂၀၁၉–၂၀၂၀ ထုတ်သစ်** – သစ်မာသစ်လုံး ပျဉ်းကတိုး/ကညင်
(ရန်ကုန်) ၅၀၅၅ တန်ခန့်
(နယ်) ၆၆၅၀ တန်ခန့်
ကျွန်းခွဲသား(ပြည်ပရောင်း) ၇၀၀ တန်ခန့်
ကျွန်းခွဲသား (သစ်အခြေခံ) ၅၄ တန်ခန့်
(ကျွန်းခွဲသားများအား ၃၁–၈–၂၀၂၂ ရက်တွင် ရောင်းချမည်ဖြစ်ပါသည်။)
တင်ဒါကျင်းပမည့်ရက်ပြောင်းလဲမှုရှိပါက ထပ်မံအကြောင်းကြားပါမည်။

(ခ) **ရောင်းချမည့်နေရာ** – တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)
ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)နှင့် Website ဖြစ်သော www.mte.com.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၃။ ဆက်သွယ်ရန် ဖုန်း–၀၉–၅၁၃၂၂၄၂၊ ၀၉–၅၀၅၃၈၆၅၊ ၀၉–၅၁၂၉၁၄၈ dgmmarketing.export@gmail.com

# အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ကျောက်မဲခရိုင်၊ ကျောက်မဲမြို့၌ နေထိုင်ကြသော ဒေါ်ကြည်ကြည်အေး (ဘ)ဦးသန်းအောင် ၁၃/ကမန(နိုင်)၀၆၀၀၁၇၊ ဒေါ်မြမြအေး (ဘ)ဦးသန်းအောင် ၁၃/ကမန(နိုင်)၀၀၇၉၅၇၊ ရေဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့တွင်နေထိုင်သည့် ဒေါ်ဟန်သီအေး (ဘ)ဦးသန်းအောင် ၁၃/ကမန(နိုင်) ၀၆၅၉၆၃ ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက် အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေတို့သည် အဖ ဦးသန်းအောင် အမိ ဒေါ်ဆင့်တို့မှ မွေးဖွားသော မွေးချင်းညီအစ်မ လေးယောက်အနက်မှ အငယ်များဖြစ်ကြပြီး ဒေါ်ဝါဝါသင်း ၉/မနမ(နိုင်)၀၇၇၄၇၃မှာ အစ်မအကြီးဆုံးဖြစ်ပါသည်။ အစ်မကြီးဖြစ်သူ ဒေါ်ဝါဝါသင်းနှင့် ခင်ပွန်း ဖြစ်သူ ဦးသော်သော်ထွန်းတို့မှာ ကျွန်ုပ်မိတ်ဆွေများ၏ မိသားစုပိုင် ၈၃လမ်း၊ ၂၀x၂၁ လမ်းကြား၊ ပင်းတယထိပ်တင်ဝင်း၊ ပုလဲငွေရောင်ရပ်၊ အောင်မြေသာစံမြို့နယ်တွင် တည်ရှိသော နေအိမ်တွင် နေထိုင်ကြပါသည်။ ၈–၈–၂၀၂၂ရက်တွင် မိတ်ဆွေအချို့၏ ပြောပြချက်အရ အစ်မကြီးဖြစ်သူ ဒေါ်ဝါဝါသင်း သေဆုံးကြောင်း သိရှိရသဖြင့် ကျွန်ုပ်မိတ်ဆွေများမှ အစ်မကြီးနေထိုင်ရာသို့ ထိုနေ့၌ပင်သွားရောက်ခဲ့ကြပါသည်။ ထိုသို့သွားရောက်ခဲ့ရာ ကျွန်ုပ်မိတ်ဆွေများ၏ မိသားစုပိုင် ၈၃လမ်း၊ ၂၀x၂၁ လမ်းကြား၊ ပင်းတယထိပ်တင်ဝင်း၊ ပုလဲငွေ ရောင်ရပ်၊ အောင်မြေသာစံမြို့နယ်တွင်တည်ရှိသော နေအိမ်သို့အရောက်တွင် နေအိမ်မှာ သော့ခတ်ထားပြီး အိမ်အတွင်း၌ရှိသော မိသားစုပိုင်နေအိမ်အား ပြန်လည်ပြင်ဆင်ရန် ရည်ရွယ်၍ ကျွန်ုပ်မိတ်ဆွေများနှင့် အစ်မဖြစ်သူ ဒေါ်ဝါဝါသင်းတို့စုပေါင်းကာ စုဆောင်းထားသည့် ရွှေအတုံး (၁ပိဿာ၊ ကျပ် ၂၀ သား) အပါအဝင် စိန်ထည်ပစ္စည်းများ၊ မိုးကုတ်ရတနာလက်ဝတ်လက်စားများ၊ အိမ်အမှတ် (ဆဆ– ၅)၊ ၈၀ (က–ခ)၊ ၅၆ လမ်းနှင့် ၁၀၆ (B)လမ်းထောင့်၊ အောင်ပင်လယ်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်ရှိ အိမ်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ သိမ်းဆည်းထားသည့် မီးခံသေတ္တာ၊ ညီမဖြစ်သူ ဒေါ်ကြည်ကြည်အေးနှင့် အစ်မဖြစ်သူ ဒေါ်ဝါဝါသင်းနှစ်ဦးစပ်တူ ဝယ်ယူထားသည့် ဒေါ်ဝါဝါသင်း အမည်ပေါက် ယာဉ်အမှတ် –FF/5741၊ အမျိုးအမည်–NISSAN WINGROAD NY12၊ အမျိုးအစား–STATION WAGON (4x4) (R)၊ ကာလာ–မီးခိုးရောင်၊ ကားတစ်စီးတို့နှင့်အတူ ဦးသော်သော်ထွန်း ပျောက်ဆုံးနေသည်ကို ကျွန်ုပ်မိတ်ဆွေများမှ တွေ့ရှိခဲ့ရပါ သည်။

သို့ဖြစ်ပါသောကြောင့် အထက်ပါတန်ဖိုးရှိရွှေအတုံး (၁ပိဿာ၊ ကျပ် ၂၀ သား)အပါအဝင် စိန်ထည်ပစ္စည်းများ၊ မိုးကုတ်ရတနာလက်ဝတ်လက်စားများ၊ အိမ်ပိုင်ဆိုင်မှုစာရွက်စာတမ်းများ သိမ်းဆည်းထားသည့် မီးခံသေတ္တာ၊ ဒေါ်ဝါဝါသင်း အမည်ပေါက် ယာဉ်အမှတ်–FF/5741၊ အမျိုးအမည်–NISSAN WINGROAD NY12၊ အမျိုးအစား–STATION WAGON (4x4)(R)၊ ကာလာ–မီးခိုးရောင်၊ ကားတစ်စီးနှင့်ပတ်သက်၍ ဦးသော်သော်ထွန်း(ဘ)ဦးတောက်ထွန်းမြင့် ၉/မနမ(နိုင်)၀၀၅၇၈၉ကိုင်ဆောင်သူမှသော်လည်းကောင်း၊ အခြားတစ်စုံတစ်ဦးမှသော်လည်းကောင်း လာရောက်ရောင်းချခဲ့ပါက ဝယ်ယူမှုမပြုကြပါရန်နှင့် လာရောက်ဆက်သွယ်ရောင်းချလာပါက အကြောင်းကြားပေးပါရန်နှင့် ထိုသို့ရောင်းချမှုကို လက်ခံခဲ့လျှင်သော်လည်းကောင်း၊ လက်ခံမှုကို တမင်ထိမ်ချန်ထားခဲ့လျှင်သော်လည်းကောင်း နောက်ဆက်တွဲပြဿနာများကို ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

၁။ ဒေါ်ကြည်ကြည်အေး ၂။ ဒေါ်မြမြအေး ၃။ ဒေါ်ဟန်သီအေး

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်နှင်းစုလှိုင် (LL.B)**
**အထက်တန်းရှေ့နေ**
**(စဉ်–၅၁၂၃၇)**

**ဒေါ်ဆုမွန်ဖြိုး (LL.B)**
**အထက်တန်းရှေ့နေ**
**(စဉ်–၅၁၈၃၃)**

**တိုက်အမှတ် (C–1)၊ ၄၂လမ်း၊ ၆၅ (B)လမ်း၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း–၀၉–၉၇၂၉၉၆၂၆၂၊ ၀၉–၇၉၈၆၁၄၉၄၈**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုအောင်သူရဟိန်း ၁၂/ဒပန(နိုင်)၀၅၃၅၉၈ ၏ သင်္ဘောသား မှတ်ပုံတင် လက်မှတ်ကတ်ပြား(SID) ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။
ဖုန်း–၀၉–၂၅၂၃၈၄၃၈၂

## ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝ တောတွေ ထိန်းသိမ်းစို့

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာန
## မွန်ပြည်နယ်
## အိတ်ဖွင့်တင်ဒါကြော်ငြာခေါ်ယူခြင်း

၂၀၂၁–၂၀၂၂ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်ကုသရေးဦးစီးဌာနအတွင်းရှိ ခရိုင်/မြို့နယ်ဆေးရုံများ၊ တိုက်နယ်ဆေးရုံများတွင် လိုအပ်သော ဓာတ်ခွဲခန်းနှင့် ဓာတ်မှန်ခန်းသုံးဆေးနှင့် ဆေးပစ္စည်းများ၊ Oxygen နှင့် Dialysis သုံးဆေးနှင့် ဆေးပစ္စည်းများနှင့် အခြား Consumable များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မွန်ပြည်နယ်ကုသရေးဦးစီးဌာနရုံးသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | – ၁၆–၈–၂၀၂၂ ရက် |
| **တင်ဒါပိတ်မည့်ရက်** | – ၃၁–၈–၂၀၂၂ ရက် |
| **တင်ဒါပိတ်မည့်အချိန်** | – ၄:၃၀ နာရီ |
| **ဆက်သွယ်ရမည့်တယ်လီဖုန်းနံပါတ်** | – ၀၉–၅၃၂၁၀၈၅၊ ၀၅၇–၂၇၁၈၇ |

**တင်ဒါခေါ်ယူရေးအဖွဲ့**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာန**
**မွန်ပြည်နယ်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးတင်ထွဋ်
## လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊
## ယခင်ပြည်သူ့လွှတ်တော်ရုံး
## အသက် (၇၆)နှစ်

ယခင်ပြည်သူ့လွှတ်တော်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) ဦးတင်ထွဋ် အသက် (၇၆)နှစ်သည် ၁၄–၈–၂၀၂၂ ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးမျိုးသိန်း–ဒေါ်သီသီနွယ်**
**ဦးလှဝင်း–ဒေါ်ခင်အေးကြူ**
**ဦးမောင်မှူး–ဒေါ်ဝင်းဝင်းခိုင်**

## အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ အမှတ်(၁၀)၊ ရန်ကုန်–အင်းစိန်လမ်းမကြီး၊ (၄)လွှာတွင် နေထိုင်သူ ဒေါက်တာကျော်စိုးမိုး ၁၂/လသန(နိုင်)၀၀၁၂၅၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဒေါက်တာကျော်စိုးမိုး၏ဖခင်ဖြစ်သူ ဒေါက်တာမောင်ကိုမှာ ၁၃–၇–၂၀၁၄ ရက်တွင်လည်းကောင်း၊ အစ်မကြီးဖြစ်သူ ဒေါ်လွင်လွင်မော်သည် ၂၉–၁–၂၀၁၃ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားပြီဖြစ်ပါသည်။ တစ်ဖန် ၂၄–၇–၂၀၂၂ ရက်တွင် အမှတ်(၃၂/A)၊ ပြည်လမ်း ၁၁ ရပ်ကွက်၊ လှိုင်မြို့နယ်တွင်နေထိုင်သူ မိခင် ဒေါ်မြင့်မြင့် ကွယ်လွန်သွားခဲ့ပါသည်။ ထို့ကြောင့် မိဘနှစ်ပါးကွယ်လွန်သွားသောအခါ အမွေဆိုင်မောင်နှမများအဖြစ် ဒေါ်အေးအေးမော်၊ ဒေါ်မာလာမော်နှင့် ဒေါက်တာကျော်စိုးမိုးတို့သာ ကျန်ရစ်ပါသည်။ အမွေကျန်ပစ္စည်းများမှာ (၁) အမှတ်(၃၂/A)၊ ပြည်လမ်း၊ ၆ ၁/၂မိုင်ရှိ (၃၉'x၁၂၂')ရှိ မြေကွက်နှင့် တစ်ထပ်တိုက်တစ်လုံး၊ (၂) မိခင်အမည်ဖြင့် စာရင်းဖွင့်လှစ်ထားရှိသည့် KBZ Bank စာအုပ်ရှိ ၂၀၁၀ ပြည့်နှစ်မှစ၍ လက်ကျန်ငွေများ၊ (၃) မိခင်နှင့် ဒေါ်အေးအေးမော် အမည်ဖြင့် ပူးတွဲဖွင့်လှစ်ထားသည့် MWD Bank ငွေစာရင်းပါ ၂၀၁၀ ပြည့်နှစ်မှစ၍ ရှိနေခဲ့သည့် လက်ကျန်ငွေများ၊ (၄)မိခင်အသုံးပြုခဲ့သည့် စိန်တစ်ပွင့်စိန်နားကပ်အသန့် (၁)စုံ၊ နားကပ်–လက်စွပ် ခန့်မှန်းကာလတန်ဖိုး စုစုပေါင်းကျပ်သိန်း ၁၅၀၀၊ ၉–ရတီနီးပါးနှင့် စိန်–မြလက်စွပ်တစ်ကွင်း၊ (၅) ၂၀၁၉ ခုနှစ်တွင် မိခင်ရောင်းချထားခဲ့သော အမှတ်(၁၀)၊ အင်းစိန်လမ်း၊ (၉) ရပ်ကွက်၊ လှိုင်မြို့နယ်၊ (မြေညီ–ပထမထပ်–ဒုတိယထပ်)သုံးခန်း၊ ရောင်းရငွေကျပ်သိန်း ၅၅၀၀ကျော်၊ (၆) လက်ရှိအသုံးပြုနေသည့် Toyota MARK II ရွှေငါး၊ 2001 မော်ဒယ်လ်၊ 1D/1114 ကားနှင့်တကွ ရွှေ့ပြောင်း၊ မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများ ကျန်ရစ်ခဲ့ပါသည်။ ယခုအခါ အမွေဆိုင်နှစ်ဦးဖြစ်သော ဒေါ်အေးအေးမော်နှင့် ဒေါ်မာလာမော်တို့က တစ်စုံတစ်ရာညှိနှိုင်းခြင်းမရှိဘဲ၊ အမွေခွဲဝေရန်လည်းမရှိဟု ပြောဆိုလျက်ရှိပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ ရွှေ့ပြောင်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို ဒေါက်တာကျော်စိုးမိုး ခွင့်ပြုချက်မရှိဘဲ မည်သူကမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ ငှားရမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် ပြောင်းလဲအသုံးပြုခြင်းကို မပြုလုပ်ရန်အတွက် သတိပေးကြေညာအပ်ပါသည်။ အကယ်၍ ပြုလုပ်ပါက ပြုလုပ်သူများအားလုံးကို ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ဒေါက်တာကျော်စိုးမိုး**
**၁၂/လသန(နိုင်)၀၀၁၂၅၅**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးချစ်လွင် (ADVOCATE)**
**B.COM(A.A), D.E.P; R.L.**
**တရားလွှတ်တော်ရှေ့နေ**
**(၂၈၅၉/၁၉–၁၁–၁၉၈၄)**
**အမှတ်(၁၉)၊ ၁၂၇–လမ်း၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်**
**ဖုန်း–၀၉–၄၂၀၁၂၄၁၄၉၊ ၀၁–၂၉၇၈၃၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ပဲခူးစုရပ်ကွက်၊ အထက(၃) ကျောင်းအနီး၊ လမ်းသစ်လမ်း၊ အမှတ်(၁၁)ရှိ ဧရိယာ (၄၀ပေ x ၆၀ပေ)မြေကွက်နှင့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော သုံးပေနှစ်ခန်း၊ နှစ်ထပ်တိုက်ခံ သွပ်မိုးနေအိမ်နှင့် နေအိမ်တွင်တပ်ဆင်ထားသော လျှပ်စစ်မီတာ၊ ရေစက်အပါအဝင် မြေပေါ်ရှိ အကျိုးခံစားခွင့် အားလုံးတို့အား လက်ရှိနေထိုင်ပိုင်ဆိုင်သူ ဦးမင်းဆွေ ၁၂/အစန(နိုင်)၀၆၀၁၀၅–ဒေါ်အေးအေးသင်းတို့က ကျွန်ုပ်မိတ်ဆွေ ဦးနေမျိုးထွန်း–ဒေါ်မို့မို့လွင်တို့အား ၁၃–၈–၂၀၂၂ရက် စရန်ငွေပေးခြင်း ကတိစာချုပ် ချုပ်ဆိုရောင်းချထားပြီးဖြစ်ပါသည်။ မည်သူမဆို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တရားဝင်ပိုင်ဆိုင်မှုရရှိရန် အရောင်းအဝယ်စာချုပ်ကိုအပြီးသတ်ချုပ်ဆိုသွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးကျော်မြင့်သွယ်( LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၅၀၁)**
**ဖုန်း–၀၉–၄၅၃၇၇၁၈၂၄**

**ဦးဉာဏ်လင်းအောင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၁၂၂၃)**
**ဖုန်း–၀၉–၄၄၉၉၂၈၁၉၉**

**အမှတ်(၄၀၂)၊ဖိုးဝဇီရာလမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့**

# ပြင်ဆင်ဖတ်ရှုပါရန်

၁၄–၈–၂၀၂၂ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ သတ္တုတွင်းဦးစီးဌာန၏ အိတ်ဖွင့်တင်ဒါအမှတ်စဉ် – ၃/၂၀၂၂ ဖြင့် တင်ဒါခေါ်ယူခြင်းအတွက် တင်ဒါဖွင့်လှစ်မည့်ရက် ပြင်ဆင်သတ်မှတ်ခြင်း တင်ဒါကြော်ငြာတွင်ပါရှိသည့် တင်ဒါဖွင့်/ပိတ်မည့်ရက် ၂၂–၈–၂၀၂၂ ရက်နေ့ အစား **၂၇–၈–၂၀၂၂ရက်နေ့** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ မြတ်လေးနွယ် ၂ လမ်း၊ အမှတ် ၁၆၈(B–1)၊ (၁၂ပေခွဲ x၅၀ပေ)အကျယ်အဝန်းရှိ (၅ထပ်တိုက်) ၏ မြေညီထပ်၊ ခြေရင်းခန်း(တိုက်ခန်း)နှင့် တကွ ယင်းနှင့်စပ်လျဉ်းသော အကျိုးခံစားခွင့် အရပ်ရပ်အလုံး စုံကို ဦးဇာနည်လင်း ၁၂/ပဘတ(နိုင်)၀၂၆၀၉၀ နှင့် ဦးရဲနိုင်လင်း ၁၂/ပဘတ(နိုင်)၀၀၂၂၁၀ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အစရှိသည့် အခွင့်အရေးတစ်စုံတစ်ရာရှိကြောင်း ကန့်ကွက်လိုပါလျှင် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဥပဒေနှင့် ညီညွတ်သော အခြားနည်းလမ်းတစ်ရပ်ရပ်နှင့်ဖြစ်စေ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မှုတစ်စုံတစ်ရာမရှိခဲ့ပါလျှင် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ဆန်းမြင့်**
**အထက်တန်းရှေ့နေ(စဉ်–၄၁၅၃၆)**
**အမှတ်(၅၆)၊ ၆လွှာ(A) (၁၃၃)လမ်း၊ ပုဏ္ဏားကုန်းရပ်ကွက်၊တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း–၀၉– ၈၈၇၇၇၇၈၄၄၊ ၀၉–၈၈၇၇၇၇၈၅၅**

## ဦးမြင့်သိန်း (ခ) ကိုဟိုက်တင်
## ထောက်ကြန့်
## အသက် (၆၀)

ရန်ကုန်မြို့၊ ထောက်ကြန့်မြို့နေ (ဦးစာရေးလေး–ဒေါ်စောကျင်) ဖိုက်စတားစတိုးတို့၏ စတုတ္ထသား၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ မင်းရဲကျော်စွာကွန်ဒို၊ အခန်း (၇၀၅)နေ ဒေါ်မြမြဝင်း၏ ချစ်လှစွာသော ခင်ပွန်း၊ မအိသဉ္ဇာသိန်း၊ မဆုမြတ်နိုးသိန်း၊ မောင်ကောင်းမင်းခန့်တို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီးသည် ၁၂–၈–၂၀၂၂ ရက် နံနက် ၃:၂၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထောက်ကြန့်မြို့ မြို့ရှောင်လမ်း သုသာန်တွင် ဂူသွင်း သင်္ဂြိုဟ်ပြီးစီးပါကြောင်း မိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးမြင့်သိန်း (ခ) ကိုဟိုက်တင်
## ထောက်ကြန့်
## အသက် (၆၀)

ရန်ကုန်မြို့နေ ဦးခင်မောင်–(ဒေါ်သန်းကြည်)တို့၏ သားသမက်၊ (ဦးထွန်းမြင့်)–ဒေါ်အေးမြင့်သန်း၊ ဦးမောင်စိုး–ဒေါ်မာလာမြင့်၊ ဦးအောင်ဉာဏ်–ဒေါ်အေးမြင့်ရီ၊ ဦးသန်းဦး–ဒေါ်တင်တင်ခိုင်တို့၏ညီ/မောင်၊ ဦးခင်မောင်ဇော်–ဒေါ်ဆွေဆွေ၊ ဦးဇော်မျိုးထွဋ်–ဒေါ်ဝေဝေလွင်တို့၏အစ်ကို၊ တူ/တူမ ၁၅ ယောက်တို့၏ချစ်လှစွာသော ဦးလေးသည် ၁၂–၈–၂၀၂၂ ရက် နံနက် ၃:၂၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထောက်ကြန့်မြို့ မြို့ရှောင်လမ်း သုသာန်တွင် ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမောင်နှမတစ်စု**

## ဦးမြင့်သိန်း (ခ) ကိုဟိုက်တင်
## ထောက်ကြန့်
## အသက်(၆၀)

ရန်ကုန်မြို့၊ ထောက်ကြန့်မြို့နေ (ဦးစာရေးလေး–ဒေါ်စောကျင်) ဖိုက်စတားစတိုးတို့၏စတုတ္ထသား၊ (ဦးချိန်တီး)–ဒေါ်ရင်ရင်အေးတို့၏မောင်၊ ဦးသောင်းထိုက်–မစန်းစန်းလွင်၊ ဦးလှမြင့်–ဒေါ်အေးအေးမွန်၊ ဦးစိုးမြင့်–ဒေါ်စန်းစန်းသွင်တို့၏ညီ၊ ဦးမြင့်လွင်–ဒေါ်ကျင်နုတို့၏အစ်ကို၊ တူ/တူမ ၁၅ ယောက်တို့၏ချစ်လှစွာသော ဦးလေးသည် ၁၂–၈–၂၀၂၂ ရက် နံနက် ၃:၂၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထောက်ကြန့်မြို့ မြို့ရှောင်လမ်း သုသာန်တွင် ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမောင်နှမတစ်စု**

## အိတ်ဖွင့်တင်ဒါအမှတ်စဉ် - ၃/ ၂၀၂၂ ဖြင့်တင်ဒါခေါ်ယူခြင်းအတွက် တင်ဒါဖွင့်လှစ်မည့်ရက် ပြင်ဆင်သတ်မှတ်ခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနမှ ကတ်သုတ်ကြေးနီ (၅၀၀၈.၅၇၄) မက်ထရစ်တန်၊ (21)Lot အား အမေရိကန်ဒေါ်လာဖြင့် အိတ်ဖွင့်တင်ဒါ ခေါ်ယူရောင်းချခြင်းအတွက် တင်ဒါဖွင့်လှစ်ရန် အသိပေးကြေညာထားသည့် ၂၁–၇–၂၀၂၂ ရက်နေ့နှင့် ၃၀–၇–၂၀၂၂ရက်နေ့တို့သည် အများပြည်သူ အလုပ်ပိတ်ရက်များတွင် ပါဝင်ခဲ့သဖြင့် ၂၀–၈–၂၀၂၂ရက်နေ့၌ တင်ဒါဖွင့်လှစ်ဆောင်ရွက်မည်ဖြစ်ကြောင်းကို နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းကြော်ငြာခဲ့ပါသည်။

၂။ သို့ရာတွင် တင်ဒါဖွင့်လှစ်မည့် ၂၀–၈–၂၀၂၂ရက်နေ့သည် တိုးမြှင့် သတ်မှတ်ထားသော အများပြည်သူ အလုပ်ပိတ်ရက်များတွင် ပါဝင်နေပါသဖြင့် တင်ဒါဖွင့်လှစ်ခြင်းကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ရွှေ့ဆိုင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(က) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** – ၂၇–၈–၂၀၂၂ရက် (၁၄:၀၀)နာရီ

(ခ) **တင်ဒါဖွင့်လှစ်မည့်ရက်နှင့် အချိန်** – ၂၇–၈–၂၀၂၂ရက် (၁၅:၀၀)နာရီ

၃။ အသေးစိတ်သိရှိလိုပါက ဓာတ်သတ္တုဖွံ့ဖြိုးရေးဌာနခွဲ၊ သတ္တုတွင်းဦးစီးဌာန သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၉)၊ နေပြည်တော်၊ ၀၆၇–၃၄၀၉၃၇၈နှင့် ၀၆၇–၃၄၀၉၃၇၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**သတ္တုတွင်းဦးစီးဌာန**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 67W/53102, Honda Click– 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးမြတ်မွန် ၁၄/ဟသတ(နိုင်)၂၃၇၆၂ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

# (၁)လပြည့် လွမ်းဆွတ် သတိရခြင်း

## ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူ ကျော်ဝင်း(ငြိမ်း)

## (၁၅-၇-၂၀၂၁) မှ (၁၅-၈-၂၀၂၁)

ကျေးဇူးရှင်ဖခင်ကြီး ကွယ်လွန်ခဲ့သည်မှာ ၁၅-၈-၂၀၂၁ ရက်တွင် (၁)လပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ ကွယ်လွန်သွားတာ (၁)လပြည့်သွားပေမယ့် ယနေ့တိုင် သက်ရှိထင်ရှားရှိနေတယ်လို့ ထင်ယောင်နေဆဲပါ။ ကျန်ရစ်သူ သားသမီးမြေးများမှ ဖခင်ကြီးအား ရည်စူး၍ ကုသိုလ်ကောင်းမှုများ ပြုလုပ်ပေးနေပါတယ်။ ယခုဘဝတစ်လျှောက်လုံးမှာ ဒါနကုသိုလ်ကောင်းခဲ့တဲ့ ဖခင်ကြီး မြင့်မြတ်တဲ့ဘုံဘဝမှ ကုသိုလ်ကောင်းမှု အစုစုအတွက် သာဓုခေါ်ဆိုနိုင်ပါစေ။

**အဖေ့ကိုချစ်သော သားသမီးများနှင့်**
**ဘိုးဘိုးကြီးကိုချစ်သောမြေးများ**

# ဘုရား၊ ရဟန်း ဒါယိကာမကြီး

# ဒေါ်အေးကြင်(မိကျောင်းရဲမြို့)

## အသက် (၉၄)နှစ်

မကွေးတိုင်းဒေသကြီး၊ မိကျောင်းရဲမြို့၊ (ပဒုမ္မာရွှေကြာတိုက်၊ ဒေါ်ကြင်လှဆေးလိပ်)နေ(ဦးဝင်းကက်-ဒေါ်ကြင်လှ)တို့၏သမီးကြီး၊ (ဦးမောင်စိန်-ဒေါ်သာလိ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် ၆၈၁နေ (ဦးဘခိုင်)၏ ချစ်လှစွာသောဇနီး၊ ဗိုလ်မှူးဝင်းဦးခိုင်(ငြိမ်း)-ဒေါ်သဇင်ချစ်(အထပြ၊ ငြိမ်း)၊ (မတင်မာခိုင်)၊ဦးသက်ထွန်းခိုင်[Chief Surveyor, Geomotion (S)Pte Ltd.Singapore] -ဒေါ်ခင်စန်းဝေတို့၏မိခင်၊ ဒေါက်တာခိုင်ရွှေဇင်ဦး၊ ဒေါက်တာကောင်းထက်ဦး၊ ဒေါက်တာဟိန်းထက်ဦး၊ မဟေသီသက်ထွန်း [SMU University(SG)]၊ မကေသရီသက်ထွန်း [ SMU University(SG)]တို့၏ အဘွားသည် ၁၄-၈-၂၀၂၁ရက်(စနေနေ့) နံနက် ၆:၅၅နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းသွားပါသဖြင့် ယင်းနေ့ နံနက် ၁၁:၄၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဦးထွန်းထွန်းကို

### သင်္ဘောအင်ဂျင်နီယာ(F.G)

### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ၂၈A, ၃၂ရိပ်သာလမ်း၊ ဖမိုင်ခွဲနေ (ဦးကိုကို-ဒေါ်လှလှမြ)တို့၏ သား၊ Dr.မေပြုံးလွင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်ကျော်ခိုင်-Dr. ချိုချိုဦး၏ မောင်၊ ဒုဗိုလ်မှူးကြီးရဲဝင့်မောင်-ဒေါ်ခင်ခင်ပြုံး၊ Capt.သွင်အောင်သန့်-ဒေါ်မိမိမော်တို့၏ အစ်ကို၊ မောင်ဇင်မင်းထက်၊ မမေမိုးပွင့်ကျော်၊ မောင်ထွဋ်မိုးအောင်တို့၏ ဦးလေးသည် ၁၂-၈-၂၀၂၁ရက် ည ၁၁:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၂၁ရက် မွန်းလွဲ ၁:၃၀နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ကျောင်းဒါယကာကြီး

### ဦးအေးမောင်

**Electrical Engineer (New Zealand), HGP,B.A Psychology**

**ပြင်ဦးလွင် စက်မှုအထက လ/ထနည်းပြ(ငြိမ်း)၊**

**Ex UNV Specialist**

**အသက်(၇၇)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မြစ်ငယ်မြို့နေ (ဦးအုန်းရွှေ-ဒေါ်လှခင်)တို့၏သား၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်နေ (ရွှေမောင်းဦးငွေ-ဒေါ်သန်းမြ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျောင်းကုန်းလမ်း၊ အိမ်အမှတ်(၂၃/၃လွှာ)နေ ဒေါ်ညွှန့်ညွှန့်ဝေ (နတ်မောက်/ပြင်ဦးလွင် စက်မှုအထက လ/ထနည်းပြ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာဇီဇဝါအေးမောင်၊ ဗိုလ်မှူးအာကာအေးမောင်-ဒေါ်သီရိညှူ တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မောင်ဝေယံမြင့်မြတ်မောင်၊ မဟိန်းသီရိသက်စံတို့၏အဘိုး၊ မြစ်ငယ်မြို့နေ (ဦးတာဓံ)၊ ရန်ကုန်မြို့နေ(ဦးမြသိန်း-ဒေါ်ခင်မြင့်သိန်း)၊ (ဦးအေးမြင့်)၊ (ဒေါ်ခင်စန်းမြင့်)၊ ဒေါက်တာအောင်ထွဋ်-ဒေါ်ခင်လှရီ၊ ဒုတိယဗိုလ်မှူးကြီးသိန်းဟန်(ငြိမ်း)-ဒေါ်ခင်ဝင်းကြည်၊ ဒေါက်တာဇော်မျိုးအောင်-ဒေါက်တာဒေါ်ယဉ်ယဉ်မေတို့၏ ညီ/မောင်၊ တူ/တူမ ၁၀ ယောက်တို့၏ဦးလေးဖြစ်သူ ဦးအေးမောင်သည် ၁၄-၈-၂၀၂၁ ရက်တွင် သန်လျင်မြို့နယ်ရှိ အမှတ်(၂၂) တပ်မတော်ဆေးရုံ ခုတင်၁၀၀တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးများနှင့် မိတ်ဆွေအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဦးတင်လှိုင်

### (အငြိမ်းစားကျောင်းဆရာကြီး)

### တပ်ကုန်းမြို့၊ နေပြည်တော်

### အသက်(၉၁)နှစ်

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ အောင်စိုးမိုးလမ်း၊ အမှတ် (၁၄၇)နေ (ဒေါ်လှမြင့်)၏ခင်ပွန်း၊ ဒေါက်တာသင်းသင်းလှိုင်(သားဖွား/မီးယပ်အထူးကုဆရာဝန်ကြီး)၊ ဦးဝင်းနိုင်၊ ဒေါ်မိုးစန္ဒာလှိုင်၊ ဒေါက်တာထူးအောင်-ဒေါက်တာနီလာလှိုင်(တော်ဝင်နီလာဆေးရုံ)တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မြေး(၄)ယောက်တို့၏အဘိုး ဦးတင်လှိုင်(အငြိမ်းစားကျောင်းဆရာကြီး) အသက်(၉၁)နှစ်သည် ၁၃-၈-၂၀၂၁ ရက် နံနက် ၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ယင်းနေ့ ညနေ ၃:၀၀ နာရီတွင် တပ်ကုန်းမြို့၊ တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟများကို အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### (၁)လပြည့်လွမ်းဆွတ်သတိရခြင်း

### ဒေါ်မြင့်နွယ်

### စစ်ကွင်းအသင်း

### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ အမှတ်၇၄/က(၈)ရပ်ကွက်၊ မြို့သစ်အင်းစိန်၊ ရွှေဝါလမ်းမ၊ ဘုရင့်နောင်လမ်းမကြီးနေ ကွယ်လွန်သူ (ဦးအောင်မြတ်)၏ဇနီး၊ ခေတ္တ စင်ကာပူနိုင်ငံနေ သားကြီး ဦးအေးကြွယ် (ကောင်းမြတ်နွယ်)-ဒေါ်ခင်သက်မော်(THAZIN SUCCESS MAGAZINE, THAZIN SUCCESS PTE LTD)၊ Dr.ဇော်ဝင်း ပါမောက္ခဌာနမှူး (မြန်မာစာဌာန) မြိတ်တက္ကသိုလ်-သမီးကြီးDr.ဝေဝေမြင့် ပါမောက္ခဌာနမှူး (ပထဝီဌာန) ပညာရေးတက္ကသိုလ် PISM၊ သား (ဦးသက်လွင်)၊ သား(ဦးကိုကိုဇော်)၊ (ဦးဝင်းမော်)-သမီး ဒေါ်နီနီမာ (ထိရောက်ကိုယ်ပိုင်အထက်တန်းကျောင်း)၊ သား ဦးဝင်းမော်သန့်-ဒေါ်ချိုချိုစန်း၊ ဦးဝင်းကြည်-သမီး(ဒေါ်စုစုဝင်း)၊ ဦးအောင်ကျော်မိုး-သမီးထွေး ဒေါ်ညိုသန့်ထွေးတို့၏ ချစ်လှစွာသောမိခင်၊ မြေး(၁၂)ယောက်၊ မြစ်(၄)ယောက်တို့၏ အဘွားသည် ၁၆-၇-၂၀၂၁ရက်တွင် ကွယ်လွန်သွားပြီးဖြစ်ပါသည်။ ၁၅-၈-၂၀၂၁ရက်တွင် တစ်လပြည့်ပြီဖြစ်ပါသဖြင့် ကျန်ရစ်သူမောင်နှမများက ရတနာကံကြီးကျောင်းတိုက်မှ သံဃာတော်များအား နေ့ဆွမ်းကပ်လှူ အောက်မေ့ရေစက်ချအမျှဝေမည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား Onlineသာဓုအနုမောဒနခေါ်နိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဗိုလ်ကြီးတင်လှိုင်(ငြိမ်း)

**BE ME**

**နတ်တလင်း**

**အသက်(၈၉)နှစ်**

နတ်တလင်းမြို့နေ (ဦးခင်မောင်-ဒေါ်လှအေး)တို့၏သား ၊ (ဦးသိန်းမောင်-ဒေါ်နု) တို့၏သားသမက်၊ ဦးမျိုးဆက်(NOL)-ဒေါ်မာလာဝေ၊ ဦးမျိုးထွဋ်-(ဒေါ်မိုးမိုးစိုးလွင်)တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေးနှစ်ယောက်တို့၏အဘိုး၊ ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ (၁၄)ရပ်ကွက်၊ ကုန်းဘောင်(၁)လမ်း၊ အမှတ်(၂၀၂)နေ (ဒေါ်ကြည်ကြည်အေး)၏ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်ကြီးတင်လှိုင်(ငြိမ်း) အသက် (၈၉)နှစ်သည် ၁၃-၈-၂၀၂၁ရက် နံနက် ၅:၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက်၁၁နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဦးဝင်းလှိုင်(ခ) လူရာချန်

### အသက်(၈၀)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၁၂၃)၊ ၁၄လမ်းနေ ဒေါ်ခင်နွယ်နွယ်(ခ) လင်ရှုးလန်၏ ချစ်လှစွာသောခင်ပွန်း၊ မစုစန္ဒာလှိုင်(ခ)မမီးမီး၊ မောင်နေမင်းထွန်း၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင် ဦးဝင်းလှိုင်သည် ၁၂-၈-၂၀၂၁ရက် ည ၈:၅၂နာရီတွင် ကွယ်လွန်သွားပါသည်။ ၁၃-၈-၂၀၂၁ရက် နေ့လယ်၌ ထိန်ပင်သုသာန်တွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### (၁)လပြည့်လွမ်းဆွတ်သတိရခြင်း

### ဦးမျိုးညွန့်

**CDC-No.9471 3rd Engineer**

**အသက်(၆၈)နှစ်**

ဖေဖေကွယ်လွန်သည်မှာ ၁၅-၈-၂၀၂၁ရက်တွင် (၁)လပြည့်မြောက်ပြီဖြစ်သော်လည်း ကျန်ရစ်သူမိသားစုက လွမ်းဆွတ်သတိရလျက် ရည်စူးလှူဒါန်းသောကုသိုလ်အစုစုကို အမျှပေးဝေပါသည်။

ဖေဖေမြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

**ဇနီး-ဒေါ်နီလာမြတ်**
**သား-စောရန်နိုင်**

ကြီး မြန် သစ် ပင် စိုက် ပျိုး လျှင် စွမ်း အင် လည်း ရ ပြည် လည်း လှ

## ဝမ်းနည်းကြေကွဲခြင်း
### ဆရာကြီးမင်းကြေ့ရှိန်
### မြို့နယ်ပညာရေးမှူး(ငြိမ်း)
### အသက် (၈၉) နှစ်

စာဆိုတော်နေ့၊ အကန်တော့ခံသက်ကြီး စာပေပညာရှင်၊ စာရေးဆရာကြီး မင်းကြေ့ရှိန်သည် ၁၃-၈-၂၀၂၁ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်**
**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂)**

## ဝမ်းနည်းကြေကွဲခြင်း
### ဆရာကြီးမြတ်ဝေတိုး
### အထက်တန်းကျောင်းအုပ်ဆရာကြီး(ငြိမ်း)
### အသက် (၆၃) နှစ်

အမျိုးသားစာပေဆုရ၊ စာရေးဆရာ၊ တိုင်းရင်းသားယဉ်ကျေးမှု သုတေသနပညာရှင်၊ ဆရာကြီး မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)သည် ၁၃-၈- ၂၀၂၁ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်**
**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂)**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးထွန်းလှိုင်(B.A,BCS)
### ညွှန်ကြားရေးမှူး(ငြိမ်း)၊ သမဝါယမ ဦးစီးဌာန၊ ရန်ကုန်မြို့
### အသက်(၈၁)နှစ်

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်)၊ ပါမောက္ခချုပ်၊ ပါမောက္ခ ဒေါက်တာ လှလှဝင်း၏ဖခင်ဖြစ်သူ ဦးထွန်းလှိုင်(B.A, BCS)သည် ၁၀-၈-၂၀၂၁ရက် နံနက် ၁၁:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်၊ ဆရာ/ဆရာမများနှင့်ဝန်ထမ်းများ**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်သက်ရီ
### (လာပြီ လာပြီ ဒေါ်သက်ရီ JACOB)
### အသက် (၇၄)နှစ်

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီစာရင်းစစ် ဦးသက်နိုင်ဦး၏မိခင် ဒေါ်သက်ရီသည် ၁၃-၈-၂၀၂၁ရက်နေ့တွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

## ဗိုလ်မှူးမောင်မောင်ခင် (ငြိမ်း)
### စစ်တက္ကသိုလ်အပတ်စဉ် (၆)
### အထွေထွေမန်နေဂျာ(ငြိမ်း)
### မြန်မာ့မီးရထား
### အသက် (၈၄)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ မုံတော (တောင်)နေ (ဦးကံရှိ-ဒေါ်စောရှိ)တို့၏သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းပလာဇာ၊ အခန်းအမှတ် (၃-စီ)နေ (ဒေါ်ဝင်းဝင်း)၏ခင်ပွန်း၊ ဦးအောင်ကျော်နိုင်၊ ဒေါ်အေးအေးမြင့်၊ ဦးမြတ်သူ-ဒေါ်သီတာခင်၊ ဒေါ်နီလာခင်၊ ဒေါ်စန္ဒာခင် (ဂမုန်းပွင့်ကုမ္ပဏီလီမိတက်)တို့၏ဖခင်၊ မောင်ကောင်းထက်ကျော်၊ မအေးငြိမ်းသူ၊ မောင်ကျော်ဇင်ဟိန်း၊ မောင်နေဝင်းသူတို့၏ အဘိုးသည် ၁၃-၈-၂၀၂၁ရက်တွင် အာယုအင်တာနေရှင်နယ်ဆေးရုံကြီးတွင် (၈၄)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါ၍ ယင်းနေ့ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ရဟန်းအမကြီး
### ဒေါ်နီနီသိန်း
### အထက(၂) ဒဂုံမြို့မ(ငြိမ်း)
### အသက်(၈၃)နှစ်

ရန်ကုန်မြို့နေ (ဦးသိန်းတင်-ဒေါ်ခင်ကြည်)တို့၏သမီး၊ (ဦးရာရှိန်-ဒေါ်မြစိန်)တို့၏ချွေးမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၃)ရပ်ကွက်၊ ခေမာလမ်း၊ အမှတ်(၈၆၀)နေ ဦးသိန်းကြိုင်၏ချစ်လှစွာသောဇနီး၊ ဦးစုဝံကျော်-ဒေါ်ယုယုကြိုင်၊ ဒေါ်တင်မျိုးအေး၊ (ဦးဝင်းမြင့်အောင်)တို့၏ချစ်လှစွာသောမိခင်ကြီး၊ မထက်နန္ဒာကျော်၊ မောင်ဇေဘုန်းထက်နိုင်တို့၏အဘွားသည် ၁၃-၈-၂၀၂၁ ရက် (သောကြာနေ့) ညနေ ၄:၃၇နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်သို့ ညနေ ၅:၃၀နာရီတွင် ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်မြညွန့်
### မြရတနာအထည်ဆိုင်(မော်လမြိုင်မြို့)
### အသက်(၈၂)နှစ်

စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကိုကိုလွင်နှင့် ဇနီး ဒေါ်မြင့်မြင့်မော်တို့၏မိခင် ဒေါ်မြညွန့်သည် ၁၁-၈-၂၀၂၁ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေနှင့်ဇနီး ဒေါ်အေးသိင်္ဂီမြင့်**
**စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန**
**စက်မှုဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်မြညွန့်
### မြရတနာအထည်ဆိုင်(မော်လမြိုင်မြို့)
### အသက်(၈၂)နှစ်

စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကိုကိုလွင်နှင့် ဇနီး ဒေါ်မြင့်မြင့်မော်တို့၏မိခင် ဒေါ်မြညွန့်သည် ၁၁-၈-၂၀၂၁ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန**
**စက်မှုဝန်ကြီးဌာန**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးဖေသန်း(မန္တလေး)
### ပိဋကတ်တော် ပြန့်ပွားရေး
### အသက် (၈၃)နှစ်

မန္တလေးမြို့နေ(ဦးဘစိမ်း-ဒေါ်ကြည်ကြည်) ပိဋကတ်တော်ပြန့်ပွားရေးတို့၏သား၊ ရန်ကုန်မြို့နေ (ဒေါက်တာ နာယား-ဒေါ်သိန်းမေ)တို့၏သားသမက်၊ (ဒေါ်စန်းစန်းလွင်)၏ခင်ပွန်း၊ ကပ္ပတိန် အောင်ဖေသန်း(Raftles Shipping International Pte Ltd S'pore)-ဒေါ်ခင်လှနွယ်(ပိဋကတ်တော်ပြန့်ပွားရေးစာအုပ်ဆိုင်၊ ရွှေတိဂုံတောင်ဘက်မုခ်)၊ ဒေါက်တာလင်းဖေသန်း(တွဲဖက်ပါမောက္ခ-ငြိမ်း-သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်)-ဒေါ်ဝင်းမင်းပ၊ ဦးအုပ်စိုးဖေသန်း(Assistant Manager Fortune International Company)၊ ဦးဇင်ပိုင်ဖေသန်း-ဒေါ်ကေသီထွန်း(ရွှေနဂါးဆိုင်ကယ်အပိုပစ္စည်းရောင်းဝယ်ရေး-ရန်ကုန်)တို့၏ဖခင်၊မြေးရှစ်ယောက်တို့၏ အဘိုးသည် ၁၃-၈-၂၀၂၁ရက် ညနေ ၅:၀၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၂၁ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်လဲ့လဲ့ဝင်း
### အသက်(၆၉)နှစ်

မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြုပင်မဌာန (MLRC)ကျောင်းပြင်ပ အလယ်တန်းပညာရေး(NFME)အစီအစဉ်တွင် Finance Assistance အဖြစ် တာဝန်ယူဆောင်ရွက်နေသော ဒေါ်လဲ့လဲ့ဝင်းသည် ၁၂-၈-၂၀၂၁ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။

**မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြုပင်မဌာန (MLRC)**

## ဦးဝင်းနိုင်(ခ)ဦးဆန်နီ(ညောင်ဦးမြို့)
### ဥက္ကဋ္ဌ၊ မူဆယ်သူ အဆင့်မြင့် ခရီးသည်ပို့ဆောင်ရေးအသင်း
### အသက် (၆၅)နှစ်

မန္တလေးမြို့၊ ရဲမွန်တောင်ရပ်နေ ဒေါ်ခင်မေရီ [လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း)စာရင်းစစ်ချုပ်ရုံး]၏ခင်ပွန်း၊ ညောင်ဦးမြို့၊ ကံသာရပ်နေ(ဦးအောင်ငွေ-ဒေါ်ခင်စန်းမြင့်)တို့၏သား၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်ဘုရားလမ်းနေ(ဦးငယ်-ဒေါ်ခင်မိမိကလေး)တို့၏သားသမက်၊ ဦးရဲဒင်-ဒေါ်သန်းသန်းနု၊ ဦးဝင်းခိုင်-ဒေါ်နွဲ့နွဲ့မူ၊ ဦးတင်ငွေ-ဒေါက်တာ ခင်သီတာ၊(ဦးစိုးမြင့်)-ဒေါ်ခင်နီလာ၊ ဒေါက်တာဝင်းဆွေ-ဒေါ်ချိုချိုအောင်၊ (ဦးသက်ခိုင်)၊ ဦးကျော်စိုး-ဒေါ်ခင်သူဇာ၊ ဦးမောင်မောင်သန်း-ဒေါ်ဘေဘီဝင်းတို့၏ မောင်/ညီ/အစ်ကို၊ ကိုရဲလင်းအောင်(ဦးစီးအရာရှိ၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှု သင်တန်းကျောင်း)-မနှင်းဝေမွန်၊ ဗိုလ်ကြီးစိုးမိုးထွန်းတို့၏ကျေးဇူးရှင် မွေးသဖခင်ကြီး၊ မောင်စစ်ပိုင်ဦး၊ မောင်သုတဇော်တို့၏ အဘိုးသည် ၁၃-၈-၂၀၂၁ရက် (သောကြာနေ့) နံနက် ၂:၂၀နာရီတွင် (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် မန္တလေးမြို့၊ တောင်အင်း မြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်အေးအေးလွင်
### လက်ထောက်ညွှန်ကြားရေးမှူး
### ပြန်လည်ထူထောင်ရေးဦးစီးဌာန
### အသက်(၅၆)နှစ်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ဝက်ထီးကန်)မှ စခန်းတာဝန်ခံ ဒေါ်အေးအေးလွင်(လက်ထောက်ညွှန်ကြားရေးမှူး) သည် ၁၄-၈-၂၀၂၁ရက် (စနေနေ့) နံနက် ၅:၅၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်**
**ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**ပြန်လည်ထူထောင်ရေးဦးစီးဌာန**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ရွှေတိဂုံစေတီတော်ဩဝါဒါစရိယ
### ဆရာတော် ဘဒ္ဒန္တ နန္ဒေဘာသ
### အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊
### အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ
### သိဂ္ဂိုဏ္ဍရပဝရသိရီမဟာဓမ္မရာဇ
### သက်တော်(၁၀၀)နှစ်၊ သိက္ခာတော်(၈၀)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ခြောက်ထပ်ကြီး၊ သိင်္ဂီကျောင်းတိုက်ဦးစီးနာယကဆရာတော်အဂ္ဂမဟာပဏ္ဍိတ၊အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ သိဂ္ဂိုဏ္ဍရပဝရသိရီမဟာဓမ္မရာဇဆရာတော် ဘဒ္ဒန္တနန္ဒေဘာသသည် (၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်) ၁၄-၈-၂၀၂၁ရက်(စနေနေ့) နံနက် ၁၀:၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်းကြားသိရပါသဖြင့် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့အတွက် ကြီးမားသော ဆုံးရှုံးမှုဖြစ်ကြောင်း ဦးခိုက်ပူဇော်ကန်တော့၍လေးမြတ်စွာ မှတ်တမ်းတင်အပ်ပါသည်။

**ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ဦးသိန်းအောင်
### သံဖြူဇရပ်မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
### (ပထမအကြိမ်)
### အသက်(၆၆)နှစ်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ ကြာကန်ရပ်ကွက်နေ ဒေါ်အေးစိန်၏ ချစ်လှစွာသောခင်ပွန်း၊သားသမီး(၈)ယောက်တို့၏ဖခင်၊ မြေး(၁၁)ယောက်တို့၏ အဘိုးဖြစ်သူ ဘုရား၊ ကျောင်းဒါယကာကြီး ဦးသိန်းအောင် အသက်(၆၆)နှစ်သည် ၁၂-၈-၂၀၂၁ရက်တွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်သင်းသင်းစိုး
### အသက် (၅၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်း၊ ရတနာလမ်း၊ အမှတ် ၂၆(က)နေ (ဦးစိုးလှိုင်-ဒေါ်နုနု)တို့၏သမီး၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာနေ ဦးသန်းငွေး-ဒေါ်ခင်သန်းဝင်း၊ (စာရေးဆရာမကြီး-ကြူကြူသင်း)တို့၏ သမီးချွေးမ၊ (ဦးဇော်လွင်ငွေး)၏ ချစ်လှစွာသောဇနီး၊ ကိုဟိန်းသီဟ၏ ချစ်လှစွာသောမိခင်၊ ဦးစိုးမင်းငွေး-ဒေါ်ယဉ်ယဉ်ထွန်းမင်းတို့၏မရီး ဒေါ်သင်းသင်းစိုးသည် ၅-၈-၂၀၂၁ ရက် (ကြာသပတေးနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၂၁ ရက် (သောကြာနေ့)တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးမောင်မောင်ခိုင်
### 2/E Myanmar Forward Oversea
### အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဦးတင်အေး (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်-ငြိမ်း)-ဒေါ်တင်လှတို့၏သား၊ ရွှေပြည်သာမြို့နယ်၊ ဦးအောင်ဇေယျလမ်း၊ (၈)ရပ်ကွက်၊ သုခပန်းခြံ၊ အမှတ် ၁၁၇(A) နေ (ဦးထွန်းရွှေ-ဒေါ်အုန်းမြိုင်) တို့၏သားသမက်၊ ဒေါ်မြမြဆွေ(ခ) မဝါဝါ၏ချစ်လှစွာသောခင်ပွန်း၊ မောင်ထူးလွင်ခိုင်၏ဖခင်၊ သန်လျင်မြို့နေ (ဦးစိုးမြင့်)-ဒေါ်တင်တင်စန်း (ဒေါ်တင်တင်စန်းသမီးများအထည်ဆိုင်)၏တူ၊ ဦးမောင်မောင်နိုင်-ဒေါ်ခင်အေးမွန်ဝင်း၊ ဦးမောင်မောင်မြိုင်(3/E Eastern Gyro Shipping)-(ဒေါ်စန်းစန်းထွေး)၊ ဦးတင်ထွဋ်(Multigate. Shipping Co.,Ltd)-ဒေါ်စိုးစိုးခိုင်၊ ဦးဝင်းမြိုင်စော (Gewin Maritime, Ltd)တို့၏အစ်ကိုသည် ၁၃-၈-၂၀၂၁ရက် (သောကြာနေ့) ညနေ ၃:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## သစ်ပင်
## နည်းလာ
## တို့ကမ္ဘာ
## လွန်စွာ
## ပူအေး
## ဥတုဘေး

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ဩဂုတ် ၁၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၃၄၁၉ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၁၉၉ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၃၀၇၈ ဦးရှိ

(၁၄-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့်-

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျတပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့နေအိမ်တွင် အသက် (၆၅) နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံးစသည့် နာတာရှည်ရောဂါတစ်ခုခု ခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့်နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၁၃-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၄-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၁၃,၀၃၄)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃,၄၁၉) ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၃၃၆,၈၆၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၃၅၁,၆၀၅) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄,၅၆၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၂၆၇,၇၄၀)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၉၉) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၃,၀၇၈) ဦး ရှိပါသည်။ *စာမျက်နှာ ၁၅ ကော်လံ ၁* ✻

## ပေါ့ဂ်ဘာနှင့် ဖာနန်ဒက်ဇ်တို့ ခြေစွမ်းပြမှုနှင့်အတူ လိဒ်စ်ကို ဂိုးပြတ်အနိုင်ယူခဲ့သည့် မန်ယူ

ပရီမီယာလိဂ်ပွဲစဉ် (၁) အဖြစ် မန်ယူနှင့် လိဒ်စ်အသင်းတို့ပွဲစဉ်ကို ဩဂုတ် ၁၄ ရက် ညပိုင်းက နာမည်ကြီး မန်ယူအသင်းနှင့် လိဒ်စ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူအသင်းက လိဒ်စ်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မန်ယူအသင်းသည် ယနေ့ပွဲစဉ်တွင် ဒီဂီယာ၊ မက်ဂွိုင်းယား၊ လင်ဒီလော့ဖ်၊ ဝမ်ဘစ်ဆာကာ၊ တွန်မီနေး၊ ဖရက်၊ ဂျိမ်းစ်၊ ဖာနန်ဒက်ဇ်၊ ပေါ့ဂ်ဘာ၊ ဂရင်းဝုဒ်တို့ဖြင့် ပွဲထွက်လာခဲ့သည်။ ပြိုင်ဘက် လိဒ်စ်အသင်းကလည်း အင်အားအတောင့်တင်းဆုံးဖြစ်သည့် မက်စီယာ၊ ဒါးလပ်စ်၊ ကူပါ၊ ကော့ချ်၊ ကလင့်ချ်၊ ဟာရီဆင်၊ ရိုဒရီဂို၊ ရာဖင်ဟာ၊ ဘမ်းဖို့ဒ်တို့ဖြင့် မန်ယူအသင်းကို ရင်ဆိုင်လာခဲ့သည်။ ယနေ့ပွဲစဉ်မစတင်မီတွင် မန်ယူအသင်းမှ ခံစစ်ကစားသမားသစ် ဗာရာနီသည် အသင်းပရိသတ်များနှင့်

*စာမျက်နှာ ၁၀ ကော်လံ ၁* ❍



လိဒ်စ်အသင်းဘက်သို့ ဂိုးသွင်းယူပြီးနောက် မန်ယူကစားသမားများ အောင်ပွဲခံနေစဉ်။

## ယနေ့ သတင်းအညွှန်း

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ မည်သည့်ဘဏ်ကိုမျှ ဒေဝါလီခံရန်၊ ပိတ်သိမ်းရန် ဆောင်ရွက်စရာ တစ်စုံတစ်ရာမရှိ**

ပြည်တွင်းသတင်း စာ - ၁၁

**ကိုဗစ်-၁၉ ရောဂါနဲ့ နောက်တစ်ဆင့် မြှင့်တင်ရတော့မယ့် တိုင်းရင်းဆေးအခန်းကဏ္ဍ**



ဆောင်းပါး စာ - ၁၈

**ကလေးမြို့နယ်၌ အကြမ်းဖက်သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲ၍ မီးရှို့ဖျက်ဆီးခဲ့သောတံတားကို သွားရောက်မီးငြိမ်းသတ်ပြီး ပြန်လည်ထွက်ခွာလာသည့် မီးသတ်ယာဉ် မိုင်းဆွဲတိုက်ခိုက်ခံရ**

ပြည်တွင်းသတင်း စာ - ၂၄